# ကြေးမုံ

**The Mirror Daily**

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 August 2017 (၉၀၂၂)


# နေပြည်တော်ကောင်စီနယ်မြေရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး မိုးကာလရရှိသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချရန်နှင့် အလေအလွင့်မရှိအောင်ထိန်းသိမ်းရန် မှာကြား

**နေပြည်တော် ဩဂုတ် ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးကျော်ဝင်း၊ ဦးသိန်းဆွေတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် ပေါင်းလောင်းဓာတ်အားပေးစက်ရုံသို့ရောက်ရှိကာ စက်ရုံမှူးက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အခြေအနေ၊ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ထားရှိမှု၊ စစ်တောင်းမြစ်ဝှမ်း၊ ပေါင်းလောင်းမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ပေါ်ရှိ ရေအားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတိုးသွင်က စစ်တောင်းမြစ်၊ ဧရာဝတီမြစ်များပေါ်၌ တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့်


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




**ပေါင်းလောင်းဓာတ်အားပေးစက်ရုံ ပုံစံငယ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကြည့်ရှုစဉ်။**

# မြန်မာ့ပုလဲရောင်းချပွဲ၌ နိုင်ငံပိုင်ပုလဲအတွဲ ၁၇၈ တွဲ ရောင်းချရပြီး ယူရိုငွေ ၁၅ သိန်းကျော်ရရှိခဲ့

**နေပြည်တော် ဩဂုတ် ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ Myanmar Pearl Auction (August-2017) ပုလဲရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးထပ်၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တင်ဒါအမှတ်(၁)မှ ပုလဲအတွဲ ၉၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြရောင်းချခဲ့ကြောင်း၊ တင်ပြပုလဲအတွဲ ၁၀၀ ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ညနေပိုင်းတွင် တင်ဒါအမှတ်(၂)မှ ပုလဲအတွဲ ၉၀ အား ရောင်းချခဲ့ရာ ပုလဲအတွဲ ၈၈ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲအပေါ်တွင် ၉၈ ရာခိုင်နှုန်း ရောင်းချရရှိခဲ့ကြောင်း သိရသည်။


**စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**





**အရောင်အဆင်းလှပပြီး အရည်လည်နေသည့် မြန်မာ့ပုလဲများကို တွေ့ရစဉ်။**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေနှင့် ဩရိဿကမ်းခြေတောင်ပိုင်းသို့ ရွေ့လျားခဲ့ပြီး ဆက်လက် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ကရင်ပြည်နယ်အတွင်း ကြံစိုက်ပျိုးမှု ကျယ်ပြန့်စေရေးအတွက် သကြားစက်တည်ဆောက်နိုင်ရေး ဆွေးနွေး

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ်တွင် ကြံစိုက်တောင်သူများ အကျိုးရရှိစေရေးသည် ဈေးကွက်တစ်ခုပင်ဖြစ်ရာ စိုက်ပျိုးသော ကြံများ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန် သကြားစက်တည်ဆောက် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ကြံစိုက်တောင်သူများနှင့် CrederaGroup ကုမ္ပဏီသည် ဩဂုတ် ၁၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်သည် ယခင်ကတည်းကပင် ကြံစိုက်ပျိုးတောင်သူများရှိခဲ့ပြီး နယ်မြေမငြိမ်းချမ်းခဲ့သော အခြေအနေအရ သကြားစက်ရုံတည်ဆောက်ရန် အခက်အခဲရှိကြောင်း၊ သကြားစက်တည်ဆောက်ပြီး သကြားထုတ်လုပ်နိုင်ရန် တောင်သူများ စိုက်ပျိုးသောကြံကို အသုံးပြုနိုင်မည်ဆိုပါက တောင်သူများအတွက် ဈေးကွက်ရ အကျိုးရှိနိုင်သဖြင့် စိတ်ဝင်စားပါကြောင်း၊ ပြည်နယ်တွင် ဈေးကွက်ဝင် ကြံစိုက်ပျိုးမှုများ လာပါက တောင်သူများ၏ ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Credera Group ကုမ္ပဏီမှ Mr. Gaurab Manghnani က အလားလာရှိသော ကြံစိုက်ပျိုးနိုင်ရန်အတွက် ကွင်းဆင်းလေ့လာ ကြည့်ရှုလိုခြင်းဖြစ်ပါကြောင်း၊ ကြံစက်ရုံ ပတ်ဝန်းကျင်တွင် လုံလောက်သော ကြံစိုက်ခင်းနှင့် ရေရရှိရန်လိုအပ်ပြီး ရရှိနိုင်သော ဧကပေါ်မူတည်၍ အခြေအနေကို လေ့လာသုံးသပ်ပြီး စက်ရုံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပထမဦးဆုံးအနေဖြင့် အချက်အလက်များကို လေ့လာပြီး ပြည်နယ်အစိုးရ၏ လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားရာ ကြံစိုက်တောင်သူများက ကြံစိုက်ပျိုးမှုအတွက် ဈေးကွက်ရှိ အကျိုးဖြစ်ထွန်းမည်ဆိုပါက ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် လက်ရှိ ဒေသအတွင်း စိုက်ပျိုးနိုင်မှုနှင့် ဈေးကွက်အခြေအနေများကို အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများက ရေမြေရာသီဥတုနှင့် ကိုက်ညီသည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေဆီမြေနှစ်ပေါ်မူတည်၍ အခြေအနေများကိုသိရှိရန်အတွက် လှိုင်းဘွဲ့မြို့နယ် ကြံစိုက်ခင်းများသို့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း သုံးဖွဲ့အား ဇူလိုင် ၈ ရက်တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ယာယီတစ်နှစ်ခွင့်ပြုထုတ်ပေးခဲ့သည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်း ယာယီတစ်နှစ်လုပ်ကိုင်ရန် ထပ်မံလိုင်စင်ထုတ်ပေးသည့် အဖွဲ့အစည်းများမှာ ပြည်ပကုမ္ပဏီလီမိတက်အဖွဲ့အစည်း သုံးဖွဲ့ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ မိုရာကော့မိုက်ခရိုဖိုင်းနန့်(စ်) မြန်မာ ကုမ္ပဏီလီမိတက် (Morakot Microfinance Myanmar Co.,Ltd)၊ ဂျပန်နိုင်ငံမှ ရှင်ဝမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် (Shinwa Microfinance Co.,Ltd)နှင့် ပြင်သစ်နိုင်ငံမှ သစ္စာဥယျာဉ်ကုမ္ပဏီလီမိတက်တို့ဖြစ်သည်။ ယခုအချိန်အထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးပြီးသည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်း ငါးဖွဲ့၊ NGO အဖွဲ့အစည်း ၂၂ ဖွဲ့၊ ပြည်ပကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၃၅ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီလီမိတက်အဖွဲ့အစည်း ၁၀၃ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီလီမိတက်အဖွဲ့အစည်း သုံးဖွဲ့ စုစုပေါင်း ၁၆၈ ဖွဲ့ဖြစ်ကြောင်း သိရသည်။

ယင်းသို့ လိုင်စင်ထုတ်ပေးရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ၏ ဖွဲ့စည်းခြင်းဆိုင်ရာ ခိုင်မာမှု၊ အခြေခံလူတန်းစားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းရေရှည်တည်တံ့ပြီး ကျေးလက်မြို့ပြများကို နှံ့စပ်စွာဆောင်ရွက်နိုင်မှုများကို စံနှုန်းများအဖြစ် သတ်မှတ်လျက် ရွေးချယ်ရေးမူများဖြင့် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများနှင့်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဩဂုတ် ၁၉**

စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုမီအောင်က ကြိုးစားအားထုတ်မှုတိုင်းတွင် အောင်မြင်မှုရှိသည့် ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**(၅၈၀)**

# မြားမှုံ

## မဖြစ်မီက ကြိုတင်ကာကွယ်တားဆီး

မြန်မာနိုင်ငံတွင် ဇွန်လက စတင်ဖြစ်ပွားခဲ့သော ရာသီတုပ်ကွေးရောဂါနှင့်အတူ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ H1N1 ဖြစ်ပွားလာသည်မှာ ယခုအခါ နှစ်လကျော်နီးပါးကြာမြင့်ခဲ့ပြီဖြစ်သည်။ အဆိုပါရောဂါကို သက်ဆိုင်ရာဌာနက ရပ်တန့်သွားအောင် မထိန်းချုပ်နိုင်သေးသော်လည်း ရောဂါအရှိန်လျော့ကျသွားစေရန်အတွက် အထူးဂရုစိုက်အလေးထား ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။

ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဩဂုတ် ၁၉ ရက်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ရောဂါလက္ခဏာသံသယဖြင့် ဆေးရုံအသီးသီးတွင် ပြသသူ ၇၇၃ ဦးရှိပြီး Influenza A(H1N1) pdm 09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၈၈ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ တစ်ဦးမှစ၍ တရွေ့ရွေ့တိုးကာ ၂၉ ဦးအထိ သေဆုံးခဲ့ပြီးဖြစ်သည်။ ရောဂါဖြစ်ပွားမှုတွင် လူဦးရေအထူထပ်ဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတွင် ၃၆၀ ပြသခဲ့ပြီး ၈၃ ဦး အတည်ပြုကာ ခုနစ်ဦးသေဆုံးခဲ့သည်။

သံသယဖြစ်ပွားမှု ဒုတိယအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး ၈၈ ဦးပြသခဲ့ကြပြီး ၃၈ ဦး အတည်ပြုကာ သုံးဦးသေဆုံးခဲ့သည်။ သံသယဖြစ်ပွားမှု တတိယအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၈၀ ဦးပြသခဲ့ကာ ၃၇ ဦး အတည်ပြုပြီး ၁၁ ဦးသေဆုံးခဲ့သဖြင့် လူသေဆုံးမှုအများဆုံးဖြစ်သည်။ သံသယဖြစ်ပွားမှု စတုတ္ထအများဆုံးမှာ ချင်းပြည်နယ်ဖြစ်၍ ၆၆ ဦးပြသခဲ့ကြသော်လည်း သေဆုံးသူမရှိချေ။ အခြား ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် နေပြည်တော်တို့တွင် သံသယဖြစ်ပွားသူ၊ အတည်ပြုသူ၊ သေဆုံးသူတို့ရှိခဲ့သော်လည်း ကြီးကြီးမားမားဖြစ်ပွားမှုမရှိခဲ့ချေ။

အမှန်တကယ်တွင် အဆိုပါရာသီတုပ်ကွေးရောဂါဆန်းသည် မြန်မာတစ်နိုင်ငံတည်းဖြစ်နေသည်မဟုတ်ဘဲ အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံအချို့တွင် အမျိုးအစားတူ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည်ဟု သိရှိရသည်။ ဖြစ်ပွားနေသောနိုင်ငံများနှင့် နှိုင်းစာလျှင် စိုးရိမ်ဖွယ်ရာ အခြေအနေနည်းသေးသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါအတည်ပြုဖြစ်ပွားသူ ၁၂၀၆၀၊ အိန္ဒိယနိုင်ငံတွင် ၁၃၁၈ ဦး၊ နီပေါနိုင်ငံတွင် ၄၈၀၊ သီရိလင်္ကာနိုင်ငံတွင် ၃၇၃ ဦး၊ မော်လ်ဒိုက်နိုင်ငံတွင် ၂၈၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၇၄ ဦး ရောဂါကူးစက်ဖြစ်ပွားနေပြီး မြန်မာနိုင်ငံတွင် ယနေ့လက်ရှိကာလအထိ ရောဂါကူးစက်ဖြစ်ပွားနေသူ ၁၃၆ ဦးသာရှိသဖြင့် အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် နည်းပါးသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆိုပါရောဂါပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သောကုသမှုများရရှိစေရန် အထူးအလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ပူပန်စရာ မလိုအပ်သေးဘဲ ရောဂါဖြစ်ပွားသူများ၊ ရောဂါမဖြစ်သေးသူများတွင် ကိုယ်ခံအားကိုထိခိုက်လျော့နည်းစေသော အခြားသော ရောဂါအခံရှိသူများအနေဖြင့်သာ အထူးသတိထားနေထိုင်ကုသကြရန် လိုအပ်မည်ဖြစ်သည်။

ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချို၊ သွေးချို စသည့်ရောဂါများနှင့် ရာသီတုပ်ကွေးရောဂါပိုး အလွယ်တကူဝင်ရောက်နိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အဆိုပါရောဂါနှင့်ပတ်သက်၍ မဖြစ်မီက ကြိုတင်ကာကွယ်ခြင်း၊ သတိပြုနေထိုင်ခြင်းတို့ကို အမြဲအပြတ်ပြုလုပ်ကြရန်လိုအပ်ပြီး ရောဂါဖြစ်ပွားနေသူများအနေဖြင့် ဆေးရုံများတွင် အချိန်မီထိရောက်စွာ ကုသစောင့်ရှောက်မှုခံယူကြရန် လိုအပ်ပေသည်။

ထို့ကြောင့် ရာသီကာလအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မဖြစ်မီကသတိထားကာ ကြိုတင်ကာကွယ်ခြင်းဖြစ်သည့် ကိုယ်ခံအားကောင်းအောင် အားထုတ်နေထိုင်ကြရန် တိုက်တွန်းချင်ပါသည်။ ။


မြားမှုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်
ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်
ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၉**

နိုင်ငံနှင့်လူမျိုး၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာမြင့်မားစေရေးနှင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ခံယူလုပ်ဆောင်ရမည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ထားများ တိုးပွားရင့်သန်စေရေး အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲ (ရုပ်ရှင်၊ဂီတ၊သဘင်) တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန်စတင်ရာမှ ဒီမိုကရေစီရုပ်ရှင်ပွဲတော် ရက်သတ္တပတ်ဟူ၍ ဖြစ်လာကြောင်း၊ ထို့နောက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ ဝိုင်းဝန်းပါဝင်ကူညီလာကြသဖြင့် မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲ (ရုပ်ရှင်၊ ဂီတ၊ သဘင်) တို့ဖြင့် ခမ်းခမ်းနားနားကျင်းပရန် စီစဉ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်မည့် ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်၏အကြီးအကဲပုဂ္ဂိုလ်များနှင့် အနုပညာရှင်များ စုံလင်စွာတက်ရောက်ပြီး စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီ ပွဲတော်ကျင်းပရန် ပြည့်စုံပြီးစီးနေပြီဖြစ်ပါကြောင်း၊ စနစ်တကျဖြစ်စေရေးအတွက် ဦးဆောင်ကော်မတီ၊ ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဆောင်ရွက်နေသည့်အတွက်လည်း လုပ်ငန်းများတိုးတက်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ဆောင်ရန်ရှိသည်များကို ပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ဖွင့်ပွဲအခမ်းအနားကျင်းပရေးနှင့် ရုံတင်ပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ အငြိမ့်ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြား



ရေးမှူး (MI) ဦးရဲထွန်း၊ ဒါရိုက်တာ မောင်သီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဖိုးချစ်နှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ ဝင်းလိုက်ရုံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ကာလအတွင်း သရာစောထီး၊ တိမ်ပြာသောနေ့၊ ကြီးမြတ်သောမြန်မာ၊ နေခြည်မှာရွှေရည်လောင်း၊ ဒီမိုရပ်ကွက် စသည့် ရုပ်ရှင်ဇာတ်ကား ငါးကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံ ခုနစ်ရုံအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၄ ရုံတွင် ပြသသွားမည်ဖြစ်သည်။ ပဒေသာကပွဲကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ည ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ နာမည်ကျော်ကြားသည့် အနုပညာရှင်များပါဝင်ပြီး တေးသီချင်း၊ အော်ပရာပြဇာတ်၊ ရုပ်ရှင်ပြဇာတ်၊ နှစ်ပါးသွားများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံတွင် ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ လည်းကောင်း တစ်ရက်လျှင် ငါးဖွဲ့နှုန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဖိုင်နယ်တက်လာသည့် အဖွဲ့ခုနစ်ဖွဲ့ကို အထူးဆုအနေဖြင့် တစ်ဖွဲ့လျှင် ၁၀ သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ထိုအဖွဲ့များမှ ပထမ၊ ဒုတိယ၊ တတိယအပါအဝင် နှစ်သိမ့်ဆု၊ အကောင်းဆုံးအဖွဲ့လိုက်ဆု၊ အကောင်းဆုံးမင်းသမီးဆု၊ အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု၊ အကောင်းဆုံး ဆိုင်းအဖွဲ့ဆု၊ ပရိသတ်အကြိုက်ဆုံးဆု စသည်ဖြင့် ၁၀ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ကျပ်သန်း ၁၀၀ အောက်လုပ်ငန်းများ တင်ဒါခေါ်ယူရေးကိစ္စ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မောင်တော ဩဂုတ် ၁၉**

မောင်တောခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျပ်သန်း ၁၀၀ အောက်လုပ်ငန်းများ တင်ဒါခေါ်ယူရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက မောင်တောဒေသတွင် စီးပွားရေးဇုန်အဖြစ် ဧရိယာအလိုက် လျာထားပြီး လုပ်ငန်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေး၍ လုံခြုံရေးမှအစ စနစ်တကျ ဆောင်ရွက်ပေးမည်ဆိုလျှင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မောင်တောဒေသသို့ လာရောက်အလုပ်လုပ်လိုသည့် ရွှေ့ပြောင်းအလုပ်သမားများ ပေါ်ပေါက်လာပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသလုံခြုံရေးကိုပါ အထောက်အကူပြုမည်ဟု မျှော်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဇံက ပြည်ထောင်စုအစိုးရက တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါလုပ်ငန်းဖြင့်ဆောင်ရွက်သည့်အခါတွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါမူဝါဒများကို မသွေဖည်ဘဲ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် တင်ဒါကိစ္စများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများအလိုက် တင်ဒါခေါ်ယူရေးကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက်တင်ဒါခေါ်ယူရေး၊ တည်ဆောက်ရေးကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁၀၀ အောက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက နိဂုံးချုပ်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းနှင့် ဦးအောင်ကျော်ဇံတို့သည် မောင်တောမြို့နယ် ရပ်မိရပ်ဖများ၊ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မောင်တောဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-ကျော်ထူးမွန် (ခရိုင်ပြန်/ဆက်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ သုတဘဏ်စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်းကကြီးမှူး၍ သုတဘဏ်စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က အဖွင့်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ သဘာပတိ ဦးကြည်စိန်(မော်ဝန်းကြည်မြတ်)က ဆောင်ရွက်၍ ဟောပြောဆွေးနွေးလေ့လာရေးနှင့် တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)နှင့် အသင်းဒုတိယဥက္ကဋ္ဌ(၃) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က စာတမ်းနှင့် ပတ်သက်၍ မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် စာတမ်းရှင် ရွှေကူနန်းနွဲ့နွဲ့က "မြန်မာ့မဟာဂီတ အစနှင့်အဆုံးလေ့လာခြင်း" စာတမ်းနှင့် သုတေသီမောင်မောင်က "မြန်မာနိုင်ငံတွင် ဓာတ်ပြားခေတ်နေဝင်ချိန်" စာတမ်းတို့ကို ဖတ်ကြားကြသည်။ ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ဖြေကြားကြပြီး စာတမ်းရှင်များအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် အခြားလှူသုံးကုန်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများပါဝင်သော



ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်များအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်ခဲ့၍ အခက်အခဲဖြစ်နေသော ရေဘေးသင့်ပြည်သူများအား ပေးအပ်လှူဒါန်းရန် ကသာမြို့မဈေး၊ သီရိခမာဈေး၊ ပတ္တမြားဈေးများရှိ စေတနာရှင်အလှူရှင်များထံမှ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ဟင်းသီးဟင်းရွက်များနှင့် အခြား လှူသုံးကုန်ပစ္စည်းများကို သွားရောက်အလှူခံခဲ့ပြီး မြို့ပေါ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်အတွင်းမှ ရေဘေးသင့်၍ အခက်အခဲဖြစ်နေသည့် အိမ်ထောင်စု ၂၃၀ အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

ကြေးမုံ



# အာဖဂန်နစ္စတန်နိုင်ငံ၏ (၉၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**ကဘူး ဩဂုတ် ၁၉**

ဗြိတိသျှအုပ်စိုးမှုမှ လွတ်မြောက်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံ၏ (၉၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဩဂုတ် ၁၉ ရက်တွင် မြို့တော်ကဘူး၌ ကျင်းပသည်။

ယနေ့နံနက်တွင် မြို့တော်ကဘူးရှိ ကာကွယ်ရေးဝန်ကြီးဌာန ရုံးဝင်းအတွင်း ကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ အာဖဂန်နစ္စတန် သမ္မတ အာရှက်ဖ်ဂါနီ တက်ရောက်ပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဗလီမျှော်စင်တွင် ပန်းခွေချခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် တာလီဘန်သောင်းကျန်းသူများနှင့် အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေး (အိုင်အက်စ်)အဖွဲ့တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ်အတွင်း နိုင်ငံလုံခြုံရေးကို အေးချမ်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အသက်ပေးခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်သမ္မတက ချီးကျူးဂုဏ်ပြုခဲ့သည်။






ယင်းနေ့ နံနက်အစောပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံသား ဆယ်ကျော်သက်များနှင့် လူငယ်များက မြို့တော်ကဘူးရှိ လမ်းမများပေါ်တွင် မော်တော်ယာဉ်များ၊ စက်ဘီးများစီးနင်းကာ နိုင်ငံတော်အလံများ ဝှေ့ယမ်းချီတက်ကြသည်။

၁၉၁၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အာဖဂန်ဘုရင်အာမန်နူလာခန်၏ ဦးဆောင်မှုဖြင့် ဗြိတိန်နိုင်ငံထံမှ လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၄ ခုတွင် လွတ်လပ်ရေးနေ့အခမ်းအနားကို လုံခြုံရေးတင်းကျပ်စွာဖြင့် ကျင်းပခဲ့သည်။

**ရိုက်တာ။**

# ဆီးရီးယားနယ်စပ်ရှိ အိုင်အက်စ်တို့ကို လက်ဘနွန်တပ်ဖွဲ့များက ထိုးစစ်ဆင်

**ဘေရွတ် ဩဂုတ် ၁၉**

လက်ဘနွန်နှင့် ဆီးရီးယားနှစ်နိုင်ငံနယ်စပ် အရှေ့မြောက်ပိုင်းမှ ဆီးရီးယားနိုင်ငံပိုင်နက်အတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို လက်ဘနွန်ကြည်းတပ်ဖွဲ့များက ဩဂုတ် ၁၉ ရက်တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ထုတ်ပြန်ကြေညာခဲ့ပြီး လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း ဆီးရီးယားနိုင်ငံ နယ်စပ်ဒေသ ရှေ့တန်းရှိ အိုင်အက်စ်တို့ကို ချေမှုန်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

လက်ဘနွန်ကြည်းတပ်ဖွဲ့များက ဩဂုတ် ၁၉ ရက်ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဆီးရီးယားနှင့် လက်ဘနွန်နှစ်နိုင်ငံနယ်စပ်မှ ဆီးရီးယားဘက်ခြမ်းအတွင်းရှိ အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွများ နောက်ဆုံးထိန်းချုပ်ထားသည့် ဒေသအစိတ်အပိုင်းကို အမြောက်များ၊ ဒုံးကျည်များ၊ တိုက်ခိုက်ရေး ရဟတ်ယာဉ်များ အသုံးပြုကာ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းသို့ တိုက်ခိုက်ရာဒေသမှာ နယ်စပ်မြို့ ရက်စ်ဘက်ဆင်မြို့အနီးတွင်ဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်လုံခြုံရေးသတင်းများ၌ ဖော်ပြသည်။

လက်ဘနွန်ကြည်းတပ်က ပြုလုပ်သော ထိုးစစ်အတွင်း တောင်ကုန်းအချို့ကို သိမ်းယူနိုင်ခဲ့ပြီး တောင်ကုန်းများပေါ်၌ ကတုတ်ကျင်းများဖြင့် အခိုင်အမာနေရာယူထားသော အိုင်အက်စ်စစ်သွေးကြွများကို တွန်းလှန်ပစ်နိုင်ပြီး ၎င်းတို့အခြေခံစခန်းများအဖြစ် ပြုလုပ်ထားသော လိုဏ်ဂူများကို သိမ်းယူခဲ့သည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာတပ်ဖွဲ့များနှင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များကလည်း လက်ဘနွန်နှင့် ဆီးရီးယားနယ်စပ်တစ်လျှောက်ရှိ ကွာလာမွန်ဒေသတွင် အိုင်အက်စ်တို့အား ထိုးစစ်များဆင်ခဲ့ကြသည်။

ဟစ်ဇ်ဘိုလာတပ်ဖွဲ့ဝင်များသည် တွေ့ဆုံစည်းဝေးမှုများ ပြုလုပ်ကာ နိုင်ငံ၏ နယ်နိမိတ်အတွင်းရှိ အကြမ်းဖက်ဝါဒီများ၏ ခြိမ်းခြောက်မှုအား ဖယ်ရှားရန် ကတိပြုခဲ့ပြီး ဆီးရီးယားတပ်ဖွဲ့များနှင့် ပူးပေါင်းကာ တိုက်ခိုက်ခဲ့ကြောင်း ၎င်းအဖွဲ့ပိုင် ရုပ်မြင်သံကြားလိုင်းမာနာမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။

၎င်းထုတ်ပြန်ချက်တွင်မူ လက်ဘနွန် ကြည်းတပ်စစ်ဆင်ရေးနှင့်ပတ်သက်၍ လုပ်ဆောင်မှုကို ဖော်ပြခြင်း မရှိပေ။

လက်ဘနွန်စစ်ဘက်က ထုတ်ပြန်သော ကြေညာချက်တွင် အိုင်အက်စ်တို့အား ချေမှုန်းသည့် စစ်ဆင်ရေးတွင် ဟစ်ဇ်ဘိုလာ သို့မဟုတ် ဆီးရီးယားစစ်ဘက်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းမရှိဟု ဖော်ပြသည်။

**ဆင်ဟွာ။**



# ဒုံးကျည်သယ်ဆောင်သော ဂြိုဟ်တု တတိယအကြိမ်မြောက် ဂျပန်လွှတ်တင်

**ကျိုတို ဩဂုတ် ၁၉**

ဂျပန်နိုင်ငံက ၎င်း၏ တတိယအကြိမ်မြောက် ဒုံးကျည်သယ်ဆောင်နိုင်သော ဂြိုဟ်တုတစ်စင်းကို ဩဂုတ် ၁၉ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ၂ နာရီ ၂၉ မိနစ်တွင် ဂျပန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ The Tanegashima Space Center မှ H-2A ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့သည်။

အဆိုပါဂြိုဟ်တုသည် Michibiki No 3 ဒုံးကျည်ကို သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၂၈ မိနစ်အကြာတွင် ဂြိုဟ်တုပတ်လမ်းကြောင်း ထဲသို့ ဂြိုဟ်တု ရောက်ရှိသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလွှတ်တင်ခဲ့သည့် Michibiki No. 3 ဂြိုဟ်တုသည် မကြာမီနွေဦးကာလတွင် လွှတ်တင်မည့် No. 4 ဂြိုဟ်တုစနစ်၏ အစပထမဖြစ်သည်။

No. 3 ဂြိုဟ်တုတွင် အလိုအလျောက် လုပ်ဆောင်နိုင်သည့် စက်ပစ္စည်းများ အသုံးပြုထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေပြင်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ဂြိုဟ်တုမှ သတင်းအချက်အလက်များကို ရယူကာ ကယ်ဆယ်ရေးလုပ်ငန်းများ အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အွန်လိုင်းတရားရုံး တရုတ်နိုင်ငံတွင် ပထမဆုံး ဖွင့်လှစ်

**ပေကျင်း ဩဂုတ် ၁၉**

တရုတ်နိုင်ငံတွင် အွန်လိုင်းတရားရုံးကို ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။ အမှုနှင့်ပတ်သက်သူများသည် အဆိုပါတရားရုံးသို့ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ အင်တာနက်ဗီဒီယိုမှတစ်ဆင့် ဖြေရှင်းနိုင်သည်။ နိုင်ငံအတွင်း အွန်လိုင်းဈေးဝယ်မှုများနှင့် မူပိုင်ခွင့်ပြဿနာများ အငြင်းပွားမှုအရေအတွက် ပိုမိုများပြားလာသည့်အတွက် အဆိုပါအွန်လိုင်းတရားရုံးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျယ်ကျန်းစီရင်စုရှိ စီးပွားရေးအချက်အချာကျသော ဟန်ကျိုးမြို့တွင် ဩဂုတ် ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ တရားရုံး၌ အမှုများကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ပေးရန်အတွက် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တရားသူကြီးများအား ခန့်အပ်တာဝန်ပေးထားသည်။

တရားရုံးအနေဖြင့် တရားမမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအပါအဝင် အွန်လိုင်းဈေးရောင်း၊ဈေးဝယ်မှု၊ ငွေကြေးထောက်ပံ့မှုနှင့် မူပိုင်ခွင့်ပြဿနာအငြင်းပွားမှုများကို အဓိက ကိုင်တွယ်ဖြေရှင်းပေးရသည်။

စတင်ဖွင့်လှစ်ခဲ့သည့်နေ့တွင် ပထမဆုံးသော အမှုအဖြစ် စာရေးဆရာမတစ်ဦးက အိုင်တီကုမ္ပဏီတစ်ခုကို တရားစွဲဆိုသည့်အမှုကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။ တရားခွင်စစ်ဆေးမေးမြန်းမှုများကို အင်တာနက်ဗီဒီယိုဖိုင်မှတစ်ဆင့် လုပ်ဆောင်သည့်အတွက် အမှုသည်များအနေဖြင့် ပိုမိုထိရောက်လွယ်ကူကာ ငွေကုန်ကျမှု သက်သာစေသည်။

တရုတ်နိုင်ငံအတွင်း အင်တာနက်သုံးစွဲသူဦးရေ ၇၅၁ သန်းရှိပြီး ဖုန်းအင်တာနက်သုံးစွဲသူ ၇၂၄ သန်းရှိကြောင်း ဇွန်လနှောင်းပိုင်းက ကောက်ယူခဲ့သည့် စစ်တမ်းတစ်ရပ်အရ သိရသည်။

**အင်န်အိတ်ချ်ကေ။**

ကြေးမုံ





# အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် H1N1 အတွင်းလူနာသုံးဦးနှင့် အခြားဆေးရုံကြီးများတွင် အတွင်းလူနာ ၃၀ ဆက်လက်ကုသမှုခံယူ ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းလူနာ ၁၉၀ နှင့် ပြင်ပလူနာအဖြစ် ပြသသူ ၁၆ ဦးရှိကြောင်း သိရှိရ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ခြောက်ဦး ထပ်မံတိုးလာသော်လည်း ဓာတ်ခွဲအတည်ပြုသေဆုံးသူ တိုးလာခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့တွင် နိုင်ငံတစ်ဝန်း၌ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၇၃ ဦးရှိသဖြင့် ယမန်နေ့ကထက် ၂၆ ဦး ပိုလာခဲ့ပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ခြောက်ဦးထပ်မံတိုးလာသော်လည်း ဓာတ်ခွဲအတည်ပြု သေဆုံးသူတိုးလာခြင်း မရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီ အထိ ရာသီတုပ်ကွေးရောဂါ SEASONAL INFLUENZA A(H1N1) PDM09 သံသယလူနာ ၂၆ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင်H1N1 ပိုးတွေ့လူနာခြောက်ဦးတွေ့ရှိခဲ့ရပြီး ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီ အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (SEASONAL INFLUENZA A(H1N1) PDM09) ဖြစ်ပွားမှုအခြေအနေမှာအောက်ပါ အတိုင်းဖြစ်သည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူ လမ်းကြောင်း ပိုးဝင် ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A (H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၁၈ | ၁၄ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်း တိုင်းဒေသကြီး | ၂၂ | ၁၅ | ၁ |
| ၆ | တနင်္သာရီ တိုင်းဒေသကြီး | ၂၂ | ၁၆ | ၀ |
| ၇ | ပဲခူး တိုင်းဒေသကြီး | ၈၈ | ၃၈ | ၃ |
| ၈ | မကွေး တိုင်းဒေသကြီး | ၂၂ | ၁၄ | ၂ |
| ၉ | မန္တလေး တိုင်းဒေသကြီး | ၂၁ | ၁၆ | ၂ |
| ၁၀ | မွန်ပြည်နယ် | ၁၂ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၈ | ၃ | ၀ |
| ၁၂ | ရန်ကုန် တိုင်းဒေသကြီး | ၃၆၀ | ၈၃ | ၇ |
| ၁၃ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁၂ | ၃ | ၀ |
| ၁၄ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၅ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၆ | ၃ | ၁ |
| ၁၆ | ဧရာဝတီ တိုင်းဒေသကြီး | ၈၀ | ၃၇ | ၁၁ |
| ၁၇ | နေပြည်တော် | ၂၂ | ၁၇ | ၀ |
| | စုစုပေါင်း | ၇၇၃ | ၂၈၈ | ၂၉ |

H1N1 ပိုး တွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့ အထိသေဆုံးသူ စုစုပေါင်း ၂၀ ရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့လူနာအဖြစ် အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် အတွင်းလူနာ သုံးဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံကြီးများတွင် အတွင်းလူနာ ၃၀ စုစုပေါင်း ၃၃ ဦးဆက်လက်ကုသမှုခံယူ လျက်ရှိပြီး ရောဂါသက်သာကောင်းမွန်သဖြင့် ဆေးရုံဆင်းလူနာ ၁၉၀ နှင့် ပြင်ပလူနာအဖြစ် ပြသသူ ၁၆ ဦးရှိခဲ့ကြောင်း ယနေ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် သွေးတိုးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဩဂုတ် ၁၉**

စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် Mr. Awiad Hossain Consul (အသက် ၅၀ နှစ်)သည် စစ်တွေမြို့ရှိ ၎င်း၏ကောင်စစ်ဝန်ရုံးနေအိမ်၌ ယနေ့နံနက် ၄ နာရီတွင် သွေးတိုးရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း၊ ၎င်း၏ ရုပ်အလောင်းအား ကောင်စစ်ဝန်ချုပ်နှင့် ရုံးဝန်ထမ်းများက စစ်တွေဆေးရုံသို့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပို့ဆောင်ခဲ့ကြောင်း၊ ၎င်း၏ ရုပ်အလောင်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၃၆၀၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၃ ဦးနှင့် ဓာတ်ခွဲအတည်ပြုသေဆုံးသူ ခုနစ်ဦးရှိ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၃၆၀၊ Seasonal Influenza A(H1N1) pdm 09 virus ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၈၃ ဦးနှင့် ဓာတ်ခွဲ အတည်ပြုသေဆုံးသူခုနစ်ဦးရှိကြောင်း၊ ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီသတင်း အရ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် ဆေးရုံတက်ရောက် ကုသနေသော လူနာလေးဦးရှိပြီး ဩဂုတ် ၁၈ ရက်တွင် ဆေးရုံဆင်းလူနာမရှိကြောင်း ရန်ကုန် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီမြို့ မာမီဂိတ်အနီး မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား



**မြဝတီ ဩဂုတ် ၁၉**

မြဝတီမှဖလူး၊ အင်ကြင်းမြိုင်၊ မင်းလက်ပံမြို့နယ်များသို့ ဖောက်လုပ်ထားသော ကားလမ်းရှိ မာမီဂိတ်အနီးတွင် သောင်ရင်းမြစ်ရေတိုက်စားမှုကြောင့် ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီခန့်က မြစ်ကမ်းပါးပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါ ကားလမ်းနှင့် သုံးပေအကွာခန့်သာ ရှိတော့သည့်အတွက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က တာဝန်ရှိသူများနှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်။ မြဝတီခရိုင်မှတာဝန်ရှိသူ တစ်ဦးက "တလောကမိုးကြီးခဲ့ပြီး မြစ်ရေတိုက်စားလို့ အခုလိုကမ်းပါးပြိုကျသွားတာပါ။ ကားလမ်းနဲ့ဆို သုံးပေလောက်ပဲ ရှိတော့တာမို့ အင်ဂျင်နီယာတွေနဲ့ မျောတိုင်ငါးဆင့် စိုက်ပြီး ကျောက်တွေအမာခံအဖြစ် ထည့်ပြီး ချက်ချင်းဆောင်ရွက်သွားမှာပါ။ အခိုင်အမာဖြစ်အောင် ဘိလပ်မြေနဲ့ ကွန်ကရစ်ကိုင်ချင်ပေမယ့် နှစ်နိုင်ငံနယ်ခြား ကော်မတီစည်းမျဉ်းစည်းကမ်းတွေအရ လုပ်လို့မရသေးဘူး။ ယာယီတောင့်ခံပြီး ဆက်လက်မြေပြိုမှုမဖြစ်အောင် လောလောဆယ်ဆောင်ရွက်မှာပါ။ နောက်တစ်နေ့ကျရင် မြဝတီခရိုင်ကမြစ်ကြောင်းထိန်းသိမ်းရေး ကော်မတီတွေပါဝင်ပြီး မင်းလက်ပံ၊ ဖလူးနဲ့အင်ကြင်းမြိုင် ကျေးရွာတွေအထိ ကမ်းထိန်းနံရံပြုလုပ်ဖို့ လိုက်လံကွင်းဆင်းစစ်ဆေးသွားဖို့ရှိပါတယ်။ ကမ်းထိန်းနံရံတွေပြုလုပ်မယ့်နေရာတွေကို သေသေချာချာ စိစစ်တိုင်းထွာပြီး နှစ်နိုင်ငံနယ်ခြား ကော်မတီ အစည်းအဝေးကျရင် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**(ထိန်လင်းအောင်)**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။





## ဝမ်းတွင်းမြို့နယ်၌ သောက်သုံးရေတွင်းများအတွင်း အဆိပ်ပိုးသတ်ဆေးများထည့်မှုဖြစ်ပွား

**ဝမ်းတွင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကန်သစ်ကျေးရွာတွင် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ကျေးရွာနေပြည်သူများသောက်သုံးရေအဖြစ် အသုံးပြုနေသောရေတွင်းနှစ်တွင်းထဲသို့ အဆိပ်ပိုးသတ်ဆေးခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားစုကျေးရွာအုပ်စု ကန်သစ်ကျေးရွာနေ ဦးဇော်လွင်သည် ရန်ကုန်-မန္တလေးကားလမ်းဟောင်းအနီး အောင်မင်္ဂလာရေကန်အောက်ရှိ ဘုရားစုကျေးရွာမှ အိမ်ထောင်စု ၂၀၀ ခန့် သောက်သုံးရေအသုံးပြုနေသော အများသုံးရေတွင်းနှစ်တွင်းမှ ရေသွားရောက်ခပ်ယူရာ ရေများသည် အဖြူရောင်အဖြစ်ပြောင်းလဲနေပြီး အနံ့များရကာ ရေတွင်းအနီး၌လည်း ပိုးသတ်ဆေးဘူးခွံငါးဘူး တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို အကြောင်းကြားခဲ့သည်။ တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ရေတွင်းနှစ်တွင်းမှာ တစ်တွင်းနှင့် တစ်တွင်း ပေ ၁၀၀ ခန့်သာ ကွာဝေးကြောင်း၊ ရေတွင်းများအတွင်း Golden Key ကုမ္ပဏီက ထုတ်လုပ်သော ရွှေဆိုက်ပါ ပိုးသတ်ဆေးပလတ်စတစ်(၁၀၀စီစီ)ပါ ဘူးသုံးဘူးကို ရေတွင်းများအတွင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတွင်းနှစ်တွင်းရှိရေများအား ဝမ်းတွင်းမြို့နယ်ကျန်းမာရေးဦးစီးဌာနက အသုံးမပြုကြရန်နှင့် ရေစုပ်စက်ဖြင့်စုပ်ထုတ်ကာ မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ပြန်လည်အသုံးပြုခွင့်ပေးမည်ဖြစ်သည်။ ရေတွင်းများအတွင်းသို့ ပိုးသတ်ဆေးများ ထည့်ခဲ့သူကို သက်ဆိုင်ရာကစုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**၂၀၁၇ ခုနှစ် ဩဂုတ်လ (၆)ရက်နေ့က သထုံမြို့၊ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်၌ ကျင်းပသော ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း၏ တက္ကသိုလ်ပညာသင်ဆုရ ရန်ကုန်ကျောင်းသား ကျောင်းသူများက သထုံမြို့နယ်အတွင်းရှိ ကျောင်းနေအရွယ် ညီငယ်၊ ညီမငယ်များထံသို့ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပုံပြင်စာအုပ်၊ စက်ဘီးများ ကိုယ်တိုင်ကိုယ်ကျ မေတ္တာလက်ဆောင်ပေးအပ်သည့် မျှဝေခြင်းအခမ်းအနား၌ ဟောကြားအပ်သော အနုမောဒနာတရား ကောက်နုတ်ချက်ဖြစ်ပါသည်။**

# မျှဝေခြင်း . . .



အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

"မျှဝေခြင်း"ဆိုတဲ့ သဘောတရားက လွတ်လပ်ပေ့ါပါးပြီး ကြီးကျယ်မြင့်မြတ်တဲ့အတွက် "မျှဝေခြင်း"ဆိုတဲ့ စကားလုံးလေးကလည်း တင့်တယ်လှပပြီး နှစ်သက်မြတ်နိုးဖွယ် ကောင်းနေပါတယ်။

"မျှဝေခြင်း"ဆိုတဲ့ စကားလုံးလေးကို မြင်လိုက်ရ၊ ကြားလိုက်ရ၊ ရွတ်ဆိုလိုက်ရတာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ လွတ်လပ်သွား၊ ပေ့ါပါးသွားပါတယ်။ ကြည်လင်သွား၊ အေးချမ်းသွားပါတယ်။ ပြေလျော့သွား၊ သက်သာသွားပါတယ်။ စကားလုံးတစ်လုံးတည်း အတိအကျပြောရရင်တော့ "မျှဝေခြင်း"ဆိုတဲ့ စကားလုံးဟာ စိတ်ကိုပြေလျော့သွားစေပါတယ်။

ခန္ဓာကိုယ်မှာ အကြောတွေတင်းနေတဲ့ လူတစ်ယောက်ကို အကြောကျွမ်းကျင်သူက လိုအပ်သလိုနှိပ်နယ်ပေး၊ ပွတ်ချေပေးလိုက်ရင် အကြောတွေပြေလျော့ပြီး ခန္ဓာကိုယ် နေလို့၊ ထိုင်လို့ ကောင်းသွားသလို စိတ်မှာ အကြောတွေတင်းနေတဲ့ လူတစ်ယောက်ကို မျှဝေခြင်း သဘောတရားက လိုအပ်သလို နှိပ်နယ်ပေး၊ ပွတ်ချေပေးလိုက်ရင် အကြောတွေပြေလျော့ပြီး စိတ်ကလေး နေလို့၊ ထိုင်လို့ ကောင်းသွားပါတယ်။

မျှဝေခြင်းတစ်ခုခုပြုလုပ်လိုက်လို့ စိတ်လွတ်လပ်ပေ့ါပါးသွားတာ၊ စိတ်ကြည်လင်အေးချမ်းသွားတာ၊ စိတ်ပြေလျော့သက်သာသွားတာဟာ စိတ်ကလေး နေလို့၊ ထိုင်လို့ ကောင်းသွားတာပါပဲ။ အခြေအနေပေါ်မူတည်ပြီး စိတ်ဝမ်းမြောက်တက်ကြွသွားတာလည်း စိတ်နေထိုင်ကောင်းခြင်းမှာ အကျုံးဝင်ပါတယ်။

ဘယ်အရာကိုမဆို ကိုယ့်အတွက်ပဲ ကြည့်နေ၊ လုပ်နေမယ်ဆိုရင် စိတ်ဟာ အတ္တတရားရဲ့ ဖိစီးမှုနဲ့ တင်းမာနေတတ်ပါတယ်။ အရာရာတိုင်းမှာ ကိုယ်ရဖို့၊ ကိုယ်သုံးဖို့၊ ကိုယ်ခံစားဖို့ပဲ စဉ်းစားနေတာ၊ လုပ်ဆောင်နေတာဟာ စိတ်အကြောတွေ တင်းမာနေတာပါပဲ။ စွဲမက်မှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ မကျေနပ်မှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ ထောင်လွှားမောက်မာမှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ မနာလိုဝန်တိုမှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ အတ္တတရားကို အခြေခံတဲ့ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေ စိတ်အစဉ်မှာ လွှမ်းမိုးနေတာကိုပဲ စိတ်အကြောတွေ တင်းမာနေတယ်လို့ ပြောတာပါ။

တင်းမာနေတဲ့စိတ်အကြောတွေကို ပြေလျော့သွားအောင် ဖြေလျှော့ပေးနိုင်တာဟာ မျှဝေခြင်းပါ။ နည်းတာ၊ များတာ ပမာနမထားဘဲ သူတစ်ပါးလိုအပ်တာကို ကိုယ်စွမ်းနိုင်သမျှ မျှဝေပေးနေမယ်ဆိုရင် အလိုမပြည့်မှု၊ အလိုမကျမှုစတဲ့ အဖျက်သွေး၊ အဖျက်ဓာတ်တွေ ကင်းစင်သွားတဲ့အတွက်ကြောင့်ရော ကိုယ်ချင်းစာနာမှု၊ လိုအပ်ချက် သိမြင်မှုစတဲ့ အပြုသွေး၊ အပြုဓာတ်တွေ ပြည့်ဝလာတဲ့အတွက်ကြောင့်ပါ စိတ်ကြောတင်းမာမှုမှန်သမျှ လုံးဝပြေလျော့ပြီး စိတ်ဓာတ်အင်အားတွေ တိုးပွားလာနိုင်ပါတယ်။

၂၀၀၉ ခုနှစ်က မုံရွာမှာ ဝန်ချီစက်ပြုတ်ကျတုန်းက ဦးဇင်းရဲ့ ညာဘက်ဒူး အရွတ်ပြဲသွားတဲ့အတွက် အချက်ပေါင်းများစွာချုပ်ပြီး ကျောက်ပတ်တီးစည်းထားရပါတယ်။ ၁၄ ရက်အကြာ ကျောက်ပတ်တီးဖြေပြီးတဲ့ အခါမှာတော့ ညာဘက်ဒူးလုံးဝကွေးလို့ မရတော့ပါဘူး။ ၁၄ ရက်ဆက်တိုက် အဖြောင့်အတိုင်း တစ်သမတ်တည်း နေနေရတဲ့အတွက် အကြောတွေ တင်းမာသွားလို့ပါ။ စက်အကူအညီပါယူပြီး ရက် ၂၀ လောက် လေ့ကျင့်ခန်းလုပ်လိုက်တော့မှ အကြောတွေပြေလျော့ပြီး ပုံမှန်အတိုင်း ပြန်ကွေးလို့၊ ဆန့်လို့ ရသွားပါတယ်။

လက်ချောင်းတွေကို တစ်သမတ်တည်းကွေးထားမယ်ဆိုရင်၊ တစ်နည်းအားဖြင့် လက်သီးဆုပ်ထားပြီး လုံးဝပြန်မဖြေတော့ဘူးဆိုရင် အကြောတွေတင်းမာအံသေသွားပြီး လက်ချောင်းတွေကို ပြန်ဆန့်လို့ မရနိုင်တော့ပါဘူး။ ပြန်ဆန့်ခဲ့မယ်ဆိုရင်လည်း နာကျင်မှုဒဏ်ကို အကြီးအကျယ် ခံစားရပါလိမ့်မယ်။ ကွေးလိုက် ဆန့်လိုက်၊ ဆုပ်လိုက်၊ ဖြည်လိုက် အမြဲလုပ်နေမှသာ လက်ချောင်းတွေကို ပုံမှန်အတိုင်း သက်သောင့်သက်သာ ကွေးဆန့်လှုပ်ရှားနိုင်မှာပါ။ ဘယ်လိုကွေးကွေး၊ ဘယ်လိုဆန့်ဆန့် နာကျင်မှုလုံးဝမရှိဘဲ ချမ်းသာပေ့ါပါးနေပါလိမ့်မယ်။

ကိုယ်ရှာဖွေကြိုးစားလို့ရထားတဲ့ ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ၊ အတတ်ပညာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှုတွေကို ကိုယ့်အတွက်ပဲ သိမ်းပိုက်ထားတာ၊ ဆုပ်ကိုင်ထားတာဟာ လက်သီးဆုပ်ထားတာနဲ့ တူပါတယ်။ ဘယ်သူ့ကိုမှ မမျှဝေဘဲကိုယ့်တစ်ယောက်တည်းအတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်ဆွေမျိုးအတွက်၊ ကိုယ့်အုပ်စုအတွက်ပဲ ကွက်ကွက်ကလေးသုံးစွဲနေမယ်၊ ခံစားနေမယ်ဆိုရင် လက်သီးကို တစ်သမတ်တည်း အကြာကြီးဆုပ်ထားသလို ဖြစ်သွားတဲ့အတွက် စိတ်အကြောတွေ တင်းမာအံသေပြီး သူတစ်ပါးအတွက်၊ အများအတွက် ဘယ်လိုမှ ပြန်ဖြန့်လို့မရတော့ပါဘူး။ သူတစ်ပါးကောင်းကျိုး၊ အများကောင်းကျိုးအတွက် တစ်ခါတစ်ရံ မဖြန့်မဖြစ် ဖြန့်ရတဲ့အခြေအနေမျိုးကြုံလာရင်လည်း စိတ်နှလုံးနာကျင် ပင်ပန်းနေပါလိမ့်မယ်။

လက်ချောင်းတွေကို တစ်သမတ်တည်း ကွေးထား ဆန့်ထားစရာမလိုဘဲ ကွေးသင့်တဲ့အခါကွေး၊ ဆန့်သင့်တဲ့အခါဆန့်ရသလို ကိုယ့်အတွက် လုပ်သင့်တဲ့အခါလုပ်၊ အများအတွက် လုပ်သင့်တဲ့အခါလုပ်ရပါမယ်။ အတ္တနဲ့ ပရ မျှတရမယ်လို့ ဆိုလိုတာပါ။

ပစ္စည်းဥစ္စာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှု၊ အရည်အချင်းတွေ ကိုယ့်မှာ ပြည့်စုံလာအောင် ဖြည့်ဆည်းနေတာဟာ ကိုယ့်အတွက် ကိုယ်လုပ်ပြီး လက်သီးဆုပ်နေတာပါ။ ကိုယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာ၊ အသိပညာစတဲ့ ပိုင်ဆိုင်မှု၊ အရည်အချင်းတွေကို သူတစ်ပါးအတွက်၊ အများအတွက် မျှဝေပေးနေတာဟာ အများကောင်းကျိုးသယ်ပိုးပြီး လက်သီးဆုပ်ဖြေနေတာပါ။ ကိုယ့်အတွက်ရော၊ အများအတွက်ပါ အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေစွာလုပ်ဆောင်မှသာ စိတ်အကြောတွေ ပြေလျော့ပြီး လွတ်လပ်ပေ့ါပါး၊ ကြည်လင်အေးချမ်း ပျော်ရွှင်ဝမ်းမြောက်နိုင်ပါတယ်။

"လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား၊ ကြိုက်တာကို ရွေးစမ်းကိုယ့်လူ" ဆိုတဲ့ သီချင်းစာသားလေး ကလေးဘဝတုန်းက ကြားခဲ့ဖူးပါတယ်။ စိတ်အကြောပြေလျော့ပြီး ချမ်းသာသုခ အမြဲရချင်တယ်ဆိုရင်တော့ လက်သီးဆုပ်တဲ့အခါ ဆုပ်ရပါမယ်။ လက်ဝါးဖြန့်တဲ့အခါ ဖြန့်ရပါမယ်။ အတ္တဟိတပြည့်စုံမှ ပရဟိတလုပ်နိုင်တာပါ။ ကိုယ့်မှာရှိမှ သူတစ်ပါးကို ပေးနိုင်တာပါ။ ကိုယ့်မှာပြည့်စုံမှ သူတစ်ပါးကို မျှဝေနိုင်တာပါ။

ကိုယ့်မှာအများကြီးရှိမှ၊ အများကြီးပြည့်စုံမှ သူတစ်ပါးကို ပေးရ၊ မျှဝေရမှာ မဟုတ်ပါဘူး။ ကိုယ့်မှာရှိသလောက်၊ ပြည့်စုံသလောက်လေးထဲက တချို့တစ်ဝက်ကို ခွဲဖဲ့ပြီးပေးလို့၊ မျှဝေလို့ရပါတယ်။ ပေးချင်စိတ်၊ မျှဝေချင်စိတ်ရှိဖို့ပဲ လိုတာပါ။

ရှေးတုန်းက "တစ်ဆုပ်ဆန်အလှူ"ဆိုတာ ရှိခဲ့ဖူးပါတယ်။ ကိုယ့်ထမင်းတစ်ခါချက်တိုင်း ချက်မယ့်ဆန်ထဲက ဆန်တစ်ဆုပ်စာ၊ တစ်ဆုပ်စာကို သီးသန့်ဖယ်ထားပြီး များလာတဲ့အခါ စုပေါင်းပြီး လှူတဲ့အလှူပါ။ မရှိတဲ့ကြားက ရှိအောင်လုပ်ပြီး လှူတဲ့အလှူမို့ စိတ်နေစိတ်ထား သိပ်မွန်မြတ်တဲ့ မျှဝေခြင်းတစ်မျိုးပါပဲ။

သထုံမှာလုပ်တဲ့ မျှဝေခြင်းဆိုရင်လည်း ကိုယ့်မှာ အခက်အခဲရှိလို့ ရွှေပါရမီပညာရေးဖောင်ဒေးရှင်းကနေ ပညာသင်ဆုရယူထားတဲ့ လစဉ်ထောက်ပံ့ကြေးငွေထဲက တစ်လကို တစ်ထောင်စီစုပြီး ကိုယ့်လိုပဲ လိုအပ်ချက်ရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းဝတ်စုံတွေ ပြန်မျှဝေတာပါ။ ရှိလို့မျှဝေတာ မဟုတ်ပါဘူး။ မရှိတဲ့ကြားက ဖဲ့ပြီးမျှဝေတာပါ။ ကိုယ်သုံးမယ့်ငွေကို လျှော့သုံးပြီး မျှဝေတာပါ။ ပိုလျှံလို့ မျှဝေတာထက် အဆပေါင်းများစွာ ကြီးကျယ်မြင့်မြတ်ပါတယ်။ ကိုယ်ကမမျှော်လင့်၊ မတောင့်တပေမယ့်လည်း အကျိုးပေးကတော့ သိပ်ကို ကြီးကျယ်မှာပါ။

အခမ်းအနားအဖွင့်မှာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒကာကြီး မန်းဝင်းခိုင်သန်းပြောသွားတဲ့ "မရှိလို့ မလှူ၊ မလှူလို့မရှိဆိုတဲ့ သံသရာဆိုးကြီးကို မျှဝေခြင်းက ချေဖျက်ပစ်နိုင်ပါတယ်" ဆိုတဲ့စကားက သိပ်ကိုမှန်ပါတယ်။

တကယ်တော့ မျှဝေခြင်းစိတ်ဓာတ်ဟာ ဘုရားလောင်းစိတ်ဓာတ်ပါ။ လွန်ခဲ့တဲ့ ကမ္ဘာပေါင်းလေးအသင်္ချေနဲ့ တစ်သိန်းတုန်းက ရမ္မဝတီမြို့ကို ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာမယ်ဆိုတော့ မြို့သူမြို့သားတွေ လမ်းခင်းကြ၊ လမ်းပြုပြင်ကြတယ်။ ဘုရားလောင်းသုမေဓာရှင်ရသေ့က ပြင်စရာနေရာတစ်နေရာတောင်းတော့ အဆိုးဆုံးနေရာကို ပေးလိုက်ကြတယ်။ တန်ခိုးနဲ့ပြုပြင်လိုက်ရင် စက္ကန့်ပိုင်းအတွင်း လမ်းကောင်းသွားနိုင်ပေမယ့် ကိုယ်တိုင်ကိုယ်ကျ လုပ်အားကုသိုလ်ယူချင်တဲ့အတွက် ဘုရားလောင်းက ကိုယ့်လက်ကိုယ့်ခြေနဲ့ပဲ အပင်ပန်းခံပြီး လမ်းပြုပြင်ပါတယ်။

လမ်းပြင်လို့မပြီးသေးခင် ဘုရားရှင်ကြွချီလာတဲ့အတွက် ဘုရားလောင်းက ခန္ဓာကိုယ်အလျားစင်းပြီး တံတားခင်းလှူလိုက်ပါတယ်။ "ဘုရားတပည့်တော်ရဲ့ ကျောပေါ်ကနေ နင်းကြွတော်မူပါဘုရား"ပေ့ါ ။ ဘုရားရှင်ရဲ့ကျက်သရေတော်ကို ဖူးမြော်ရတဲ့အခါ "ကိုယ့်အစွမ်းအစ၊ ကိုယ့်အရည်အချင်းကို သိပါလျက်နဲ့ ကိုယ်တစ်ယောက်တည်း သံသရာကလွတ်မြောက်သွားမယ်ဆိုရင် ဘာမှအဓိပ္ပာယ်မရှိဘူး။ သိစရာအားလုံး အကုန်အစင်သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရအောင်ယူပြီးတော့ သတ္တဝါဝေနေယျတွေကို ကိုယ်နဲ့အတူ၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကယ်တင်မယ်"လို့ ဆုံးဖြတ်ပြီး ဘုရားဆုပန်ဆင်လိုက်ပါတယ်။

ဘုရားဆုပန်ဆင်တယ်ဆိုတာ ကိုယ်ရတဲ့ နိဗ္ဗာန်ချမ်းသာကို သတ္တဝါပေါင်းမြောက်မြားစွာ ကိုယ်နဲ့ထပ်တူရအောင် မျှဝေပေးချင်လို့ ပန်ဆင်တာပါ။ ကိုယ်တစ်ယောက်တည်းအတွက်ဆိုရင် စက္ကန့်ပိုင်းအတွင်း နိဗ္ဗာန်ချမ်းသာကို ရနိုင်ပေမယ့် လုံးဝမယူတော့ဘဲ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့သတ္တဝါတွေကို နိဗ္ဗာန်ချမ်းသာ မျှဝေပေးချင်တဲ့အတွက် ဘုရားဆုပန်ဆင်ပြီး ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပါရမီတော်တွေကို အပင်ပန်းအဆင်းရဲခံပြီး ဖြည့်ကျင့်တော်မူခဲ့တာပါ။

မျှဝေခြင်းစိတ်ဓာတ်နဲ့ ပါရမီဖြည့်ပြီးလို့ ဘုရားဖြစ်လာပြန်တော့လည်း မျှဝေခြင်းစိတ်ဓာတ်နဲ့ပဲ တစ်သက်တာပတ်လုံး အလုပ်လုပ်သွားခဲ့ပါတယ်။ (၄၅) ဝါလို့ခေါ်တဲ့ (၄၅)နှစ်တာကာလပတ်လုံး တရားဒေသနာတော်တွေကို အအားမနေ၊ အနားမနေဘဲ ဟောကြားတော်မူတာဟာ ကိုယ်သိထားတဲ့ တရားအသိကို မျှဝေပေးတာပါ။ ကိုယ်ရထားတဲ့ နိဗ္ဗာန်ချမ်းသာကို မျှဝေပေးတာပါ။ ဒါကြောင့် မျှဝေခြင်းစိတ်ဓာတ်ကို ဘုရားစိတ်ဓာတ်လို့လည်း ပြောလို့ရပါတယ်။

ဘုရားလောင်း သုမေဓာရှင်ရသေ့ မျှဝေခြင်းစိတ်ဓာတ်နဲ့ ဘုရားဆုပန်ဆင်လိုက်တော့ ဒီပင်္ကရာ မြတ်စွာဘုရားရှင်က သုမေဓာရှင်ရသေ့ရဲ့ ကျောပေါ်ကနေ နင်းကြွမသွားဘဲ ရှင်ရသေ့ကို လက်ယာဘက်မှာထား၊ ဒကာ ဒကာမတွေ လှူဒါန်းထားတဲ့ ပန်းရှစ်ဆုပ်နဲ့ ရှင်ရသေ့ရဲ့ ခန္ဓာကိုယ်ပေါ်ကို ကြဲဖြန့်ပူဇော်ပြီး ကြွချီသွားပါတယ်။ နောက်ပါ ရဟန္တာလေးသိန်းကလည်း သူတို့ရဲ့ သပိတ်ဖုံးပေါ်က ပန်းတွေနဲ့ ဘုရားလောင်းရှင်ရသေ့ကို ကြဲဖြန့်ပူဇော် သွားကြပါတယ်။

ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေ ပန်းနဲ့ပူဇော်တာဟာ ဘုရားလောင်းရှင်ရသေ့ရဲ့ နှလုံးသားထဲက မျှဝေခြင်းစိတ်ဓာတ်ကို ပူဇော်တာပါ။ ပုထုဇဉ်တစ်ယောက်ရဲ့ မျှဝေခြင်းစိတ်ဓာတ်ကို ဘုရား၊ ရဟန္တာတွေကတောင် ပူဇော်ရတယ်ဆိုတော့ မျှဝေခြင်းစိတ်ဓာတ်ဟာ အလွန်ကြီးကျယ် မြင့်မြတ်တယ်ဆိုတာ သိပ်ကိုထင်ရှားပါတယ်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်းရဲ့ တက္ကသိုလ်ပညာသင်ဆုရ ရန်ကုန်ကျောင်းသား ကျောင်းသူတွေက သထုံမြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းနေအရွယ် ညီငယ် ညီမငယ်တွေကို ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပုံပြင်စာအုပ်နဲ့ စက်ဘီးတွေ မေတ္တာလက်ဆောင်မျှဝေပေးတဲ့ အခမ်းအနားကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးအဆင့်နေရာမှာရှိတဲ့ နိုင်ငံ့အကြီးအကဲတွေထဲက တစ်ယောက်ဖြစ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒကာကြီး မန်းဝင်းခိုင်သန်း နေပြည်တော်ကနေ တကူးတက အပင်ပန်းခံရောက်လာပြီး အားပေးတာတွေ့ရတော့ ဘုရားလောင်း သုမေဓာရှင်ရသေ့ကို ဒီပင်္ကရာဘုရားရှင်နဲ့ ရဟန္တာလေးသိန်း ပန်းနဲ့ပူဇော်တာ သတိရမိပါတယ်။ မျှဝေကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ မျှယူကြတဲ့ ကျောင်းသား ကျောင်းသူတွေထဲမှာ ဘုန်းကံကြီးမားသူတွေ၊ နိုင်ငံ့ခေါင်းဆောင်လောင်းလျာတွေ အများကြီးပါနေမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး။

တစ်လတစ်ထောင်စီ စုထားတဲ့ငွေနဲ့ ကျောင်းဝတ်စုံတွေ၊ စာအုပ်တွေဝယ်ပြီး ရန်ကုန် ရွှေပါရမီကျောင်းမှာပဲ ရွှေပါရမီကျောင်းသား ကျောင်းသူတွေက သထုံကျောင်းသား ကျောင်းသူတွေရဲ့ ကိုယ်စားပြုတစ်ယောက်ကို လှူလိုက်ရင်ရပေမယ့် အခုလို သထုံထိလာပြီး အခမ်းအနားနဲ့ ကိုယ်တိုင်ကိုယ်ကျလှူတဲ့အတွက် ကုန်ကျစရိတ်ကတော့များပါတယ်။ မျှဝေခြင်းအခမ်းအနားကိုလာရင်း သထုံ၊ ဇင်းကျိုက်၊ မော်လမြိုင်၊ ချောင်းဆုံ နီးစပ်ရာဒေသန္တရခရီးလည်း တစ်လက်စတည်းထွက်ဖြစ်သွားတဲ့အတွက် ကားခ၊ စားစရိတ်၊ ဝတ်စုံဖိုး စသည်အားဖြင့် ကုန်ကျစရိတ်တွေပိုလာပါတယ်။ မျှဝေခြင်းအတွက် ကျောင်းသား ကျောင်းသူတွေ တစ်နှစ်စာစုလှူတာက ကျပ်သိန်းသုံးဆယ်၊ အခမ်းအနားနဲ့ ခရီးစဉ်အတွက် ဦးဇင်းနဲ့ အလုပ်အမှုဆောင်တွေ ကုန်ကျတာက ကျပ်သိန်းတစ်ရာကျော်။

ဒီလိုလုပ်တာကို တချို့က ချဲ့တယ်လို့ထင်ကြပါလိမ့်မယ်။ တကယ်တော့ ဒါဟာ ချဲ့တာမဟုတ်ပါဘူး။ ထည့်တာပါ။ မျှဝေကြတဲ့ ကျောင်းသား ကျောင်းသူတွေ အပါအဝင် ဒီအခမ်းအနားဖြစ်မြောက်အောင် လုပ်ဆောင်ကြသူတွေအားလုံးရဲ့ နှလုံးသားထဲကို မျှဝေခြင်းစိတ်ဓာတ်တွေ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်စိမ့်ပျံ့သွားအောင် ထည့်လိုက်တာပါ။ မျှဝေခြင်းစိတ်ဓာတ်တွေ ဘယ်တော့မှ မပျောက်ပျက်ဘဲ ခိုင်ခိုင်မြဲမြဲ၊ စွဲစွဲနစ်နစ် နှလုံးသားထဲ ရောက်သွားအောင် **စာမျက်နှာ ၇ သို့ ◆**

> **ဘယ်အရာကိုမဆို ကိုယ့်အတွက်ပဲ ကြည့်နေ၊ လုပ်နေမယ်ဆိုရင် စိတ်ဟာ အတ္တတရားရဲ့ဖိစီးမှုနဲ့ တင်းမာနေတတ်ပါတယ်။ အရာရာတိုင်းမှာ ကိုယ်ရဖို့၊ ကိုယ်သုံးဖို့၊ ကိုယ်ခံစားဖို့ပဲ စဉ်းစားနေတာ၊ လုပ်ဆောင်နေတာဟာ စိတ်အကြောတွေ တင်းမာနေတာပါပဲ။ စွဲမက်မှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ မကျေနပ်မှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ ထောင်လွှားမောက်မာမှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ မနာလိုဝန်တိုမှုနဲ့ စိတ်ကြောတင်းသွားတာလည်းရှိမယ်။ အတ္တတရားကိုအခြေခံတဲ့ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတွေ စိတ်အစဉ်မှာ လွှမ်းမိုးနေတာကိုပဲ စိတ်အကြောတွေ တင်းမာနေတယ်လို့ ပြောတာပါ။**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၆ မှ

အပီအပြင်ထည့်လိုက်တာပါ။ တကယ်လို့ ချဲ့ခဲ့တယ်ဆိုရင်လည်း အပိုပကာသနတွေ ချဲ့တာမဟုတ်ပါဘူး။ မျှဝေခြင်းစိတ်ဓာတ်၊ ပရဟိတ စိတ်ဓာတ်ကျယ်ပြန့်သည်ထက် ကျယ်ပြန့်သွားအောင် ချဲ့လိုက်တာပါ။ အများကောင်းကျိုးလိုလားတဲ့၊ အများကောင်းကျိုးသယ်ပိုးတဲ့ မေတ္တာစက်ဝန်းကို ကြီးမားသည်ထက် ကြီးမားသွားအောင် ချဲ့လိုက်တာပါ။

မူရင်းပင်မကုသိုလ်ကို အင်အားကြီးမားသွားအောင်၊ အရည်အသွေးတောက်ပြောင်သွားအောင် ကူညီပံ့ပိုးတဲ့ ဒီလိုကုသိုလ်မျိုးကို ဝန်းရံကုသိုလ်၊ အခြံအရံကုသိုလ် (ပရိဝါရဒါန)လို့ ခေါ်ပါတယ်။ ရိုးရိုးလေးလုပ်တာထက်၊ အလွယ်တကူလေးလုပ်တာထက် အဆပေါင်းများစွာ အကျိုးကြီးပါတယ်။ ကုန်ရကျိုးနပ်တယ်လို့ တွေးပြီး ဝမ်းမြောက်ဝမ်းသာ ပီတိဖြာစေချင်ပါတယ်။

အကျိုးကြီး၊ မကြီး၊ ကုန်ရကျိုးနပ်၊ မနပ် ဝန်ကြီးချုပ်ကြီး ပြောသွားတာပဲကြည့်လေ။ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒကာကြီး ဒေါက်တာအေးဇံက "ဒီနေ့အခမ်းအနားကို ကြည့်ပြီးတော့ မွန်ပြည်နယ် ၁၀ မြို့နယ်လုံးမှာ ဒီနေ့လို မျှဝေခြင်းအခမ်းအနားတွေ လုပ်ပေးရမယ့်တာဝန် တပည့်တော်အပေါ်မှာ ကျရောက်လာပါတယ်ဘုရား။ မွန်ပြည်နယ် ၁၀ မြို့နယ်လုံးက လိုအပ်ချက်ရှိတဲ့ အခြေခံပညာကျောင်းသား ကျောင်းသူတွေအတွက် မျှဝေခြင်းအစီအစဉ်တွေ လုပ်ဖြစ်အောင် လုပ်သွားပါမယ်လို့ ဆရာတော်ဘုရားကို ကတိပေးပါတယ်ဘုရား"လို့ ရွှေစာရံဘုရားကြီးကို သက်သေတည်၊ ပရိသတ်ကို သက်သေတည်၊ ဦးဇင်းကို သက်သေတည်ပြီး ကတိပေးသွားပြီ မဟုတ်လား။ အခမ်းအနားရဲ့ အရှိန်အဝါ၊ အခမ်းအနားရဲ့ ဩဇာ၊ အခမ်းအနားရဲ့ အစွမ်းသတ္တိ၊ အခမ်းအနားရဲ့ တန်ခိုးက အင်မတန် ကြီးမားပါတယ်။ မမြင်နိုင်တဲ့ စွမ်းရည်သတ္တိတွေ အများကြီးပါ။

ဒါပေမယ့် အခမ်းအနားဆိုတာကတော့ တစ်ခါတစ်ရံမှ လုပ်ရတဲ့ အရာမျိုး၊ တစ်ခါတစ်ရံမှ လုပ်ဖြစ်တဲ့ အရာမျိုးပါ။ မျှဝေခြင်းဆိုတာ အခမ်းအနားနဲ့မှ မျှဝေပေးရတာမျိုး မဟုတ်ပါဘူး။ အခမ်းအနားပါပါ၊ မပါပါ ကိုယ့်ရှေ့မှောက်ရောက်လာတဲ့ လိုအပ်ချက်ရှိသူတွေကို ကိုယ်စွမ်းနိုင်သမျှ မျှဝေပေးရတာမျိုးပါ။ သူတစ်ပါးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးချင်တဲ့ မေတ္တာစိတ်ဟာ ကြီးကျယ်ခမ်းနားတဲ့ စိတ်ဖြစ်တဲ့အတွက် မေတ္တာစိတ်နဲ့ ပြုလုပ်တဲ့ မျှဝေခြင်းတိုင်းဟာ အရေအတွက်နည်းနည်း၊ များများ ခမ်းနားပါတယ်။ စစ်မှန်တဲ့ မျှဝေခြင်းမှန်သမျှ အခမ်းအနား မလုပ်ပေမယ့် တခမ်းတနားရှိပါတယ်။

ဒီသထုံမှာ ဖြစ်ခဲ့ဖူးတဲ့ အခမ်းအနားမပါတဲ့ တခမ်းတနားမျှဝေခြင်းတစ်ခုကို မျှဝေပေးပါရစေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်နီးပါး၊ ၁၉၉၀ ပြည့်နှစ်က ဒီသထုံဆေးရုံမှာ လစာကျပ် ၁၂၀၀ ရရှိတဲ့ ဆရာဝန်ပေါက်စလေး တစ်ယောက် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ တစ်နေ့တော့ ဆေးရုံကို ရှစ်လသားအရွယ်ရဲ့ ကိုယ်အလေးချိန် ၁၅ ပေါင်ပဲရှိတဲ့ ငါးနှစ်သားအရွယ် ကလေးလူနာ တစ်ယောက် ရောက်လာပါတယ်။



သွေးကြောတွေတစ်လျှောက် တီဘီပိုးပျံ့နှံ့နေတဲ့ တီဘီရောဂါသည် အဲဒီကလေးလူနာဟာ ဆေးရုံမတက်ခင် နှစ်လ၊ ဆေးရုံပေါ်ရောက်ပြီး နှစ်လ၊ လေးလ ဆက်တိုက် အဖျားလုံးဝမကျဘဲ နာတာရှည်ဖျားနေတဲ့သူပါ။ ဆေးကောင်းဝါးကောင်းတွေနဲ့ ဘယ်လိုပဲကုကု အဖျားမကျတဲ့အတွက် ဆရာဝန်လေးက အကြောင်းအရင်းကို သေချာဆန်းစစ် အဖြေရှာလိုက်တဲ့အခါ အာဟာရဓာတ်ချို့တဲ့မှုကြောင့်ဆိုတာ တွေ့သွားပါတယ်။ ချို့တဲ့လွန်းလို့ ဆေးရုံကကျွေးတဲ့ ထမင်းဟင်းသက်သက်နဲ့ပဲ မျှတနေရတဲ့ အဲဒီကလေးဟာ ဆေးရုံစာမှာ အသားဟင်း လုံးဝမပါတဲ့အတွက် ပရိတင်းဓာတ်လုံးဝချို့တဲ့ပြီး ကိုယ်ခံအား အလွန်အမင်း ကျဆင်းနေတာပါ။

ပြင်ပဆေးခန်းလည်း မထိုင်ဖြစ်သေးလို့ ငွေပိုငွေလျှံ လုံးဝမရှိတဲ့ အဲဒီဆရာဝန်လေးဟာ ကိုယ့်ရှိတဲ့ငွေလေး လျှော့သုံးပြီး အဲဒီကလေးအတွက် တစ်နေ့ကို ကြက်ဥတစ်လုံး မျှဝေပေးပါတယ်။ အဲဒီတုန်းက ကြက်ဥတစ်လုံးကို ငါးမတ် (တစ်ကျပ်နဲ့ တစ်မတ်)ပဲ ကျပါတယ်။ ရက် ၂၀ အကြာ၊ ၂၅ ကျပ်ဖိုး ကြက်ဥအလုံး ၂၀ မျှဝေပြီးတဲ့ အချိန်မှာတော့ အရင်က မျှော်လင့်ချက်လုံးဝမရှိတော့တဲ့ မောင်သုညလေးဟာ အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ မောင်ဝလုံးလေး ဖြစ်လာပါတယ်။ နောက်ထပ် ရက် ၂၀ ကြက်ဥအလုံး ၂၀ မျှဝေပြီးတဲ့အချိန်မှာတော့ မောင်ဝလုံးလေး ပျော်ပျော်ရွှင်ရွှင်နဲ့ ဆေးရုံဆင်းပြီး အိမ်ပြန်သွားနိုင်ခဲ့ပါတယ်။

ဆရာဝန်လေးကသာ မောင်သုညကို "သူ့ထိုက်နဲ့ သူ့ကံပဲ"လို့ ဥပေက္ခာပြု လျစ်လျူရှုထားမယ်ဆိုရင် အခုလို မောင်ဝလုံး ဖြစ်လာစရာအကြောင်း မရှိပါဘူး။ ကိုယ့်မှာ မရှိတဲ့ကြားထဲက ကိုယ်စွမ်းနိုင်သမျှလေး မျှဝေပေးခဲ့လို့သာ အသက်မသေဘဲ မောင်ဝလုံး ဖြစ်လာခဲ့ရတာပါ။ ဗြဟ္မစိုရ်တရားလေးပါးက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလို့ အစဉ်အတိုင်းရှိတဲ့အတွက် ဥပေက္ခာကို အဆင့်ကျော်လို့ မရပါဘူး။ ကရုဏာအရင်းခံတဲ့ မေတ္တာနဲ့ သနားကြင်နာပြီး မျှဝေ၊ မုဒိတာအရင်းခံတဲ့ မေတ္တာနဲ့ ဝမ်းမြောက်ဂုဏ်ပြုပြီး မျှဝေ၊ ဘယ်လို မျှဝေ မျှဝေ မတတ်နိုင်တဲ့အဆုံးကျမှသာ ဥပေက္ခာနဲ့ သူ့ထိုက်နဲ့ သူ့ကံလုပ်ရမှာပါ။ ဒါတောင် ကိုယ့်အပေါ် ကောင်းတာ၊ မကောင်းတာ၊ ကျေးဇူးသိတတ်တာ၊ မသိတတ်တာကို လျစ်လျူရှုပြီး မျှဝေပေးတာကို ဥပေက္ခာအရင်းခံတဲ့ မေတ္တာနဲ့ မျှဝေတယ်လို့ ခေါ်ပါတယ်။

မောင်ဝလုံးလေး ဆေးရုံကဆင်းသွားတဲ့နေ့မှာပဲ ဆရာဝန်လေး ဆေးရုံလာ၊ အိမ်ပြန်အသုံးပြုတဲ့ တစ်ပတ်ရစ်စက်ဘီးလေးရဲ့ ရှေ့ခြင်းလေးထဲမှာ နှီးကြိုးနဲ့ ချည်ထုပ်ထားတဲ့ ကြက်ဥအလုံး ၂၀ ပါ အညိုရောင်စက္ကူထုပ် တစ်ထုပ်ကို အမည်မသိလူတစ်ယောက်လာထည့်သွားတာ တွေ့လိုက်ရပါတယ်။ ဆရာဝန်လေးရဲ့ မျှဝေခြင်းကို လက်တွေ့ မျက်တွေ့မြင်လိုက်ရတဲ့ တစ်စုံတစ်ယောက်က ဆရာဝန်လေးကို ပြန်လည်မျှဝေသွားတာပါ။ မျှဝေခြင်းဓာတ်တွေကူးစက်ပြီး မျှဝေခြင်းစက်ဝန်း ကျယ်ပြန့်သွားတဲ့ သဘောပါပဲ။ မောင်သုညလို လူနာတွေအတွက် အဲဒီကြက်ဥအလုံး ၂၀ ကို ဆေးရုံက ရေခဲသေတ္တာထဲမှာပဲ ဆရာဝန်လေး သိမ်းဆည်းထားလိုက်ပါတယ်။

အဲဒီဆရာဝန်လေးကတော့ အခုချိန်မှာ "လင်္ကာရည်ကျော်" ဆိုတဲ့ ကလောင်အမည်နဲ့ ဂန္ထဝင်မြောက် ရသစာပေတွေရေးသားနေတဲ့၊ "ဒေါက်တာရဲ"ဆိုတဲ့ ကလောင်အမည်နဲ့ လူထုအကျိုးပြု ဆေးပညာစာပေတွေ ရေးသားနေတဲ့ နှစ်ထပ်ကွမ်းအမျိုးသားစာပေဆုရှင် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာရဲမြင့်ကျော်ပဲ ဖြစ်ပါတယ်။

မောင်သုညကနေ မောင်ဝလုံးဖြစ်လာတဲ့အကြောင်းကို ဆရာလင်္ကာရည်ကျော်ရေးတဲ့ "ယှဉ်ရဲပဲ့မလား" ဝတ္ထုတိုမှာ ဖတ်ခဲ့ဖူးတာပါ။ ဦးဇင်းကတော့ အဲဒီဝတ္ထုတိုကို ကြက်ဥအလုံး ၂၀ ဝတ္ထု၊ သို့မဟုတ် ငါးမတ်တန်ကုသိုလ် ဝတ္ထုလို့ပဲ မှတ်သားထားပါတယ်။ မကြာခဏသတိရပြီး သတိရတိုင်းလည်း ပီတိဖြစ်ရတဲ့ဝတ္ထုတိုလေးပါ။ အခမ်းအနားမပါတဲ့ တခမ်းတနားမျှဝေခြင်းကို မျှဝေထားတာဖြစ်လို့ မျှဝေခြင်းစိတ်ဓာတ်ကို ရှင်သန်ထက်မြက်စေတဲ့ ဝတ္ထုတိုကောင်းတစ်ပုဒ်ပါပဲ။

လိုအပ်ချက်ရှိတဲ့ အခြေခံပညာကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းဝတ်စုံ၊ ပြဋ္ဌာန်းစာအုပ်၊ ဗလာ စာအုပ် ဖြည့်ဆည်းထောက်ပံ့ပေးတဲ့ "မျှဝေခြင်းအစီအစဉ်"ကို လူထုခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒကာမကြီး ဒေါ်အောင်ဆန်းစုကြည်က လူထုအစိုးရသစ် တက်တက်ချင်းမှာပဲ လမ်းညွှန်ခဲ့တာပါ။ ရွှေပါရမီကျောင်းသား ကျောင်းသူတွေကလည်း လူထုခေါင်းဆောင် စတင်လမ်းညွှန်တဲ့လမှာပဲ မျှဝေခြင်းအတွက် ပညာသင်ထောက်ပံ့ကြေးထဲက တစ်ယောက်တစ်ထောင်စီ စတင်စုဆောင်းခဲ့ကြပါတယ်။ လစဉ်စုဆောင်းလိုက်တော့ တစ်နှစ်ကြာတဲ့အခါ အခုလို ထိထိရောက်ရောက်၊ များများစားစား မျှဝေနိုင်သွားပါတယ်။ စုပေါင်းအင်အားရဲ့ အစွမ်းသတ္တိကတော့ အံ့မခန်းပါပဲ။

မရှိတဲ့ကြားထဲက မျှဝေထားတာမို့ တကယ်မရှိတဲ့ သူတွေဆီရောက်သွားအောင် ကျောင်းပေါင်းစုံက အလိုအပ်ဆုံး ကျောင်းသား ကျောင်းသူတွေကို စနစ်တကျ စိစစ်ရွေးချယ်ပေးတဲ့ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဝဏ္ဏအောင်သူ၊ သထုံ NLD ရပ်/ကျေးခေါင်းဆောင်များနဲ့ သထုံမြို့နယ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

လူထုခေါင်းဆောင်ကတော့ လူထုအကျိုးရှိမယ့် လမ်းညွှန်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကို အမြဲမပြတ် ချမှတ်ပေးနေမှာပါပဲ။ လူထုခေါင်းဆောင် တစ်ကြိမ်တစ်ခါ ချမှတ်ပေးလိုက်တဲ့ လမ်းညွှန်ချက်တိုင်း၊ ဆုံးဖြတ်ချက်တိုင်းကို လူထုက ပြီးပြီးပျောက်ပျောက် မေ့မပစ်ဘဲ အစဉ်အမြဲသတိရနေဖို့၊ အစဉ်တစိုက် အကောင်အထည်ဖော်နေဖို့ လိုအပ်ပါတယ်။ ရှားရှားပါးပါးရထားတဲ့ ခေါင်းဆောင်ကောင်းရဲ့ ဦးဆောင်မှုနောက်ကို လူထုတစ်ရပ်လုံးက ယုံယုံကြည်ကြည်၊ ထက်ထက်သန်သန်နဲ့ မှန်မှန်ကန်ကန်၊ ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါကြမယ်ဆိုရင် စနစ်ကောင်းခိုင်မာတဲ့ နိုင်ငံကောင်းတစ်ခု အမြန်ဆုံးပေါ်ထွန်းလာမှာပါ။

လူတိုင်းမှာ ကိုယ်နေခဲ့တဲ့ ကျောင်း၊ ကိုယ်နေခဲ့တဲ့ မြို့နယ်၊ ကျေးရွာဆိုတာ ရှိပါတယ်။ ဝေးဝေးလံလံမျှဝေခြင်းတွေ မလုပ်နိုင်ရင်တောင် ကိုယ်နေခဲ့တဲ့ကျောင်း၊ ကိုယ်နေခဲ့တဲ့မြို့နယ်၊ ကျေးရွာရဲ့ လိုအပ်ချက်တွေကို ကိုယ်စွမ်းနိုင်သမျှ ဖြည့်ဆည်းပေးတဲ့ လက်တစ်ကမ်းမျှဝေခြင်း၊ နီးစပ်ရာမျှဝေခြင်း၊ တစ်နိုင်တစ်ပိုင် မျှဝေခြင်းလေးတွေကို လူတိုင်းကိုယ်စီလုပ်ဆောင်သွားကြမယ်ဆိုရင် နေရာဒေသအနှံ့ အသီးသီး တိုးတက်သွားတဲ့အတွက် နေရာဒေသတွေ စုပေါင်းထားတဲ့ တစ်နိုင်ငံလုံးလည်း အချိန်တိုအတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာပါတယ်။

မျှဝေခြင်းဖြင့် အများအကျိုး ဆောင်နိုင်ကြပါစေ။
မျှဝေခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်နိုင်ကြပါစေ။
မျှဝေခြင်းဖြင့် ကုသိုလ်ပါရမီ ဖြည့်ကျင့်နိုင်ကြပါစေ။
မျှဝေစိတ်ထားဖြင့်. . . .

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

*(ယခုဆောင်းပါးအား ၂၀-၈-၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်း စာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ဖော်ပြထားပါသည်။)*

# ရောဝတီမြစ်ရေကြီးခဲ့ခြင်းကြောင့် ယာယီပိတ်ထားရသော စာသင်ကျောင်း ၂၅၀ ခန့် ပြန်လည်ဖွင့်လှစ်

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေကြီးခဲ့ခြင်းကြောင့် ယာယီပိတ်ထားရသော စာသင်ကျောင်း ၂၅၀ ခန့် ပြန်လည်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင်လအတွင်းက ဧရာဝတီမြစ်ရေ ဆက်တိုက်မြင့်တက်မှုကြောင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၁၂ မြို့နယ်မှ စာသင်ကျောင်း ၂၄၇ ကျောင်း ယာယီပိတ်ထားရသော်လည်း ယခုအခါ ယင်းစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

မကွေးမြို့နယ်တွင် တစ်ကျောင်း၊ ရေနံချောင်းမြို့နယ်တွင် ၁၉ ကျောင်း၊ ချောက်မြို့နယ်တွင် ငါးကျောင်း၊ မင်းဘူးမြို့နယ်တွင် ရှစ်ကျောင်း၊ ပွင့်ဖြူမြို့နယ်တွင် ၂၃ ကျောင်း၊ စလင်းမြို့နယ်တွင် ၅၅ ကျောင်း၊ ပခုက္ကူမြို့နယ်တွင် ၄၃ ကျောင်းနှင့် ကံမမြို့နယ်တွင် ကိုးကျောင်း၊ သရက်မြို့နယ်တွင် တစ်ကျောင်း၊ ရေစကြိုမြို့နယ်တွင် ၇၉ ကျောင်းနှင့် ဆိပ်ဖြူမြို့နယ်တွင် နှစ်ကျောင်း၊



အောင်လံမြို့နယ်တွင် တစ်ကျောင်းတို့ ယာယီပိတ်ထားခဲ့ရသည်ဟု ၎င်းကဆိုသည်။

"ရေကြီးလို့ ပိတ်ထားရတဲ့ရက်တွေကို ကျောင်းတွေမှာ အခုရက်ပိုင်း တနင်္ဂနွေနေ့နဲ့ ဥပုသ်နေ့တွေမှာ အရင်ပိတ်ထားခဲ့ရတဲ့ ရက်တွေအတွက် အစားထိုးသင်ကြားပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ယခုနှစ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာသော်လည်း ၂၀၁၆ ခုနှစ်က ရေတက်စံချိန်အထိ မရောက်ရှိခဲ့ကြောင်း၊ ဇူလိုင်လဆန်းမှ ၂၀ ရက်အထိ ရေတက်ခဲ့သော်လည်း ယခင်နှစ်ကလောက် ရေမရောက်ရှိခဲ့သဖြင့် စိုးရိမ်ရသည့်အခြေအနေထိ မဖြစ်ခဲ့ရကြောင်း မင်းဘူးဒေသခံများက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအတွင်း မြစ်ရေဝင်ရောက်ခဲ့သဖြင့် အထက်တန်းအဆင့် ၁၅ ကျောင်း၊ အလယ်တန်းအဆင့် ၇၆ ကျောင်းနှင့် မူလတန်းအဆင့် ၁၅၆ ကျောင်း ပါဝင်ပြီး ဩဂုတ်လဆန်းမှ စတင်သင်ကြားပေးနေကြောင်း သိရသည်။ **(ဟံသာလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လှေ့လာစို့

## ပြည်တွင်းရေးရာ

**✻ ရှေ့ဖုံးမှ**

ဓာတ်အားခွဲရုံစီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအခြေအနေ၊ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားပို့လွှတ်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားလျှပ်စစ်ဓာတ်အားပင်မစီမံချက်အရ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်များ တိုးတက်လာမည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ Turbine နှင့် Generator စက်များ မောင်းနှင်လည်ပတ်မှု၊ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေလှောင်တမံပေါ်မှ ကန်ရေသိုလှောင်ထားရှိမှု၊ ပင်မရေပိုလွှဲ၊ Switch Yard နှင့် တမံကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်ပေါ်တွင်တည်ရှိပြီး ပင်မတမံ၊ ကျောက်ဖြည့်တမံ အမျိုးအစားဖြင့် တည်ဆောက်ထားကာ တမံအလျားပေ ၁၁၀၀၊ အမြင့် ၃၂၈ ပေ ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏမှာ ၅ သိန်း ၄ သောင်း ဧကပေဖြစ်၍ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၈၀ နှင့် တစ်နှစ်ဓာတ်အား ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ရှုရပ်မှ ကန်ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲ၊ Switch Yard နှင့် တမံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက အထက်ပေါင်းလောင်းရေအားလျှပ်စစ်ရေလှောင်တမံစီမံကိန်းဆောင်ရွက်ခဲ့မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရေအားလျှပ်စစ်ထုတ်လုပ်မှုအခြေအနေနှင့် ရေလှောင်တမံတွင် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သိလိုသည်များမေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်ရေလှောင်တမံမှ ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ Turbine နှင့် Generator စက်များ မောင်းနှင်လည်ပတ်မှု၊ Control Room မှ ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် တမံကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင်တည်ရှိပြီး RCC ကွန်ကရစ်တမံအမျိုးအစားဖြစ်ကာ တမံအလျား ပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၁၃ သိန်း ၆ သောင်းဧကပေရှိပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ နှင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန နန်ချိုရေအားလျှပ်စစ်ရေထိန်းတမံသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရေထိန်းတမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အဓိကအချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် CVC ကွန်ကရစ်ရေထိန်းတမံ၊ ရေယူအဆောက်အအုံ၊ ရေတံလျှောက်နှင့် ဓာတ်အားပေးစက်ရုံအတွင်းရှိ Control Room တို့ကို ကြည့်ရှုစစ်ဆေးသည်။

နန်ချိုရေထိန်းတမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်တွင်တည်ရှိပြီး ကွန်ကရစ်တမံအမျိုးအစားဖြစ်ကာ အလျား ၄၄၃ ပေ၊ အမြင့် ၁၆၇ ပေ၊ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ နှင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ၁၅၂ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ပေါင်းလောင်းမြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာသည့် ဓာတ်အားများကို ၂၃၀ ကေဗွီနှစ်ထပ်ဓာတ်အားလိုင်းဖြင့် ပျဉ်းမနားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ပေးလျက်ရှိသည်။

ခရီးစဉ်အတွင်း တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လိုအပ်ချက်များတွင် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေ၊ မြေ၊ သဘာဝနှင့် ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်ပြီး နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးတွင်းကာလအတွင်း ရေအားလျှပ်စစ်မှ ရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချသွားရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိသုံးစွဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်စီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်း စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးနေရမည်ဖြစ်ပါကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြိုင်သာယာနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

သီလဝါအထူးစီးပွားရေး စက်မှုဇုန် မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MJTD)မှ လှူဒါန်းသည့် ကျောက်တန်းမြို့ သန်လျင်-ကျောက်တန်း ကားလမ်းဘေးရှိ မြိုင်သာယာ အထက်တန်းကျောင်းခွဲတွင် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် မြိုင်သာယာ(၃) ရပ်ကွက်တွင် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြိုင်သာယာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်က "သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို ဒီနယ်တွေမှာလာရောက်ပြီးတော့ ဆောင်ရွက်ရတဲ့ အကြောင်းရင်းက ဒီဒေသမှာရှိတဲ့ ဒေသခံတွေရဲ့ အခြေခံအဆောက်အအုံတွေအားလုံး အဆင့်မြင့်မြင့်နဲ့ ပိုပြီးတော့ ကောင်းမွန်သွားစေဖို့ဆိုတဲ့ဆန္ဒ ကျွန်တော်တို့မှာရှိပါတယ်။ စီမံကိန်းလာလုပ်ရင် အဲဒီရဲ့အကျိုးကို ဒေသခံတွေရရှိနိုင်ဖို့ အတွက်ဆိုတာ ဖြစ်သင့်ပါတယ်။ အကျိုးလို့ပြောရင် ရေရှည်ကျမှ ရလာနိုင်တဲ့ အကျိုးရှိနိုင်သလို ရေတိုအတွင်းရနေတဲ့ အကျိုးတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ စီမံကိန်းမှာရှိတဲ့ သတင်းအချက်အလက်တွေကို ဆာဗေးလုပ်ပါတယ်။ ဆာဗေးရလဒ်တွေကိုကြည့်ရင် ကျွန်တော်တို့ဆီမှာ ဒေသခံတွေထဲက ဒီမှာအလုပ်လုပ်နေတဲ့ သူ ၇၇ ရာခိုင်နှုန်းအထိရှိတယ်လို့ နောက်ဆုံးယူတဲ့ အချက်အလက်တွေအရ သိရပါတယ်။ ကျောင်းဆောင်လှူတာကတော့ ရေတိုတင်မကဘဲ ရေရှည်အတွက်လည်း မျှော်မှန်းပါတယ်။ ဒီဒေသမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေအတွက် ပညာအရည်အချင်းမြင့်မားအောင် ဆောင်ရွက်ပေးချင်ပါတယ်။ ဒေသခံတွေရဲ့ ပညာအရည်အချင်း ပိုပြီးမြင့်မားလာလေလေ ပိုပြီးတော့ အဆင့်မြင့်တဲ့ အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်လေပါပဲ။ ဒီတော့ ဒေသခံတွေလည်းအကျိုးရှိမယ်။ စီမံကိန်းအတွက်လည်း အကျိုးရှိတာဖြစ်တဲ့အတွက် ပညာရေးနဲ့ ပတ်သက်တဲ့ အကူအညီအထောက်အပံ့တွေ ဖြစ်စေဖို့အတွက် ရေရှည်မျှော်မှန်းပါတယ်။ ဒါမှ ပညာရည်မြင့်တဲ့ဒေသခံတွေအနေနဲ့ အဆင့်မြင့်လာတဲ့စီမံကိန်းတွေမှာ ပါဝင်လာနိုင်မှာပါ။ ဒါဟာပညာအရည်အချင်းနဲ့ ပတ်သက်ပြီး ရေရှည်ပါ"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

သီလဝါ အထူးစီးပွားရေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီသည် သန်လျင်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆွေးနွေးလျက်ရှိပြီး ကျောင်းပညာသင်ကြားမှုပြီးပါက အလုပ်အကိုင်များရရှိရန် စီစဉ်လျက်ရှိကြောင်း၊ အထူးစီးပွားရေးစက်မှုဇုန်တွင် ဂျပန်နိုင်ငံမှ လာရောက်ဖွင့်လှစ်ထားသည့် Vocational Training Center (အလုပ်သမားသင်တန်းကျောင်း) တွင်လည်း ဒေသခံများကိုခေါ်ယူ၍ အခမဲ့သင်တန်းပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MJTD) ဥက္ကဋ္ဌ ဦးသိန်းဟန်က MJTDသည် မြိုင်သာယာအထက်တန်းကျောင်းခွဲတွင် နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ကျပ်သိန်းပေါင်း ၁၈၀၀ ကျော်၊ ကျောင်းပရိဘောဂအတွက် ၁၄၅ သိန်းကျော်၊ ကျောင်းခြံစည်းရိုးအတွက် ၃၅၅ သိန်းကျော်၊ ကျောင်းအဝီစိတွင်းအတွက် ၁၅၁ သိန်းကျော် စုစုပေါင်း ကျပ်သိန်းပေါင်း ၂၄၇၀ ကျော်နှင့် မြိုင်သာယာ (၃) ရပ်ကွက်တွင် သန်လျင်-ကျောက်တန်း လမ်းမကြီးအထိ ပေပေါင်း ၁၉၀၀ အရှည်၊ အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မရှိသည့် ကွန်ကရစ်လမ်းကို ကျပ်သိန်းပေါင်း ၅၇၇ သိန်းကျော် အကုန်အကျခံ လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ လူမှုအကျိုးပြုလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် MJTD အနေဖြင့် ကျပ်သိန်းပေါင်းကိုးသောင်းခန့် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ရှင်းလင်းပြောကြားသည်။

ဦးသိန်းဟန်က "ဆက်လက်လှူဒါန်းပံ့ပိုးသွားမှာပါ။ သီလဝါအထူးစီးပွားရေးဇုန် ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံတွေအတွက် အခုလိုကူညီထောက်ပံ့ပေးနိုင်တဲ့အတွက်လည်း ကျွန်တော်တို့ MJTD က များစွာကျေနပ်အားရ ဂုဏ်ယူမိပါတယ်"ဟုပြောသည်။

ထို့နောက် မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်စီအီးအို မစ္စတာတာကာရှိရန်နိုင်က မြိုင်သာယာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးထံသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် မြိုင်သာယာ (၃) ရပ်ကွက်ရှိ ကွန်ကရစ်လမ်းမကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ပြုလုပ်သည့်အခမ်းအနားသို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**



## ❍ မြန်မာ့ပုလဲမှ

တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂)မှ စုစုပေါင်း ပုလဲအတွဲ ၁၈၀ တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၁၇၈ တွဲ ရောင်းချခဲ့ရသဖြင့် တင်ပြပုလဲအတွဲပေါ်တွင် ၉၉ ရာခိုင်နှုန်း ရောင်းချရရှိခဲ့သည်။ ရောင်းချရရှိသော ပုလဲအတွဲ ၁၇၈ တွဲမှာ နိုင်ငံပိုင်ပုလဲအတွဲများဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေ ယူရို ၁၅၂၈၆၂၇ ဖြင့် ရောင်းချရရှိခဲ့သည်။

ညနေ ၄ နာရီခွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်သည် ပုလဲကုန်သည်များက ပုလဲအတွဲများ တင်ဒါထည့်သွင်းဝယ်ယူနေမှုကို လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပုလဲရောင်းချပွဲသို့ ဩဂုတ် ၁၉ ရက်အထိ ပြည်တွင်း၊ ပြည်ပ ပုလဲကုမ္ပဏီ ၆၂ ခုမှ ပုလဲကုန်သည် ၁၈၉ ဦး တက်ရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင်လည်း တင်ဒါအမှတ်(၃)မှ ပုလဲအတွဲ ၉၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ



# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**
နှစ်စဉ်ကျင်းပလျက်ရှိသည့် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များ၊ ပျဉ်းမနားဘိုးဘွားရိပ်သာနှင့် အေးငြိမ်းချမ်းသာ ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနားမြို့ မာန်အောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများအား ပျဉ်းမနားမြို့ မာန်အောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များ၊ ပျဉ်းမနားဘိုးဘွားရိပ်သာနှင့် အေးငြိမ်းချမ်းသာ ဘိုးဘွားရိပ်သာသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၇၈၂၃၀၀၀၊ ဆန် ၅၆၁ အိတ်၊ ဆီ ၁၄၇ ပိဿာ၊ ပဲ ၁၄၇၀ ပိဿာ၊ ဆား ၁၄၇၀ ပိဿာ၊ ဆေးမျိုးစုံ ၅၅၂၀ ဘူးနှင့် ငါးပိထောင်းဘူး၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်နှင့် မဆလာထုပ်များကို လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**





# ရောဝတီလင်းပိုင် ထိန်းသိမ်းရေးမော်တော်ပေါ်တွင် ရောဝတီလင်းပိုင် ပြခန်းဖွင့်လှစ်မည်

**နေပြည်တော် ဩဂုတ် ၁၉**
ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးမော်တော်ပေါ်၌ ပြုလုပ်ထားသော ဧရာဝတီလင်းပိုင်ပြခန်းကို ဩဂုတ် ၂၀ ရက်မှစတင်ကာ မန္တလေးမြို့ (၂၆)လမ်းထိပ် မရမ်းခြံဆိပ်ကမ်း (သို့မဟုတ်) မင်းကွန်းဆိပ်ကမ်းတွင် ဖွင့်လှစ်ထားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ အပါအဝင် မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ပါကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

ဧရာဝတီလင်းပိုင်ပြခန်းတွင် ဧရာဝတီလင်းပိုင်တို့၏ သမိုင်းရာဇဝင်များ၊ လင်းပိုင်ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများ၊ ကင်းလှည့်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်မှတ်တမ်းများကို လေ့လာနိုင်သကဲ့သို့ ဧရာဝတီလင်းပိုင်အရိုးစုနှင့် ဆေးရည်စိမ်ထားသော လင်းပိုင်တို့ကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ပြည်သူတွေကို သိရှိစေလိုတဲ့အတွက် ဒီပြခန်းကို ဖွင့်လှစ်တာဖြစ်ပါတယ်။ ပြခန်းကို လေ့လာခြင်းအားဖြင့် ဧရာဝတီလင်းပိုင်တွေရဲ့ သဘာဝလေ့တွေကို သိရှိပြီးတော့ ကာကွယ်ထိန်းသိမ်းရေး အသိပညာတွေ ပြန့်ပွားစေချင်တာဖြစ်ပါတယ်။ ဒီမော်တော်က တစ်နှစ်တစ်ခါ ဧရာဝတီလင်းပိုင် စာရင်းကောက်ယူတဲ့ လုပ်ငန်းဆောင်ရွက်ပြီးတော့ တစ်လမှာ တစ်ခေါက် ဒါမှမဟုတ် နှစ်ခေါက် လင်းပိုင်ထိန်းသိမ်းရေး အသိပညာပေး လုပ်ငန်းဆောင်ရွက်တဲ့ ခရီးစဉ်ထွက်တာ ရှိပါတယ်။ ဒီခရီးစဉ်သွားတဲ့အချိန်ကလွဲပြီး ကျန်တဲ့အချိန်တွေမှာ မော်တော်ကို ပြည်သူတွေလေ့လာနိုင်ဖို့ ဆိပ်ကမ်းမှာကပ်ပြီး ပြခန်းကို ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ပါတယ်”ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဒေါ်ရွှေဇင်မျိုးဝင်းက ပြောကြားသည်။

ပြခန်းဖွင့်လှစ်ထားသည့်မော်တော်ဖြင့် ဧရာဝတီလင်းပိုင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လင်းပိုင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများနှင့် ကင်းလှည့်ခြင်း လုပ်ငန်းများဆောင်ရွက်သည့် ခရီးစဉ်များသွားရောက်သည့်အခါ ခရီးစဉ်အတွင်း သင်္ဘောဆိုက်ကပ်သည့် ဒေသများရှိ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများပါ ပြခန်းကို လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **(ရှင်မင်း)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုင်းလုံအထက၌ ပေးအပ်

**သီပေါ ဩဂုတ် ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းလုံမြို့၌ ပညာသင်ကြားလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက်က မိုင်းလုံအထကကျောင်း ခန်းမ၌ ကျင်းပရာ ကျောက်မဲမြို့နယ် လဝကဦးစီးမှူး ဦးသန်းဌေးက မှတ်ပုံတင်ပြုလုပ်ပြီးစီးမှုများကို တင်ပြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူ ၁၇၅ ဦးတို့အား မြို့နယ်လဝကမှူး ဦးသန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာဆွေတင့်၊ စခန်းမှူး ရဲအုပ် အောင်ကိုလတ်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်သည်။ **(စိုင်းသာလှိုင်)**

# ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဟော်ကီအသင်းများ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၉**
မလေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီး ဟော်ကီအသင်းသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

မြန်မာအမျိုးသား ဟော်ကီအသင်းသည် နံနက်ပိုင်းက ထွက်ခွာသွားပြီး အုပ်ချုပ်သူ ဦးဇော်ဝင်း၊ လက်ထောက်အုပ်ချုပ်သူ ဦးသိန်းထွေး၊ Technical Expert အဖြစ် ပါကစ္စတန်နိုင်ငံသား Mr. Zahid Ali၊ နည်းပြများအဖြစ် ဦးထွန်းထွန်းဦး၊ ဦးမိုးဇော်၊ ဦးကျော်စိုးလှိုင်နှင့် အားကစားသမား ၁၈ ဦးတို့ လိုက်ပါသွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ညနေပိုင်းတွင် ထွက်ခွာသွားပြီး အုပ်ချုပ်သူ ဦးနေထွန်း၊ လက်ထောက်အုပ်ချုပ်သူ ဒေါ်ခင်လေးမွန်၊ Technical Expert အဖြစ် ပါကစ္စတန် နိုင်ငံသား Mr. Asif Maqsood၊ နည်းပြများအဖြစ် ဦးအောင်မှူး၊ ဦးသူရကျော်တို့ လိုက်ပါသွားခဲ့သည်။ ဆီးဂိမ်း အမျိုးသားဟော်ကီပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားအသင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဟော်ကီအဖွဲ့ချုပ်**



မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်းကို လေဆိပ်၌ တွေ့ရစဉ်။



**(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာအားကစားအသင်းများ ယှဉ်ပြိုင်ရာအားကစားပြိုင်ပွဲများသို့ သွားရောက်ကာ မြန်မာအားကစားမောင်မယ်များ အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိစေနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးညွန့်၊ အတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များကို ဩဂုတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ မထွက်ခွာမီ တွေ့ရစဉ်။**

(သက်မှူး)

✻ ကျောဖုံးမှ

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်(၁)တွင် ပွဲထွက်ခဲ့သည့် ကစားသမားများကိုသာ ထပ်မံပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် ၄၅ မိနစ်တွင် နောက်ခံလူ အဲရစ်ဘိုင်လီ သွင်းယူခဲ့သည့်သွင်းဂိုးဖြင့် ပထမပိုင်းတွင် အိမ်ရှင် ဆွမ်ဆီးအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

မန်ယူအသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ ယခုပွဲစဉ်တွင် ဆွမ်ဆီးအသင်းသည် ခံစစ်ကိုဦးစားပေးကာ တန်ပြန်တိုက်စစ်ကို အသုံးပြုခဲ့ပြီး မန်ယူအသင်းမှာမူ ရာသီအဖွင့်ပွဲစဉ်တွင် ကစားခဲ့သည့်ခြေစွမ်းထက် အစောပိုင်းပွဲကစားချိန်များ အတွင်း ခြေစွမ်းတည်ငြိမ်မှုအားနည်းခြင်းများဖြစ်ပေါ်ခဲ့သော်လည်း ပွဲကစားချိန် ၇၅ မိနစ်တွင် တိုက်စစ်မှူး မာရှယ် လူစားလဲဝင်ရောက်လာပြီးနောက် တိုက်စစ်ပိုင်း ပိုမိုတည်ငြိမ်လာခဲ့ကာ သွင်းဂိုးများဆက်တိုက်ရရှိခဲ့သည်။

မန်ယူအသင်းအတွက် နောက်ထပ်သွင်းဂိုးများကို ပွဲကစားချိန်မိနစ် ၈၀ တွင် လူကာကူကတစ်ဂိုး၊ ပွဲကစားချိန် ၈၂ မိနစ်တွင် ပေါ့ဘာက တစ်ဂိုးနှင့် ပွဲကစားချိန် ၈၄ မိနစ်တွင် မာရှယ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး ယင်းသွင်းဂိုးသုံးဂိုးကို ခြောက်မိနစ်အတွင်းသွင်းယူနိုင်ခဲ့သည့် မန်ယူအသင်း၏ တိုက်စစ်ပိုင်းသည် နည်းပြမော်ရင်ဟိုနှင့် ပရိသတ်များအတွက် အားရစရာ ခြေစွမ်းကို ပိုင်ဆိုင်ထားခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲကစားအပြီးတွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲစလုံး၌ လေးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်း တစ်ခုကိုလည်း ပိုင်ဆိုင်ထားခဲ့ပြီး မန်ယူအသင်းအတွက် နှစ်ပွဲပေါင်း သွင်းဂိုး ရှစ်ဂိုးတွင် လူကာကူက သုံးဂိုးအထိပါဝင်ထားခဲ့သည်။

ဆွမ်ဆီးအသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်တစ်မှတ်သာလျှင်ရရှိထားပြီး မန်ယူအသင်းမှာမူ ရမှတ်ရှစ်မှတ်အထိ ရယူထားနိုင်ခဲ့ပြီလည်းဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃) အဖြစ် လက်စတာစီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆွမ်ဆီးအသင်းမှာမူ ခရစ္စတယ်ပဲလေ့အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

# မြန်မာအမျိုးသမီးအသင်း၏ အရေးပါသည့်ပွဲအဖြစ် ဗီယက်နမ်နှင့် ယနေ့ကစားမည်

**ကွာလာလမ်ပူ ဩဂုတ် ၁၉**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ကွာလာလမ်ပူမြို့ရှိ UM ကွင်း၌ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ချန်ပီယံဆုလက်ကျန်မျှော်လင့်ချက်အတွက် ယနေ့ပွဲမှာ အရေးပါလျက်ရှိပြီး မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။

ယင်းပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် အရေးပါလျက်ရှိပြီး ယခုပွဲ အနိုင်ရမှသာ ရွှေတံဆိပ်ဆုအတွက် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် နှစ်ပွဲကစားသုံးမှတ်ရထားပြီး ဗီယက်နမ်အသင်းသည် တစ်ပွဲကစား သုံးမှတ်ရထားသည်။ မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလာခဲ့ပြီး ဒုတိယပွဲတွင် အိမ်ရှင်မလေးရှားအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် တစ်ပွဲရှုံးထားသောကြောင့် အမှားလုပ်၍မရတော့ဘဲ ယနေ့ကစားရမည့် ဗီယက်နမ်အသင်းကိုလည်း မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။ ဗီယက်နမ်အသင်းသည် ပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရထားပြီး ဒုတိယပွဲတွင် မြန်မာအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် နှစ်စဉ်နီးပါးတွေ့ဆုံခဲ့ပြီး ပြီးခဲ့သည့်ဧပြီက ကျင်းပသည့် အာရှဖလားခြေစစ်ပွဲတွင် မြန်မာအသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ တတိယနေ့ အခြားပွဲစဉ်အဖြစ် အိမ်ရှင်မလေးရှားနှင့် ထိုင်းအသင်းတို့ ညပိုင်းတွင် ဆက်လက်ကစားမည်ဖြစ်သည်။ ဒုတိယနေ့ပွဲစဉ်များအပြီးတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ သုံးမှတ်စီရထားသော်လည်း မြန်မာနှင့် ဖိလစ်ပိုင်က နှစ်ပွဲစီ ကစားထားပြီး ဗီယက်နမ်နှင့် ထိုင်းက တစ်ပွဲစီသာ ကစားရသေးသည်။

**(ရှိုင်းထက်ဇော်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်း

**သရက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရွာသစ်ကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းကို ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၅ ရက် အထိဖွင့်ခဲ့ပြီး သင်တန်းဆင်းပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်နှင့် ဒေါ်အေးယုမော်တို့က သင်တန်းမှပို့ချပေးသည့် ပညာများကို မိမိကျေးရွာရောက်ရှိပါက လေ့ကျင့်ကြရန်နှင့် စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် ဆက်လက်ကြိုးစားစေလိုကြောင်း ပြောကြားခဲ့ပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်က သင်တန်းမှသင်ယူတတ်မြောက်ထားသည့် စက်ချုပ်ပညာကိုအခြေခံ၍ ဆက်လက်သင်ကြားစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ ယင်းနောက် သင်တန်းဆရာမအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ၁၂ ခု လုပ်ဆောင်သွားမည်

**မုံရွာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်၊ မူးမြစ်၊ မြောက်ယမားချောင်းနှင့် ယင်းမြစ်တို့အတွင်းသို့ စီးဆင်းလျက်ရှိသောချောင်းများ၏ရေတိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျလျက်ရှိသောနေရာများသို့ ၂၀၁၇-၂၀၁၈ ခုနှစ်၏ တတိယသုံးလအတွင်း မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်း ၁၂ ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

“အခုလုပ်ဆောင်မယ့်လုပ်ငန်း ၁၂ ခုမှာ ချင်းတွင်းမြစ်အတွင်းမှာ လုပ်ဆောင်မယ့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက မြစ်ရေအခြေအနေကြောင့် လုပ်ရမှာနည်းပါတယ်။ မူးမြစ်၊ ယမားချောင်းနဲ့ ချောင်းလက်တက်တွေမှာ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေများပါတယ်”ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်းမြို့နယ် သံပေါက်ချောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် သန်း ၁၃၀ ဖြင့်လည်းကောင်း၊ ယင်းမာပင်မြို့နယ် နှုန်းကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် ၈၄ သန်းဖြင့်လည်းကောင်း၊ ဝက်လက်မြို့နယ် စွယ်ကွေ့ကျေးရွာ ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် သန်း ၇၀ဖြင့်လည်းကောင်း၊ ရေဦးမြို့နယ်အတွင်းရှိ အောင်မင်္ဂလာရပ်ကွက် ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် သန်း ၅၀ ဖြင့်လည်းကောင်း၊ ရေဦးမြို့ မန်ကျည်းတောရပ်ကွက် ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် သန်း ၅၀ ဖြင့်လည်းကောင်း၊ အင်းတော်မြို့နယ် သာယာကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် ၁၂၂ သန်းဖြင့်လည်းကောင်း၊ ဝန်းသိုမြို့နယ် ဆီဆုံကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် ၉၈ သန်းဖြင့်လည်းကောင်း၊ ခန္တီးမြို့ U T.H.S ကျောင်း ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် ၁၅ သန်းဖြင့်လည်းကောင်း၊ ခန္တီးမြို့ U GTI ကျောင်း ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် ၁၁၉ သန်းဖြင့်လည်းကောင်း၊ ခန္တီးမြို့ မြသိန်းတန်ဘုရား ကမ်းပြိုကာကွယ်ရေးအတွက် ငွေကျပ် သန်း ၁၅၀ ဖြင့်လည်းကောင်း၊ အရာတော်မြို့နယ် ရေယိုကျေးရွာ ကမ်းပြိုကာကွယ်ရေးကို ငွေကျပ် ၄၅ သန်းဖြင့်လည်းကောင်း၊ ဆားလင်းကြီးမြို့နယ် ရွှေချမ်းသာကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ငွေကျပ် သန်း ၁၀၀ ဖြင့်လည်းကောင်း စုစုပေါင်း ငွေကျပ် ၁၀၃၃ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တတိယသုံးလအတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | လူတိုင်းကျန်းမာအာယုဗေဒဆေးပညာ | ဆရာမြင့်(စကြာမင်း) | ၄၅၀၀ | ရန်အောင် |
| ၂ | မဟာတို့၏ ကျဆုံးခန်း-၃ | လှစိုးဝေ | ၅၀၀၀ | ရုပ်ပြောင် |
| ၃ | မိန့်ခွန်းများ ဒိုင်ယာရီ အောင်ဆန်းစုကြည် | နေခြည်ဇေယျ | ၂၀၀၀ | မယ်နှင့်မောင် |
| ၄ | အလှမွေးငါး (ရောင်စုံငါးကြင်း) အခြေခံသားဖောက်ဆေးကုနည်း | ဒေါက်တာ မောင်မောင်အေး | ၁၈၀၀ | ဝါးလည် |
| ၅ | ဗိုက်ကြီးပူလာမှ ကိုယ်ဝန်ရှိမှန်း သိမှာလား | ဒေါက်တာစိုးလွင် | ၃၅၀၀ | စိုးဇင် |
| ၆ | ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ | အကြည်တော် | ၃၀၀၀ | - |
| ၇ | ပါဘီနွန် | စာစဉ် (၈၀) | ၁၅၀၀ | the key |
| ၈ | နင်လားဟဲ့ ချစ်ဒေါသနှင့် အခြားသာသာပြန်ဝတ္ထုတိုများ | ဇော်ဂျီ | ၁၅၀၀ | the key |
| ၉ | ရခိုင်သမိုင်းမိတ်ဆက် | ဒေါက်တာအေးချမ်း | ၅၀၀၀ | ဉာဏ်အလင်း |
| ၁၀ | ခရေရိပ်စကားဝိုင်း | မြဝင်း (ဒဿန) | ၂၀၀၀ | အိပ်မက်ရိပ် |
| ၁၁ | ဟန့်ဟို - ၃ | အောင်သူရ | ၂၀၀၀ | ဝါးလည် |
| ၁၂ | ကဗျာနဲ့ မလွတ်တဲ့ အက္ခရာများ | ကလောင်စုံ | ၁၀၀၀ | ယဉ်မျိုး |
| ၁၃ | မာက့်စ်ဝါဒ၏ ဥပဒေအမြင် | မောင်စူးစမ်း | ၁၅၀၀ | ယဉ်မျိုး |
| ၁၄ | ရေတမာပင်အောက် လူလေးယောက် | နေထွဋ်နောင် | ၂၀၀၀ | ဆန်းစသော်တာ |
| ၁၅ | အားလုံးအတူတူ ပြောင်းလဲကြရအောင် | ဒေါက်တာ အောင်ထွန်းသက် | ၁၀၀၀ | မဇ္ဈိမ |
| ၁၆ | A (H1 N1) တုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာ | Dr.မင်းသိမ်း | ၁၀၀၀ | အာရုံသစ် |
| ၁၇ | အချစ်နှင့်အိမ်ထောင်ရေး အစွမ်းထက်ယတြာများ | ဂမ္ဘီရဆရာလှမျိုး | ၁၅၀၀ | မဇ္ဈိမ |
| ၁၈ | ဆာတိုးရီဟုခေါ်သည် | ရှင်မားရ | ၃၅၀၀ | ဓမ္မခေါင်းလောင်း |
| ၁၉ | ခေတ်ပြိုင်ပန်းချီနဲ့ ဖန်တီးမှုအနုပညာ | မောင်လေးထွန်း | ၁၅၀၀ | ဆန်းစသော်တာ |
| ၂၀ | မေတ္တာတရားနှင့် အေးချမ်းသော ဘဝနေထိုင်မှု | မင်းကျော်ဝင်း | ၃၀၀၀ | သိမ့်ထိုက် |
| ၂၁ | အနှိုင်းမဲ့ဂါထာတော်များ | စာတည်းမှူးတစ်ဦး | ၆၀၀ | မိုးကျော်သူ |
| ၂၂ | ကိုယ့်အကြောင်း သူ့အကြောင်း သူများအကြောင်း | ဖိုးကျော့ | ၂၀၀ | - |
| ၂၃ | ဇိုးသမားနှင့် သရဏဂုံတရားတော် | ဦးဇင်းဦးသောဘဏ | ၂၅၀၀ | ခင်မြတ်သူ |
| ၂၄ | ဇေစိုးပြောတဲ့ ဆေးလောက | ပါမောက္ခ Dr ဇေစိုး | ၄၀၀၀ | Treasure |
| ၂၅ | ပတ်ဝန်းကျင်နှင့် ကျန်းမာရေး | Dr အေးကျော် | ၂၀၀၀ | ပြည်မြန်မာ |
| ၂၆ | ညီမလေးဖတ်ဖို့ ဆေးဝါးဆိုတာ | နှင်းနုလွင်(ဆေးဝါး) | ၂၀၀၀ | ပြည်မြန်မာ |
| ၂၇ | စိတ်ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ | Dr.အေးကျော် | ၂၀၀၀ | ပြည်မြန်မာ |
| ၂၈ | ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်ယုံပါ | မေသကြဲန်ဟိန် | ၂၅၀၀ | ရွှေမြစ်မခ |
| ၂၉ | တရုတ်ဒဿနနှင့် ဂန္ထဝင်စာပေစီးကြောင်း | ရဲထက် | ၄၀၀၀ | ရွက်လှရိပ် |
| ၃၀ | စွယ်စုံသုတ အင်္ဂလိပ်စာ-၂ | ဘဝသစ်ဦးအောင်ကျော် | ၃၅၀၀ | တူဒေး |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အာဟာရလွန်ကဲခြင်းပြဿနာများ ရင်ဆိုင်နေရ

**မြစ်ကြီးနား ဩဂုတ် ၁၉**
မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူအများစုသည် အာဟာရချို့တဲ့ခြင်း၊ အာဟာရလွန်ကဲခြင်းပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။

မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်ကတည်းကစပြီး အာဟာရဆိုင်ရာ အသိပညာနည်းပါးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား လွဲမှားသည့်စားသုံးမှုဓလေ့ထုံးစံများ လွှမ်းမိုးလျက်ရှိခြင်း၊ ပြည်သူလူထုအတွင်း အာဟာရပြည့်ဝမျှတအောင် ချက်ပြုတ်တတ်မှုနှင့် အာဟာရပြည့်ဝမျှတသော အစားအစာများကို စားသုံးမှုနည်းပါးခြင်းတို့ကြောင့် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆက်လက်ပြီး ဒေါက်တာဂျေကောဘူ၊ ဒေါက်တာသင်းလွင်နှင့် တက်ရောက်လာကြသော တာဝန်ရှိသူများက အိုင်အိုဒင်းဆားနှင့် အားဖြည့်ဆန်အရည်အသွေးစစ်ဆေးနေမှုနှင့် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဘီဝမ်းဆေးပြားနှင့် သံဓာတ်ဆေးပြားများ၊ အာဟာရဖြည့်စွက်အစာများကို ဖြန့်ဝေပေးခဲ့ကြသည်။

မြန်မာနိုင်ငံမှ DHS(Demographic Health Survey) ၏ ၂၀၁၆ ခုနှစ် လေ့လာတွေ့ရှိချက်အရ ငါးနှစ်အောက်ကလေးငယ်များတွင် အာဟာရချို့တဲ့မှု ခုနစ်ရာခိုင်နှုန်းရှိရာ ကချင်ပြည်နယ်သည် လေးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**(မင်းမင်းဦး)**



**မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် တောင်ပိုင်းရပ်ကွက် တောင်သူ ဦးကျော်မြင့်၏ လယ်မြေတွင် ဆင်းကေရီ-၃ မျိုးသန့်မျိုးပွားစိုက်ခင်းလေးဧက စိုက်ပျိုးနေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ ကွင်းဆင်းလေ့လာကြစဉ်။** ခရိုင်(ပြန်/ဆက်)

# အိန္ဒိယဘက်ခြမ်းနယ်စပ်မှ ကွမ်းသီးဝယ်ယူမှုရပ်ဆိုင်းလိုက်၍ ရိုနယ်စပ်၌ မြန်မာကုန်သည်များအခက်ကြုံ

**ရိခေါဒါရ် ဩဂုတ် ၁၉**
ချင်းပြည်နယ် ရိနယ်စပ်ကုန်သွယ်ရေးသည် အရောင်းအဝယ်ကောင်းမွန်ခဲ့သော်လည်း ဇူလိုင်လကုန်ပိုင်းမှ အစပြု၍ မြန်မာ - အိန္ဒိယနယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်မှ ပိတ်ပင်မှုများရှိသည့်အတွက် ကွမ်းသီးတင်ပို့မှု ရပ်ဆိုင်းလိုက်သဖြင့် အရောင်းအဝယ်လုပ်ကိုင်နေသည့် မြန်မာကွမ်းသီးကုန်သည်များ အခက်ကြုံနေကြောင်း သိရသည်။

ချင်းပြည်နယ် ရိခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုခေါထာ ကျေးရွာအကြားရှိ နယ်စပ်ဂိတ်ပေါက်မှတင်ပို့သော ကွမ်းသီးများကို အိန္ဒိယနိုင်ငံအစိုးရက အခွန်စည်းကြပ်ရန် ပြုလုပ်ခဲ့၍ မီဇိုရမ်ပြည်နယ်အတွင်း ရောက်ရှိနေသော မြန်မာ့ကွမ်းသီးများသည် အိန္ဒိယနိုင်ငံ ပြည်မအတွင်းသို့ ထပ်မံသယ်ယူ၍ မရတော့ကြောင်း၊ ထို့ပြင် မီဇိုရမ်ပြည်နယ်အတွင်းရှိ ဂိုဒေါင်များတွင် ကွမ်းသီးများ ပြည့်လျှံသွားသည့်အခါတွင် ရိခေါဒါရ်မြို့သို့ ရောက်ရှိသည့်ကွမ်းသီးများကို ထပ်မံတင်ပို့၍မရတော့ဘဲ အိန္ဒိယနိုင်ငံသို့ တင်ပို့မည့်ကွမ်းသီးများသည် ရိခေါဒါရ်မြို့တွင် ပိတ်မိနေသည်မှာ နှစ်လနီးပါးခန့် ကြာမြင့်ပြီဖြစ်ကြောင်း ရိခေါဒါရ်နယ်စပ်မှ ကွမ်းသီးကုန်သည်များက ပြောသည်။

"တမူးနယ်စပ်မှာလည်း ကွမ်းသီးတွေ တင်ပို့ရောင်းချလို့မရတော့လို့ တမူး-ကလေး- ရိ ခရီးစဉ်အတိုင်း နောက်ကြောင်းပြန်သယ်ပို့ရပါတယ်။ ဒါပေမယ့် တမူးနဲ့ ရိနယ်စပ် နှစ်ခုစလုံးမှာ ကွမ်းသီးဝယ်ယူမှု ရပ်ဆိုင်းသွားလို့ ကျွန်တော်တို့ဘက်ခြမ်းမှာ ရှိတာရော မီဇိုရမ်ဘက်ခြမ်းမှာ သောင်တင်နေတာရော လမ်းမှာပုံထားရတာတွေ အများကြီးပါပဲ။ အရင်ရောင်းထားတဲ့ ကွမ်းသီးဖိုးငွေတွေလည်း ဆုံးရှုံးရမယ့်အနေအထားမျိုး ဖြစ်နေပါတယ်" ဟု ကွမ်းသီးကုန်သည်တစ်ဦးက ပြောသည်။

ယခုအခါ တမူးနယ်စပ်မှ ကွမ်းသီးတင်ပို့နိုင်ခြင်းမရှိသည်မှာ အချိန်ကြာမြင့်နေ၍ နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ကွမ်းသီးကို ယခင်က အိန္ဒိယသို့တင်ပို့ပါက အခွန်ကောက်ခံမှုမရှိဘဲ ယခုအခါ အိန္ဒိယနိုင်ငံအတွင်းသို့ဝင်ရောက်သည့် ကွမ်းသီးများကို အိန္ဒိယနိုင်ငံအစိုးရက ၄၀ ရာခိုင်နှုန်းအထိ အခွန်ကောက်ခံလိုက်သည့်အတွက် ကွမ်းသီးကုန်သည်များ အရှုံးပေါ်ကြောင်း တမူးနယ်စပ်ကုန်သည်များအသင်းမှ ကွမ်းသီးကုန်သည်တစ်ဦးက ပြောသည်။



နယ်စပ်ကုန်သွယ်ရေး စခန်းမှ ထုတ်ပြန်သည့်စာရင်းဇယားများအရ ရိနယ်စပ်မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့ရောင်းချမှုမှာ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၈၄၅၂ ဒသမ ၂၁၀ တန်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၂၀၃၇၉ ဒသမ ၇၁၀ တန်၊ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၂၁၄၉၂ ဒသမ ၃၉၀ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**(ဇိုဟောဆာ)**

# စေတီတော်အုတ်ဖိနပ်ဖြိုချသူမှာ စိတ်မကျန်းမာသူတစ်ဦးဖြစ်နေ

**ဘားအံ ဩဂုတ် ၁၉**
ကရင်ပြည်နယ် ဘားအံမြို့နယ် သာယာကုန်းအုပ်စုရှိ ရေလယ်ကုန်းစေတီတော် အုတ်ဖိနပ်ပြိုကျပျက်စီးနေမှုမှာ တစ်စုံတစ်ဦး၏ဖြိုချမှုကြောင့် ပျက်စီးခြင်းဖြစ်ကြောင်း မသင်္ကာဖွယ်တွေ့ရှိခဲ့သဖြင့် စောင့်ကြည့်ခဲ့ရာ စေတီတော်အုတ်ဖိနပ်ကို လာရောက်ဖြိုချသူအား ရပ်မိရပ်ဖများက ထိန်းသိမ်းထားပြီး ဖြိုချသူမှာ စိတ်ပုံမှန်မဟုတ်သူတစ်ဦးဖြစ်နေ၍ စိတ်ကျန်းမာရေးဆေးရုံ ရွာသာကြီးသို့ ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

စေတီတော်အုတ်ဖိနပ်ပြိုကျပျက်စီးနေသည်ကို ဩဂုတ် ၉ ရက် ညနေပိုင်းက ဘားအံမြို့နယ် သာယာကုန်းကျေးရွာနေ လှကြိုင်(ခ) နှုတ်ခမ်းမွေးဆိုသူက စတင်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး စေတီတော်အုတ်ဖိနပ်ပြိုကျနေခြင်းမှာ တစ်စုံတစ်ဦးက ဖြိုချထားသည်ဟု သံသယရှိသဖြင့် စောင့်ကြည့်ခဲ့ရာ ညီညီဆိုသူက လာရောက်ဖြိုချနေခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

"ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခွဲက သာယာကုန်းကျေးရွာအုပ်စု ကုလားစုကျေးရွာမှာနေထိုင်တဲ့ ညီညီဆိုသူက ရေလယ်ကုန်းစေတီတော် အုတ်ဖိနပ်အား ဖြိုချနေတာကို တွေ့လိုက်ရတယ်။ ဒါကြောင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ရွာသူရွာသားတွေ ဝိုင်းဝန်းထိန်းသိမ်းခဲ့တယ်။ ဩဂုတ် ၁၈ ရက်မှာတော့ သံဃာတော်တွေ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ၊ ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ပြီး စိတ်ကျန်းမာရေးဆေးရုံ ရွာသာကြီးကိုပို့ဆောင်ဖို့ စီစဉ်ထားပါတယ်" ဟု ကုလားစုကျေးရွာမှအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူသုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း သုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ)ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူသုံးစွဲရန်မသင့်တော်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Itemulawak Day &NightCream (BeautyWhiteningCream) | Zenith Ventures Sdn. Bhd., Malaysia | Mercury (+) |
| ၂။ | MEYYONG Seaweed Extra Whitening & Face Lift | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | ANGKOR Cucumber Nano Whitening and Anti WrinklePackage(Day Cream + NightCream) | Guangzhou Qianya Cosmetics Co., Ltd., China | Mercury (+) |

အဆိပ်သင့်ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရလုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**









# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၃ စီး၊ သွင်းကုန် ၅၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် အစီး ၂၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၅၄၇ သန်းခန့်)ရှိပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၁၈ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Dongfeng ၂၂ ဘီးယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် CCTV Camera ၁၅၅၇ လုံးနှင့် Dyed Acrylie Varm 2/32 (1×30) kg (80) Pkgs (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၅၅၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော CCTV Camera နှင့် Dyed Acrylic Varm**

# အမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၃၉/၁)နှင့်( ၁၃၉/၂) အကြားတွင် ယနေ့နံနက် ၉ နာရီခွဲက အောင်ချမ်းမြွေ့ မောင်းနှင်ပြီး ကိုသူစီးနင်းလိုက်ပါလာသော Dying 110 မော်တော်ဆိုင်ကယ်မှာ အမြန်လမ်းမကြီး လမ်းလယ်ကျွန်းဖြတ်မှ အနောက်ဘက်သို့ ဖြတ်မောင်းစဉ် နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းနေမျိုးအောင် မောင်းနှင်လာသော Toyota belta မော်တော်ယာဉ်နှင့်တိုက်မိခဲ့သည်။



ဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူမှာ နေရာတွင် သေဆုံးသွားခဲ့ပြီး နောက်မှ စီးနင်းလိုက်ပါသူမှာဒဏ်ရာရရှိခဲ့သည်။ Toyota ယာဉ်ပေါ်တွင် လိုက်ပါလာသူသုံးဦးမှာ ထိခိုက်မှု မရှိသော်လည်း ယာဉ်မှာအနည်းငယ်ပျက်စီးသွားသည်။ ယင်းဖြစ်စဉ်တွင် သေဆုံးသူနှင့် ဒဏ်ရာရသူတို့ကို ဗောဓိကုန်းအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် အုတ်တွင်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

အလားတူ မွန်းလွဲ ၁ နာရီက ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့အပိုင် မိုင်တိုင်အမှတ်(၂၄၄/၂)နှင့် (၂၄၄/၃) အကြား နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်းဇေယျာထွန်း မောင်းနှင်လာသော Prado ယာဉ်မှာ ယာရှေ့တိုက်ရော့ပြုတ်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျပြီး သစ်ပင်အား ဝင်တိုက်မိသည်။**(အပေါ်ပုံ)** ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခြောက်ဦးအနက် မောင်သုတအောင် သုံးနှစ်မှာဒဏ်ရာအနည်းငယ်ရရှိခဲ့၍ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ -အမြန်လမ်းရဲတပ်ဖွဲ့**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၉**

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီတွင် ကသာမြို့နယ် နဘားလမ်းဆုံ မိုင်တိုင်အမှတ်(၁၄၆/၀)၌ မောင်ဝယ် မောင်းနှင်ပြီး အောင်ခိုင်ဇော်လိုက်ပါလာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၇ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းတွင် ပြည့်ဖြိုးဆွေ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကို လည်းကောင်း၊မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ မန့်ဝိန်းရပ်ကွက် ပန်လုံ(၁) လမ်းတွင် ကျန်းကြားဝမ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် လှိုင်လင်-နမ့်စန်ကားလမ်း ပန်ခေါက်ဝိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့တွင် ဝင်းအေးမောင်းနှင်ပြီး ကျော်နိုင်(ခ)ဇင်ကိုထက် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၁၁၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမျိုးသမီးဆောင်အတွင်းသို့ ညအချိန်ခိုးဝင်လာသူအား ဖမ်းဆီး

**မိုးညှင်း ဩဂုတ် ၁၉**

မိုးညှင်း ဒီဂရီကောလိပ်ကျောင်းရှိ အမျိုးသမီးဆောင်အတွင်းသို့ ဓားမြှောင်တစ်လက်ဖြင့် ခိုးဝင်လာသော အသက် (၁၄)နှစ်အရွယ်လူငယ်တစ်ဦးကို ဩဂုတ် ၁၈ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ခိုးဝင်လာသူမှာ ထန်းတပင်ကျေးရွာနေ ရှိုင်းလင်းထွန်း (ခ)ငါးထောင် ဆိုသူဖြစ်ပြီး ကျောင်းဝင်းခြံခတ်ထားသော သံဆန်ခါအား ဖျက်ဆီးဖောက်ဝင်ခဲ့ပြီး စံပယ်အမျိုးသမီးအဆောင်အတွင်း ညအချိန်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

"သူခိုးဝင်တယ်ကြားလို့လိုက်ရှာတဲ့အခါ အဆောင်နံရံဘေးမှာကပ်နေတာကိုတွေ့ရတယ်။ ထွက်ပြေးရင်လေးခွနဲ့ပစ်မှာလို့ပြောတော့မပြေးတော့ဘဲ အဖမ်းခံခဲ့ပါတယ်"ဟု ကျောင်းလုံခြုံရေးအဖွဲ့မှ ဦးမောင်စိုးက ပြောသည်။

အဆိုပါ အမျိုးသမီးဆောင်အတွင်းသို့ ယခုကဲ့သို့ သူခိုးဝင်ရောက်ခြင်းမှာ သုံးကြိမ်တိုင်တိုင်ရှိနေပြီး ကျောင်းသား ကျောင်းသူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးအဆောင်အတွင်း ခိုးဝင်လာသူ ရှိုင်းလင်းထွန်း (ခ) ငါးထောင်အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မင်းမင်းဦး)**

# ယင်းမာပင်မြို့နယ်တွင် တရားမဝင်သစ်များ တင်ဆောင်ထားသောယာဉ်တစ်စီး သိမ်းဆည်းရမိ

**ယင်းမာပင် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် တရားမဝင်ပိတောက်ခွဲသားသုည ဒသမ ၄၁၆၂ တန် တင်ဆောင်ထားသောယာဉ်တစ်စီးကို ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီတွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်း၊ ယင်းမာပင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးပြည့်ဟိန်းနှင့် သစ်တောဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ယင်းမာပင်ခရိုင်အတွင်း တရားမဝင်သစ်များ ခိုးလှဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချသယ်ယူခြင်းများကို အရှိန်အဟုန်မြှင့်ရှာဖွေဖမ်းဆီးလျက်ရှိရာ ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီတွင် အသိသက်သေနှင့်အတူ ယင်းမာပင်မြို့နယ် ကျောက်မှော်(၁) ဘိနယ်လက်ခုပ်ပင်ကျေးရွာ၏ အနောက်ဘက်တစ်ဖာလုံခန့်အကွာ မုံရွာ-ယာကြီး-ကလေးဝ လမ်းဘေးတွင် တရားမဝင်ပိတောက်ခွဲသား ရှစ်ချောင်း သုည ဒသမ ၄၁၆၂ တန် တင်ဆောင်ရပ်တန့်ထားသော ယာဉ်နံပါတ် Mdy 7I/-- Toyota Caldina အနက်ရောင် လေးဘီး ယာဉ်တစ်စီး ပိုင်ရှင်မဲ့ရှာဖွေ သိမ်းဆည်းရမိခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ပဲခူးမှတရားခံလုယူထွက်ပြေးသူအား ဖမ်းဆီးစဉ် စခန်းမှူးကို ဓားဖြင့်ခုတ်

**ပဲခူး ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တရားရုံးမှရုံးထုတ်ပြီး ပြန်လာသော တရားခံအား ဆိုင်ကယ်ဖြင့်တိုက်လုံလုယူမှုကျူးလွန်ခဲ့သူများကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ အမှတ် (၂) နယ်မြေရဲစခန်းက ပုဒ်မ ၃၂၆ ဖြင့် မြို့နယ်တရားရုံးတွင်ရဲတပ်ဖွဲ့ဝင်နှစ်ဦးကဆိုင်ကယ်ဖြင့် ရီမန်ချုပ်ရက်ယူ၍ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခန့်က စခန်းသို့ပြန်လည်ခေါ်ဆောင်လာစဉ် ရွှေသာလျောင်းဘုရားလမ်းအနီးတွင် အမည်မသိလူငယ်နှစ်ဦးက တရားခံစီးနင်းလာသောဆိုင်ကယ်အားတိုက်လှဲကာရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားရှည်ဖြင့်လိုက်လံခုတ်ခဲ့ပြီး တရားခံဖြစ်သူ အောင်ဖြိုးဝေ(ခ) ဝက်ပုတ် (၂၁) နှစ် မှော်ကန်လမ်း ပဲခူးမြို့နေသူအား လုယူထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါထွက်ပြေးတိမ်းရှောင်တရားခံများအား အပူတပြင်းလိုက်လံစုံစမ်းရှာဖွေနေစဉ် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်က ဝေါမြို့မဈေးလမ်းကြားအနီးတွင်ရောက်ရှိနေကြောင်း သတင်းအရ ပဲခူးအမှတ် (၂) နယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကြည်၊ ဝေါမြို့မ စခန်းမှူး ဒု-ရဲမှူးတင့်ဆွေနှင့်ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံတစ်ဦးက အရိုးအသွား နှစ်ပေခန့်ရှိဓားဖြင့် ပြန်လည်ခုခံခဲ့သည်။ တရားခံလုယက်သွားသူအား တရားခံနှင့်ပြစ်မှုကျူးလွန်သူတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"ဝေါမြို့မဈေးနားမှာ ဖမ်းမိတာဟုတ်ပါတယ်။ ဖမ်းမိတဲ့တရားခံတွေက တော့သူတို့လုယူသွားတဲ့ အောင်ဖြိုးဝေ ရယ်၊ ဓားရှည်နဲ့ဝင်ရောက်လုယူတဲ့ ထက်လင်းကျော်ရယ်ပါ"ဟုအမှတ်(၂)နယ်မြေရဲစခန်း တာဝန်ကျအရာရှိတစ်ဦးကအတည်ပြုဖြေကြားသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# မြန်မာ့ရိုးရာလက်ဝှေ့လောက ရင်ခုန်စိတ်လှုပ်ရှားဖွယ် . . .

ဇင်လင်းထွန်း(နေဖြူ)

**မြန်မာပြည်မှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာတွေ ဖြစ်ပေါ်နေပြီဆိုသည့် ကြော်ငြာတစ်ခုကဲ့သို့ 'မြန်မာ့ရိုးရာလက်ဝှေ့လောကတွင်လည်း ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ'ဖြစ်နေပြီဟု ဆိုရမည်ထင်သည်။ တကယ်တမ်းရင်ခုန်စိတ်လှုပ်ရှားရမည့် အခိုက်အတန့်ကတော့ ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စတင်မည်ဖြစ်သည်။ Myanmar Media Group က တာဝန်ယူစီစဉ်သည့် ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို အဆိုပါအချိန်၊ အဆိုပါနေရာ၌ စတင်မည်ဖြစ်သောကြောင့်ပင်။**

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတိုင်းသည် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာဖြစ်ပါလျက် ယခုပွဲကြီးကျမှ အဘယ်ကြောင့် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင်ဟု အထူးပြုလိုက်ရပါသနည်းဟု မေးခွန်းထုတ်ပါလျှင် အဖြေအတော်များများ ရှိနေသည်ဟု ဆိုရပေမည်။ ယခုပွဲကြီးသည် မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ ယခု ၂၀၁၇ ဩဂုတ်လအထိ တစ်နှစ်မှာတစ်ကြိမ်သာ ကြည့်ရှုအားပေးခွင့်ရသော ပွဲအမျိုးအစားဖြစ်ပြီး တတိယအကြိမ်ကြည့်ရှုအားပေးလိုပါလျှင် ၂၀၁၈ ခုနှစ် ဩဂုတ်လကျမှသာ အခွင့်အရေးရတော့မည်ဖြစ်သည်။ ထိုတွင်လည်း အဆိုပါပွဲကြီးကျင်းပမည့် ဂျပန်နိုင်ငံတိုကျိုမြို့သို့ လိုက်ပါနိုင်မှသာ ကိုယ်တိုင်ကိုယ်ကျကြည့်ရှုအားပေးခွင့်ရမည့် အနေအထားဖြစ်နေသည်။ ထိုသို့ ကြုံတောင့်ကြုံခဲပွဲကြီးမျိုးကို ရုံဝင်ကြေးကျပ်ငါးထောင်မျှဖြင့် ရုံထဲဝင်၍ ရင်ခုန်ခွင့်ရမည်ဆိုခြင်းက စိတ်လှုပ်ရှားဖွယ်ရာဟု ဆိုရပေမည်။ ထို့အပြင် ပါဝင်သောတွဲဆိုင်းများအနေအထားကလည်း ပုံမှန်စိန်ခေါ်ပွဲစီစဉ်သူတစ်ဦးအနေဖြင့် တစ်နှစ်တစ်ကြိမ် ကျင်းပနိုင်ရေးအတွက်ပင် အခက်အခဲရှိသည်ဟုဆိုနိုင်သည်။ အမေရိကန်၊ အီရန်၊ ပြင်သစ်၊ ဘရာဇီးလ်၊ နယူးဇီလန်၊ ထိုင်းတို့မှ လက်ဝှေ့သမားများကို ခေါ်ယူရသည့် စရိတ်နှင့် ပြိုင်ပွဲကျင်းပစရိတ်များကို ငွေကြေးအရတတ်နိုင်သည့်တိုင် ယှဉ်ပြိုင်မည့်လက်ဝှေ့တွဲဆိုင်းများ ဝိတ်တန်းအလိုက် လက်ရွေးစင်ရရှိရေးက အမြဲတမ်းလွယ်ကူသည်မျိုးတော့မဟုတ်ပေ။

ယခုပင် ပထမဆုံးပွဲထွက်လာမည့် ၅၄ ကီလိုတန်းအတွက် လက်ရှိချန်ပီယံ စူပါဘော(လာအို)ကို ခါးပတ်ကာကွယ်ပွဲဝင်ရောက်ရန် ဖိတ်ကြားခဲ့သော်လည်း ကိုယ်အလေးချိန်မြင့်သွားပြီဖြစ်သောကြောင့် ပွဲမဝင်နိုင်တော့။ စီစဉ်သူက ပထမအကြိမ်ပြိုင်ပွဲကြီးတွင် ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ရရှိခဲ့ကြသူများ အားလုံးကို ဝိတ်တန်းအလိုက်တွဲဆိုင်းတစ်ခြမ်း ပြန်လည်အထိုင်ချ၍ ကျင်းပခြင်းဖြစ်ပေရာ စူပါဘောအနေဖြင့် အပေါ်ဝိတ်တန်းတွင် ဝင်ရောက်ရန်လည်း အဆင်မပြေသည့်အတွက် ထပ်ဆင့်ကမ္ဘာ့ချန်ပီယံဘွဲ့ခံယူခွင့်ကို လက်လွှတ်လိုက်ရပေပြီ။ စူပါဘော ပွဲမဝင်နိုင်တော့သည့်အတွက် သူနှင့်ရင်ဆိုင်မည့် ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်စိန်ခေါ်သူအဖြစ် လျာထားသော ဒေါင်းဖြူလေး(Adventure) က တွဲဆိုင်းတစ်ခြမ်း အထိုင်ဖြစ်သွားပြီး သူနှင့်ယှဉ်ဘက် ရှာဖွေရပြန်သည်။ ထိုအခါ ၂၀၁၇ ဇူလိုင် ၃၀ ရက်တွင် ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကြီးတွင် ၅၄ ကီလိုတန်း ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သော စိုးဝင်းသန်း (ရန်စစ်ငြိမ်း)အတွက် အခွင့်အရေးတစ်ရပ် ပေါ်လာခဲ့သည်ဟု ဆိုရပေမည်။ အကယ်၍ စူပါဘောသာ ပွဲဝင်နိုင်ခဲ့လျှင် စိုးဝင်းသန်းအနေဖြင့် ပြည်တွင်းရွှေခါးပတ်ဖြင့်သာ ယခုနှစ်အတွက် တင်းတိမ်ရမည်ဖြစ်သည်။ ယခုတော့ သူ့အနေဖြင့် ၅၄ ကီလိုတန်း ပြည်တွင်းရွှေခါးပတ်ရပြီး နှစ်မကူးဘဲ (လပင်မခြားဘဲ) နောက်ထပ် ကမ္ဘာ့ချန်ပီယံရွှေခါးပတ်တစ်ခု ရရှိနိုင်မည့် အခွင့်အရေးပေါ်လာသည်ဟု ဆိုရမည့်အခြေအနေမျိုးဖြစ်သွားသည်။ စိုးဝင်းသန်းအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်အနေအထားသာမက သူ၏မိသားစုများ၊ မိတ်ဆွေများ၊ အမာခံပရိသတ်များပါ ရင်ခုန်စိတ်လှုပ်ရှားရမည့် သဘောရှိနေသည်။ ထိုသို့ စိတ်လှုပ်ရှားစရာဖြစ်ရခြင်းမှာ ပြိုင်ဘက်က ဒေါင်းဖြူလေးဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။ စိုးဝင်းသန်းအတွက် သေချာပေါက် ခါးပတ်ရနိုင်မည့်ပြိုင်ဘက်ဆိုလျှင် သူ့အနေဖြင့် စိတ်လှုပ်ရှားဖွယ်ရာမရှိသကဲ့သို့ ပရိသတ်များအနေဖြင့်လည်း အဖြေကြိုသိသောပွဲကို ရင်ခုန်ရန် ရုံထဲဝင်လာစရာအကြောင်းမရှိပါ။ ယခုတော့ စိုးဝင်းသန်းကဲ့သို့ပင် ကရင်ပြည်နယ်တစ်ခွင်၌ နာမည်ကြီးနေပြီး အစ်ကိုဖြစ်သူ ဒေါင်းသည်းခြေ၏ ပွဲသိမ်းကန်ချက်ကို အမွေဆက်ခံထားသူ ဒေါင်းဖြူဖြစ်နေသောကြောင့် ပရိသတ်များအနေဖြင့် ပထမဆုံးပွဲစဉ်မှာ စတင်ရင်ခုန်စိတ်လှုပ်ရှားရပေတော့မည်။ ဒေါင်းဖြူက ၂၀၁၇ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အဆင့် ၅၇ ကီလိုတန်း၌ ကရင်ပြည်နယ်ကိုယ်စားပြု၍ ရွှေတံဆိပ်ရရှိခဲ့သူဖြစ်သည်။ ယခုပွဲဝင်ရန်အတွက် နဝမအကြိမ် ရွှေခါးပတ်ပွဲကို မဝင်တော့ဘဲ လက်ရှောင်လိုက်သည်ဟုပင် ဆိုနိုင်သည်။ ထို့ကြောင့် ၅၇ ကီလိုမှ ၅၄ ကီလိုသို့ ဝိတ်ချ၍ ဝင်ရောက်ယှဉ်ပြိုင်လာသော ဒေါင်းဖြူ၏ပစ်မှတ်က ကမ္ဘာ့ချန်ပီယံ




ရွှေခါးပတ်မှတစ်ပါး အခြားမရှိဟုဆိုရမည်။ ထိုသို့သော ကမ္ဘာ့ချန်ပီယံခါးပတ်ကို သူရကိုယ်ရဆွဲကြမည့် ဒေါင်းဖြူနှင့်စိုးဝင်းသန်းတို့၏ အနေအထားက ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းလှပေသည်။

ထို့နောက် ဆက်တိုက်ယှဉ်ပြိုင်ကြမည့် ရဲသွေးနီ (မြန်မာ)နှင့် ဂွန်ထယ်(ထိုင်း)၊ ထွန်းလွင်မိုး(မြန်မာ)နှင့် အယ်လက်ဇီဆာရီပီစို့(စ်) (နယူးဇီလန်)၊ သားအသည်းတစ်ပွင့်(မြန်မာ)နှင့် ဗစ်တာဟူဂိုနူး(စ်) (ဘရာဇီးလ်)၊ ဖျံသွေး(မြန်မာ)နှင့် ဆီဘတ်(စ်) တီယန်ဘီးလာ့(ဒ်) (ပြင်သစ်)၊ စောဂေါ်မူတို (မြန်မာ)နှင့် ချူကလီးယား ဟာဒီ (အီရန်)တို့ တွဲဆိုင်းများတွင် မြန်မာဘက်မှ ထွန်းလွင်မိုး တစ်ဦးသာ ပြည်တွင်းရွှေခါးပတ်ချန်ပီယံမဖြစ်ခဲ့ဘဲ ကျန်ရိုးရာလက်ဝှေ့သမားအားလုံးက ပြည်တွင်း၌ ရွှေခါးပတ်ချန်ပီယံများဖြစ်ထားကြပြီး လက်ရှိကမ္ဘာ့ချန်ပီယံရွှေခါးပတ်ပိုင်ရှင်များလည်း ဖြစ်ကြသည်။ ရဲသွေးနီဆိုလျှင် ပြည်တွင်းထပ်ဆင့် ရွှေခါးပတ်ချန်ပီယံဖြစ်ထားပြီး GTG (Great Tiger Gorup)က ချီးမြှင့်သည့် တစ်နှစ်တာအတွင်း အလဲထိုးနိုင်ပွဲအများဆုံး (အလဲထိုးဘုရင်)ဆု (၂၀၁၅)ကို ရရှိခဲ့သူလည်းဖြစ်ရာ ယခုပွဲတွင် ပရိသတ်များက သူ့အား ထပ်ဆင့် ကမ္ဘာ့ချန်ပီယံဘွဲ့ခံယူနိုင်မည်ဟု စိတ်ချယုံကြည်နေကြသည်။ ထိုအချက်က သူ့အတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာဖြစ်စေမည်ထင်သည်။ ထို့အပြင် အခြားရိုးရာလက်ဝှေ့သမားများထက်ပိုသော အထူးတာဝန်တစ်ရပ်ကို ထမ်းဆောင်ရမည့် အနေအထားမျိုးလည်း ဖြစ်နေသည်။ ယခုပွဲတွင် တစ်ဦးတည်းသော ထိုင်းလက်ဝှေ့သမားအဖြစ် ပါဝင်လာသည့် ဂွန်ထယ်ကြောင့်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ်အများစု၏ စိတ်ခံစားချက်တွင် အခြားဒေသမှ လက်ဝှေ့သမားများထက် ထိုင်းလက်ဝှေ့သမားလက်သို့ ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံရွှေခါးပတ် အပ်လိုက်ရမည့်အဖြစ်ကို ပိုမိုခါးသီးပေလိမ့်မည်။ ထိုခါးသီးမှုမျိုး မဖြစ်ပေါ်စေရန် ရဲသွေးနီက သားရွှေအိုးထမ်းသည့် ကိန်းမျိုး ဂွန်ထယ်ကို အလဲထိုး၍ ပရိသတ်၏ ကျေနပ်မှုကို ရရှိစေပြီး မိမိလည်းထပ်ဆင့်ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ပိုင်ရှင်ဖြစ်ဖို့ ကြိုးစားရပေတော့မည်။

ထွန်းလွင်မိုးကလည်း ပြည်တွင်းစိန်ခေါ်ပွဲလောကတွင် ၅၇ ကီလိုတန်းမှ ရဲသွေးနီကို မကျော်နိုင်သေးသကဲ့သို့ ဝိတ်တန်းတူ စောထူးအောင်(တို့ရိုးရာ)ကိုလည်း နှာတစ်ဖျားအသာမယူနိုင်သေးသည့် အနေအထားအရ ပထမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ (၆၀ ကီလိုတန်း)ဟူသော အရှိန်အဝါဖြင့်သာ ဟန်ထည်နေရသည့်သဘောမျိုးရှိသည်။ ထိုတွင်လည်း ပထမအကြိမ်ပြိုင်ပွဲ၌ အုက(ဂျပန်)ကို ဆေးရှုံးပေးလိုက်သည့် ကြိုးဝိုင်းဆရာဝန်၏ လုပ်ရပ်က ထွန်းလွင်မိုး၏ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို အနည်းငယ်အရောင်မှိန်သွားစေခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ ထွန်းလွင်မိုးအနေဖြင့် ၆၀ ကီလိုတန်း ကမ္ဘာ့ချန်ပီယံထပ်ဆင့်ရွှေခါးပတ်ပိုင်ရှင်ဟူသော အနေအထားရရှိစေရေးတွင် ပြိုင်ဘက် အယ်လက်ဇီဆာရီပီစို့(စ်) (နယူးဇီလန်)ကို အလဲထိုးနိုင်ပွဲရရှိရန် လိုအပ်နေပေသည်။ ၆၃ ဒသမ ၅ ကီလိုတန်း လက်ရှိကမ္ဘာ့ချန်ပီယံရွှေခါးပတ်ပိုင်ရှင် သားအသည်းတစ်ပွင့်က ယမန်နှစ် ပြိုင်ပွဲမတိုင်မီမှာပင် ပြည်တွင်းရွှေခါးပတ်ချန်ပီယံဘွဲ့ရရှိခဲ့ပြီး တစ်ဆက်တည်း ကမ္ဘာ့ချန်ပီယံဘွဲ့ကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ရာ မတ္တရာမြို့ လက်ဝှေ့သမိုင်းတွင် ကမ္ပည်းတင်ခံထားရသူဟု ဆိုနိုင်သည်။

ဖျံသွေးကလည်း ပြည်တွင်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဘွဲ့ခံယူထားပြီးမှ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို ရယူခဲ့သူဖြစ်သည်။ လောလောဆယ် ပြည်တွင်းစိန်ခေါ်ပွဲလောကတွင် နာမည်အတက်ဆုံး ရိုးရာလက်ဝှေ့သမားဖြစ်သကဲ့သို့ ဂျပန်နိုင်ငံ၌ ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများတွင်လည်း ပွဲတိုင်းကျော်ဖြစ်နေသူဟု ဆိုရမည်။ ဇူလိုင် ၁၆ ရက်က သိမ်ဖြူရုံတွင်ကျင်းပခဲ့သော အထူးစိန်ခေါ်ပွဲ၌ အိကျူစံ(ထိုင်း)ကို အမှတ်စဉ်ရေ၍ အနားတောင်းစေသည်အထိ စီးစီးပိုးပိုး အပေါ်သရေထိုးသတ်ခဲ့သောကြောင့်လည်း ပရိသတ်အသည်းကျော် ဖြစ်နေသည်။ ထို့ကြောင့် သူ့အနေဖြင့် အမာခံပရိသတ်များ၏ မျှော်လင့်ချက်ကို ရုပ်လုံးဖော်ပေးရန် ဆီဘတ်စ်တီယန်ဘီးလာ့(ဒ်) (ပြင်သစ်)ကို အလဲထိုးကာ ထပ်ဆင့်ကမ္ဘာ့ချန်ပီယံဘွဲ့ကို ရယူပြဖို့ လိုအပ်နေသည်။ ယခုပွဲစဉ်များတွင် ပရိသတ်ရင်ခုန်စိတ်လှုပ်ရှားမှုကို အခြားတွဲဆိုင်းများထက် ပိုမိုရရှိနေနိုင်သည်က စောဂေါ်မူတို (မြန်မာ) နှင့် ချူကလီးယားဟာဒီ(အီရန်)တို့ပွဲဖြစ်သည်ဟု ဆိုနိုင်သည်။ စောဂေါ်မူတိုကို ဖျံသွေးက အလဲထိုးအနိုင်ရခဲ့ဖူးပြီး ဖျံသွေးကို ဟာဒီက အစီးသရေထိုးသတ်နိုင်ခဲ့ဖူးသော သမိုင်းကြောင်းရှိထား၍ဖြစ်သည်။ ထိုသမိုင်းကြောင်းရှိပါလျက် ဟာဒီကို လက်ရှိကမ္ဘာ့ချန်ပီယံရွှေခါးပတ်ပိုင်ရှင် စောဂေါ်မူတိုဘက်က စိန်ခေါ်ဘက်အဖြစ် လက်ခံလိုက်ခြင်းမှာ ဟာဒီ၏ တံတောင်အားကိုး ကောင်တာသတ်ကွက်ကို ဖျက်၍ တန်ပြန်သတ်ကွက်ဖွင့်နိုင်မည့် နည်းဗျူဟာများ အသေအချာလေ့ကျင့်ထားသောကြောင့်ဟု ယူဆရပေသည်။ စောဂေါ်မူတို၏ ဆရာ သတ္တိကလပ်နည်းပြချုပ် ဦးဝင်းဇင်ဦးက ဝါရင့်နည်းပြဆရာကြီးဖြစ်ပြီး နည်းဗျူဟာပိုင်းဆိုင်ရာ အထူးကောင်းမွန်သူဖြစ်ပေရာ စောဂေါ်မူတိုကို ထပ်ဆင့်ကမ္ဘာ့ချန်ပီယံဘွဲ့ ခံယူနိုင်စေလိမ့်မည်ဟု ခန့်မှန်းရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းချန်ပီယံ ထွန်းထွန်းမင်းကို အနိုင်ရရှိခဲ့သဖြင့် စိန်ခေါ်ပွဲသဘာဝအရ ပထမတန်းချန်ပီယံဖြစ်သွားသူဟုဆိုရမည့် ဒေ့ဗ်လက်ဇုကတော့ ပထမအကြိမ်ပွဲတွင် တူးတူး(နဂါးမာန်)နှင့် ၇၅ ကီလိုတန်း ပူးတွဲချန်ပီယံဘွဲ့ခံယူခဲ့ပြီး ရွှေခါးပတ်မရရှိဘဲ ရွှေတံဆိပ်သာရရှိခဲ့သည်။ ယခုပွဲတွင် တူးတူးက အခြားစီစဉ်သူတစ်ဦးနှင့်စာချုပ်မိထားသဖြင့် ၇၅ ကီလိုတန်းသို့ မဝင်နိုင်တော့သလို ယမန်နှစ်က ၈၀ ကီလိုတန်း ကမ္ဘာ့ချန်ပီယံ ထွန်းထွန်းမင်းကလည်း ဒူးအရွတ်ဒဏ်ရာခွဲစိတ်ကုသထားသည်။ သို့ဖြစ်ရာ လက်ရှိ ၇၅ ကီလိုတန်း ပူးတွဲကမ္ဘာ့ချန်ပီယံ၊ မြန်မာ့ရိုးရာ လက်ဝှေ့ပထမတန်းချန်ပီယံ ဒေ့ဗ်က ၈၀ ကီလိုတန်းသို့ တက်ကာ မြန်မာအလံကို ကိုယ်စားပြုယှဉ်ပြိုင်လာခြင်းဟုသိရသည်။ ဒေ့ဗ်နှင့် ရင်ဆိုင်ယှဉ်ပြိုင်ကာ ချန်ပီယံခါးပတ်လုမည့်သူက ဆိုင်းရပ်စ်ဝါရှင်တန် (အမေရိကန်) ဖြစ်နေခြင်းကလည်း ပရိသတ်များကို ရင်ခုန်စိတ်လှုပ်ရှားစရာ ဖြစ်နေသည်။ ဆိုင်းရပ်စ်သည် ၂၀၁၀ ခုနှစ် လောက်ကပင် လက်ရှိပထမတန်းချန်ပီယံ စောငမန်းနှင့် ယှဉ်ခဲ့ဖူးသူဖြစ်ပြီး နောက်တစ်ဖန် လက်ရှိချန်ပီယံဖြစ်သူ ထွန်းထွန်းမင်းနှင့်လည်း နှစ်ကြိမ်ယှဉ်ပြိုင်ခဲ့သူ ဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း လက်ရှိ ပထမတန်းချန်ပီယံဟု ဆိုရမည်ဖြစ်သော ဒေ့ဗ်နှင့် ယှဉ်ပြိုင်ဦးမည်ဖြစ်ရာ ပထမတန်းချန်ပီယံစိန်ခေါ်ပွဲ အများဆုံး ပြည်ပလက်ဝှေ့သမားဟုပင် ဆိုရပေမည်။ ဒေ့ဗ်က သားရွှေအိုး ထမ်းလာသည်ကို ပရိသတ်များမြင်စေမည့် အနေအထားမျိုးအဖြစ် ၈၀ ကီလိုတန်း ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို အရယူရင်း မြန်မာ့ရိုးရာလက်ဝှေ့ပထမတန်းချန်ပီယံဘွဲ့ကို ကာကွယ်ရင်း မြန်မာနိုင်ငံအလံကို ကိုယ်စားပြုမှုအောင်မြင်စေရန် စွမ်းဆောင်ပေးမည်လား စောင့်ကြည့်ရမည်မှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းလှပေသည်။

နောက်ဆုံးပိတ် ရင်ခုန်စိတ်လှုပ်ရှားမှုကြီးမားစေမည့် ပွဲကတော့ ဘရောနီကာ(မြန်မာ)နှင့် မော်နီကာဘာနီးစ်မီနာ (ကော်စတာရီကာ)တို့ အမျိုးသမီးအထူးစိန်ခေါ်ပွဲဖြစ်သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ သွားရောက်ကာ အိမ်ရှင် မိုမိုကိုအား သွားကျွတ်သည်အထိ လက်သီးစွမ်းပြခဲ့သော ဘရောနီကာအနေဖြင့် မိမိနယ်မြေသို့ နယ်ကျွံလာသော မော်နီကာကို သိက္ခာအတွက်ရော လိပ်ပြာအတွက်ပါ လက်သီးစွမ်းပြရတော့မည်သာ။ ကမ္ဘာပတ်လာသော မော်နီကာကလည်း အစွယ်ချွန်ကြောင်း ပြသမည်သာဖြစ်သည်။ နှစ်ယောက်စလုံးက ရုပ်ချောပြီး လက်သီးပြင်းသည့် မြွေဟောက်မလေးများမို့ ပရိသတ်များကို ရင်ခုန်စိတ်လှုပ်ရှားအောင် ဆွဲဆောင်ကြမည်ကတော့ သေချာသည်။ ပွဲစဉ်များအားလုံးက ရင်ခုန်စိတ်လှုပ်ရှားစေမည့်အပြင် စီစဉ်သူ၏ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးနှင့် လိုက်ဖက်စေရန် အခမ်းအနားပိုင်းဆိုင်ရာ မွမ်းမံတင်ဆက်မှုများ၊ အနုပညာပိုင်းဆိုင်ရာ ဝန်းရံတင်ဆက်မှုများက ပရိသတ်ကို ရင်သပ်ရှုမောဖြစ်စေပါဦးမည်။ ထို့ပြင်ပွဲစဉ်အားလုံးထဲမှ တံတောင်စွမ်းရည်အမြင့်ဆုံး လက်ဝှေ့သမားကို ရွှေတံတောင်ဆု၊ ဒူးတိုက်သတ်ကွက် အဆင့်မြင့်မြင့် အသုံးပြုနိုင်သည့် လက်ဝှေ့သမားကို ရွှေဒူးပျံဆု(ခုံဒိုင်အဖွဲ့က ရွေးချယ်) ချီးမြှင့်မည့်အစီအစဉ်လည်း ပါဝင်ကြောင်း သိရပေသည်။

**ဩဂုတ် ၁၉ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ် - ၂**

| | | | | |
|---|---|---|---|---|
| ဆွမ်ဆီး | ၀ | - | ၄ | မန်ယူ |
| ဘုန်းမောက် | ၀ | - | ၂ | ဝက်ဖို့ဒ် |
| ဘန်လေ | ၀ | - | ၁ | ဝက်စ်ဘရွန်း |
| လက်စတာ | ၂ | - | ၀ | ဘရိုက်တန် |
| လီဗာပူးလ် | ၁ | - | ၀ | ပဲလေ့စ် |
| ဆောက်သမ်တန် | ၃ | - | ၂ | ဝက်စ်ဟမ်း |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ | - | ၁ | လေဗာကူဆင် |
| မိန့်ဇ် | ၀ | - | ၁ | ဟန်နိုဗာ |
| ဟမ်းဘတ် | ၁ | - | ၀ | အော့စ်ဘတ် |
| ဟာသာဘာလင် | ၂ | - | ၀ | စတုဂတ် |
| ဟော့ဖန်ဟိမ်း | ၁ | - | ၀ | ဝါဒါဘရီမင် |
| ဝုဖ်ဘတ် | ၀ | - | ၃ | ဒေါ့မွန် |

(ခိုင်ဝင်း)

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဃ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ်သဘောတူစာချုပ် (Marakesh Treaty) ၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များထံအသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် အဆိုပါ ပုံစံမိတ္တူများကို သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(င) အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များမှအပ အခြားသူများအတွက် အသုံးပြု၍ရသော ပုံစံမိတ္တူကို အသုံးပြုနိုင်ရန် မသိ၍ဖြစ်စေ၊ သိရန်အကြောင်း တစ်စုံတစ်ရာမရှိ၍ဖြစ်စေ ကြိုတင်ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းတို့ကို စတင်ဆောင်ရွက်သော တာဝန်ရှိအဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် ပုဒ်မခွဲ (ဂ)နှင့် (ဃ) အရ ခွင့်ပြုထားသောအချက်များ သက်ရောက်မှုရှိသည်။

**အခန်း(၁၂)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းခြင်း**

၃၁။(က) မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအား လွှဲပြောင်းခြင်း ပြုနိုင်သည်။ လွှဲပြောင်းခြင်းတွင် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းနှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ ပါဝင်သည်။

(ခ) မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအား အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း ပြုနိုင်သည် -

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်း၊

(၂) သေတမ်းစာရေးခွင့်ရှိသူက သေတမ်းစာဖြင့်ပေးခြင်း၊

(၃) ပေးကမ်းခြင်း (သို့မဟုတ်) လှူဒါန်းခြင်း၊

(၄) ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်း၊

(ဂ) စီးပွားရေးဆိုင်ရာအခွင့်အရေးကို မူပိုင်ခွင့်ပိုင်ရှင်က လွှဲပြောင်းခြင်းကို စာဖြင့် ရေးသား လက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

၃၂။ မှတ်ပုံတင်ထားသော မူပိုင်ခွင့်အား လွှဲပြောင်းခြင်းကို ပြုလုပ်သည့်အခါ-

(က) လွှဲပြောင်းပေးခြင်းခံရသူသည် ထိုသို့လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများအား ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ရှိသည့်အခါ နှစ်ဦးနှစ်ဖက်က အထောက်အထားစာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၂ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၃)**

**မူပိုင်ခွင့်နှင့်ဆက်နွယ်သည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးသည့် သက်တမ်းများ**

၃၄။ ဖျော်ဖြေသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးကို ရရှိစေရမည် -

(က) အောက်ပါအချက်တစ်ရပ်ရပ်ကို ပြုလုပ်၍ ထုတ်လွှင့်ခြင်း သို့မဟုတ် ဆက်သွယ်ပို့လွှင့်ခြင်းမှတစ်ပါး အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(၁) ဖျော်ဖြေသူ၏ ခွင့်ပြုချက်ဖြင့် ဖျော်ဖြေတင်ဆက်မှုကိုအရုပ်အသံ ပေါင်းစပ်ထည့်သွင်းပြုလုပ်ထားခြင်း သို့မဟုတ် သက်ဆိုင်ရာ ဖျော်ဖြေသူ၏ ခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ ကိစ္စရပ်များကို ပြုလုပ်ခြင်း၊

(၂) ဖျော်ဖြေတင်ဆက်မှုကို စတင်ထုတ်လွှင့်သည့်အဖွဲ့အစည်းက ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ ထပ်မံထုတ်လွှင့်ခြင်း၊

(ခ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂ) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကို နည်းလမ်း သို့မဟုတ် ပုံစံတစ်မျိုးမျိုးဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(ဃ) ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းထားသည့် မိတ္တူကို ယင်း၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းပြုလုပ်ထားသည်မှတစ်ပါး မိမိ၏ဖျော်ဖြေ တင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏ မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ချိခြင်း၊

(င) အခကြေးငွေဖြင့် ငှားရမ်းထားသည့် မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ရှိစေကာမူ မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်းကို ဖြစ်စေ၊ ယင်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့်ငှားရမ်းခြင်း၊

(စ) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း ပြုထားသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် သို့မဟုတ် အခြားဆက်သွယ်မှု နည်းစနစ်တစ်ခုခုဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း၊

၃၅။ ဖျော်ဖြေသူ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုရာတွင် ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို ပါဝင်ထည့်သွင်းရန် တစ်ကြိမ်သဘောတူပြီးဖြစ်ပါက ဖျော်ဖြေသူနှင့် ထုတ်လုပ်သူတို့အကြား ဆန့်ကျင်ကွဲလွဲသောသဘောတူညီချက်မရှိလျှင် ဖျော်ဖြေသူသည် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များနှင့် ထပ်မံ၍ သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ဖျော်ဖြေသူသည် မိမိ၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူ မိမိ၏ တိုက်ရိုက်သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် သီဆိုဖျော်ဖြေတင်ဆက်မှုနှင့်စပ်လျဉ်း၍ အသုံးပြုသည့် နည်းလမ်းအရ စည်းကမ်းချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင် မိမိ၏ ထင်ပေါ်ကျော်ကြားမှုကို ထိခိုက်နိုင်သည့် ဖျော်ဖြေသူ၏ မူလပုံပန်းသဏ္ဌာန်နှင့် အနှစ်သာရ ပျက်ယွင်းစေခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြုပြင်ခြင်းကိုလည်း ကန့်ကွက်ပိုင်ခွင့်ရှိသည်။

(ဂ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရမည့် ကာလသည် ဖျော်ဖြေတင်ဆက်မှုကို ဖိုနိုဂရမ်တွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ထိုသို့ အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်း မပြုသည့်ကိစ္စတွင် ဖျော်ဖြေသည့်နှစ် ကုန်ဆုံးသည့် အချိန်မှစ၍ နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိ သော်လည်းကောင်း ဖြစ်ရမည်။

(ဃ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဖျော်ဖြေသူများအား ၎င်းတို့၏ ဖျော်ဖြေမှုနှင့်စပ်လျဉ်း၍ ပိုမိုဦးစားပေးသည့် စည်းကမ်းချက်များ သတ်မှတ်ပြီး ပဋိညာဉ် စာချုပ်ချုပ်ဆိုခြင်းအပေါ် သက်ရောက်မှု မရှိစေရ။

၃၆။ ဖိုနိုဂရမ် ထုတ်လုပ်သူ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) ထုတ်လုပ်သူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများ ရရှိရမည် -

(၁) ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း သို့မဟုတ် ပုံစံနှင့်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(၂) ဖိုနိုဂရမ်မိတ္တူများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) ထုတ်လုပ်သူသည် မိမိ၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးဖြစ်သော ဖိုနိုဂရမ်မူရင်း သို့မဟုတ် မိတ္တူမှတစ်ပါး ဖိုနိုဂရမ်၏မူရင်း သို့မဟုတ် မိတ္တူများကို အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၄) အခကြေးငွေဖြင့် ငှားရမ်းထားသည့် ဖိုနိုဂရမ်မိတ္တူ၏ ပိုင်ဆိုင်မှုသည် မည်သို့ပင်ရှိစေကာမူ ယင်းမိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(၅) ဖိုနိုဂရမ်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့်အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

(ခ) ဖိုနိုဂရမ်ကိုထုတ်ဝေသည့် အချိန်မှစတင်၍ ထိုသို့ထုတ်ဝေသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်းမပြုရသေးလျှင် ဖိုနိုဂရမ်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဤဥပဒေအရ ဖိုနိုဂရမ် ထုတ်လုပ်သူများ ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

၃၇။ ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ -

(က) ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(၁) ထုတ်လွှင့်ချက်ကို ထပ်မံထုတ်လွှင့်ခြင်း၊

(၂) ထုတ်လွှင့်ချက်ကို အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(၃) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(၄) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းအား မူပွားခြင်း။

(ခ) အများပြည်သူမှ တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရန် မရည်ရွယ်သည့် ဂြိုဟ်တုမှ ထုတ်လွှင့်ချက်ကို တရားဝင်လက်ခံရယူနိုင်သည့်အဖွဲ့အစည်းမှ ဖမ်းယူပြီး ကေဘယ်လ်ကြိုးဖြင့်ဖြစ်စေ၊ ဆက်သွယ်ပို့လွှင့်ခြင်းဖြင့်ဖြစ်စေ ဆက်သွယ်ပို့လွှင့်နိုင်သည်။ ထိုသို့ဆက်သွယ်ပို့လွှင့်ခြင်းကို အဆိုပါအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။

၃၈။ ပုဒ်မ ၃၄၊ ၃၅၊ ၃၆၊ ၃၇ နှင့် ၃၉ တို့ပါ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါပြုလုပ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) လတ်တလော သတင်းအချက်အလက်များကို သတင်းအဖြစ်ပေးပို့ရန် သင့်လျော်မျှတသည့် ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို အသုံးပြုခြင်း၊

(ခ) သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်သာ မူပွားခြင်း၊

(ဂ) ပညာသင်ကြားရေးနှင့် သင်ကြားမှု အထောက်အကူပစ္စည်းအဖြစ် ထုတ်ဝေပြီးဖြစ်သော ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့အတွက်မှတစ်ပါး မျက်နှာချင်းဆိုင် ပညာသင်ကြားရေးအတွက်သာ ရည်ရွယ်လျက် မူပွားခြင်း၊

(ဃ) ဤဥပဒေ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များအရ အသုံးပြုသည့် စာပေအနုပညာ လက်ရာများတွင် ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်များကို ထည့်သွင်းအသုံးပြုခြင်း။

၃၉။ (က) စီးပွားရေးအလို့ငှာ ရည်ရွယ်၍ ဖြန့်ချိထားသော သို့မဟုတ် ပြန်လည်ထုတ်လုပ်ထားသော ဖိုနိုဂရမ်တစ်ခုကို အသံလွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူကို ဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုပြီးပါက ဖျော်ဖြေသူ သို့မဟုတ် ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ် ထုတ်လုပ်သူတို့အား မျှတသည့်အခကြေးငွေကို အသုံးပြုသူက တစ်ကြိမ်ပေးဆောင်ရမည်။

(ခ) ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့ အချင်းချင်း အခြားနည်းဖြင့်သဘောတူညီမှုမရှိလျှင် ပုဒ်မခွဲ(က)အရ အသုံးပြုမှုအတွက်ရရှိသည့် အခကြေးငွေအား ထုတ်လုပ်သူမှ ဖျော်ဖြေသူများအား တစ်ဝက်ပေးရမည်။

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ်အသုံးပြုမှုအတွက် ရရှိမည့် အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ်စတင်ထုတ်ဝေသည့် အချိန်မှစ၍ ထိုနှစ်နှင့်တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါဖိုနိုဂရမ်ကိုမူ ပုဒ်မ ၃၅(ဂ) အရ ဆက်လက်ကာကွယ်မှုပေးမည်။

(ဃ) ဤပုဒ်မအရ ဝါယာဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူရရှိခံစားနိုင်စေရန် ပြုလုပ်ထားသော ဖိုနိုဂရမ်များကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့်အချိန်တို့၌ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအား စီးပွားရေးအလို့ငှာ ထုတ်ဝေခြင်းဟု မှတ်ယူရမည်။

(င) ပုဒ်မ ၃၄ ပုဒ်မခွဲ(စ) အရ ဖိုနိုဂရမ် အသုံးပြုမှုအတွက် အကာအကွယ်ပေးထားသော သီးသန့်အခွင့်အရေးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့် မသက်ဆိုင်စေရ။

**အခန်း(၁၄)**

**မူပိုင်ခွင့်အခွင့်အရေးရရှိသူကိုဖော်ပြသည့်သတင်းအချက်အလက်များနှင့် နည်းပညာဖြင့် ကာကွယ်ထားသောအစီအမံများကိုအကာအကွယ်ပေးခြင်း**

၄၀။(က) မူပိုင်ခွင့် အခွင့်အရေးရရှိသူကိုဖော်ပြသည့် သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ -

(၁) အီလက်ထရွန်နစ်ဆိုင်ရာ မူပိုင်ခွင့်အခွင့်အရေးရရှိသူကို ဖော်ပြသည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုရ၊

(၂) ဤဥပဒေအရ အကာအကွယ်ပေးထားသည့် မူပိုင်ခွင့်လက်ရာများ သို့မဟုတ် အခြားကိစ္စရပ်များအပေါ် ပုဒ်မခွဲငယ် (၁) အရ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း၊ ဖြန့်ချိရန်တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းမပြုရ။

(ခ) ပုဒ်မခွဲ(က)ပါ အချက်များသည် ပြည်သူလူထုနှင့် သက်ဆိုင်သော မူဝါဒ သို့မဟုတ် လုံခြုံမှုအတွက် ဥပဒေအရ ခွင့်ပြုထားသော အစိုးရ၏ မည်သည့်ဆောင်ရွက်မှုကိုမျှ မသက်ဆိုင်စေရ။

၄၁။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများနှင့်စပ်လျဉ်း၍ -

(က) ထိရောက်သောနည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်း၊ ရှောင်ရှားခြင်း၊ ဖယ်ရှားခြင်း၊ သက်ရောက်မှု မရှိစေခြင်း၊ ပျက်စီးစေခြင်း မပြုရ၊

ရှင်းလင်းချက်။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်းဆိုရာတွင် ပုံစံဖျက်ထားသော မူပိုင်ခွင့်လက်ရာများ၊ မူပိုင်ခွင့်နှင့်ဆက်စပ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများအား မူရင်းပုံစံ ပြန်လည်ရရှိစေရန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

**ဆက်လက်ဖော်ပြပါမည်။**


ကျား၀ါပေ့ပေ့











# လက်သည်းဆိတ် လက်ထိပ်နာ

ulifo




မေ ၂၆ ရက်က တောင်ကိုရီးယားနိုင်ငံ ဆောင်ဂျူးမြို့သို့ THAAD ဒုံးခွင်းဒုံးစနစ်၏ စက်ကိရိယာများ ဆိုက်ရောက်လာမှုကို ဒေသခံပြည်သူများ ကန့်ကွက်ကြစဉ်။ **ဓာတ်ပုံ** – gdb.voanews.com

မြောက်ကိုရီးယားအစိုးရအဖွဲ့အား ဦးတည်သည့် မည်ကဲ့သို့သော စစ်ရေးဆောင်ရွက်ချက်မျိုးတွင်မဆို တောင်ကိုရီးယားနိုင်ငံ၏ သဘောတူခွင့်ပြုချက်ရရှိရန် လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ဩဂုတ် ၁၆ ရက်တွင် အခိုင်အမာ ပြောကြားလိုက်သည်။

ကိုရီးယားကျွန်းဆွယ်၌ နောက်ထပ်မည်ကဲ့သို့သော စစ်ပွဲမဟူဖြစ်ပေါ်လာခြင်းမရှိစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကာကွယ်သွားမည်ဟု အခိုင်အမာ ပြောကြားလိုက်သူသည်ကား သမ္မတမွန်းဖြစ်၏။

"ကိုရီးယားကျွန်းဆွယ်မှာ စစ်ပွဲကြီး ထပ်မံဖြစ်ပွားလာမှာကို လက်မခံနိုင်ပါ" ဟု သမ္မတမွန်းက ၁၉၄၀ ပြည့်လွန်နှစ်များက ဂျပန်ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်မှု အထိမ်းအမှတ်မိန့်ခွန်းပြောကြားရာတွင် အတိအလင်း ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကို စစ်ရေးအရ အရေးယူရန် သင့်-မသင့် မိမိတို့ကိုယ်တိုင် သာလျှင် ဆုံးဖြတ်သင့်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက် (မည်သည့်နိုင်ငံ) ကမျှ အဆုံးအဖြတ်ပေးရန် မလိုကြောင်း မွန်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် အမေရိကန်နှင့် လက်တွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ စစ်ရေးတင်းမာမှုကို ဖြေလျှော့နိုင်ရန် သံတမန်ရေးနည်းလမ်းအရ ကြိုးပမ်းရေးမှာ အထူးပင် အရေးကြီးကြောင်း၊ မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူနှင့် ဒုံးလက်နက်အစီအစဉ်များ အရေးနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ယင်းနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံ့ဦးသျှောင်၏ အထက်ဖော်ပြပါ မှတ်ချက်စကားကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် မကြာမီက မြွက်ကြားခဲ့သည့်စကားနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ မြောက်ကိုရီးယားသည် အထူးအားဖြင့် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်လက်နက်တိုက် ခေတ်မီတိုးတက်စေရေးအတွက် မနားမနေ လုပ်ဆောင်နေပါလျှင် ယင်းနိုင်ငံကို မီးလောင်တိုက်သွင်းပစ်မည်ဟု သမ္မတထရန့်က ကြုံးဝါးခဲ့၏။ ထရန့်၏ အပြော၊ ထရန့်၏ အဟောကြောင့် အပြန်အလှန် နားလည်မှုလွဲမှားကာ စစ်ဖြစ်လာနိုင်သကဲ့သို့ အမေရိကန်၏ တစ်ဖက်သတ် အရေးယူဆောင်ရွက်မှုကြောင့် စစ်ဖြစ်လာနိုင်သည်ဟု ကမ္ဘာ့နိုင်ငံများ စိုးရိမ်ပူပန်ခဲ့ကြရ၏။

လတ်တလောတွင်မူ စစ်မက်ဖြစ်ပွားလာနိုင်သည့်အလားအလာများ ပြန်လည်မှေးမှိန်သွားပြီဖြစ်ရာ တိုကျိုမှသည်ဟောင်ကောင်နှင့် ဆစ်ဒနီတို့အထိ စတော့ရှယ်ယာအညွှန်းကိန်းများ ပြန်လည်ဦးမော့လာခဲ့ပေပြီ။

မကြာသေးမီ ရက်များကမူ နှစ်နိုင်ငံအကြား စကားတိုက်ပွဲများဖြင့် စစ်ရေးတင်းမာမှု ရှိခဲ့ရသော နေ့ရက်များကို ဖြတ်သန်းခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုကိုသော်လည်းကောင်း၊ ပစိဖိတ်ဒေသရှိ ဂူအမ်ကျွန်းအပါအဝင် အမေရိကန်ပိုင်နက်နယ်မြေကိုသော်လည်းကောင်း ဒုံးကျည်ထိမှန်လာမည်ဆိုပါက မြောက်ကိုရီးယားကို စစ်ခင်းရလိမ့်မည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ကလည်း ဩဂုတ် ၁၄ ရက်တွင် သတိပေးခဲ့သည်။

"မြောက်ကိုရီးယားက ဒုံးကျည်ပစ်ခတ်လာရင် လျင်မြန်စွာ စစ်ဖြစ်လာနိုင်တယ်။ သူတို့ ဒုံးကျည်ပစ်တာဟာ စစ်ပွဲခေါ်သံဖြစ်လိမ့်မယ်။ ဂူအမ်ဟာ အမေရိကန်ရဲ့ နယ်မြေ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ပစ်ရဲရင်ပစ်ကြည့်လိုက်" ဟု ဝန်ကြီးမက်တစ်က ပင်တဂွန်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် ဂူအမ်ကျွန်းအနီးအပါးရှိ ပင်လယ်ပြင်အတွင်းသို့ ဂျပန်နိုင်ငံ၏ ကောင်းကင်ယံမှ ကျော်ဖြတ်ကာ တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်လေးစင်း ပစ်လွှတ်ရေး အစီအစဉ်ကို ၎င်း၏ တပ်မှူးကြီးများနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်ဆို၏။ ကင်သည် ဩဂုတ် ၁၄ ရက်က စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်း၏ တပ်မှူးကြီးများနှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်ဟု နိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။


**ဓာတ်ပုံ** – nationalsecurity.news

## ရေတပ်စခန်းတည်ရာ ဂူအမ်ကျွန်း

ဂူအမ်ကျွန်းသည် အမေရိကန်ရေတပ် အခြေစိုက်စခန်းတစ်ခုတည်ရာ ကျွန်းတစ်ကျွန်းဖြစ်သည်။ ဂူအမ်ကျွန်းရှိ အပရာဆိပ်ကမ်း၌ ယင်းအခြေစိုက်စခန်းတည်ရှိသည်။

ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း၌ တည်ရှိသော အမေရိကန်ပိုင်နက်နယ်မြေ ဂူအမ်ကျွန်းမှာ စတုရန်းကီလိုမီတာ ၅၅၀ အကျယ်အဝန်းရှိကာ လူဦးရေ ၁၆၀၀၀၀ ကျော်မျှ နေထိုင်ကြသည်။

စပိန်-အမေရိကန် စစ်ပွဲကာလအတွင်း ၁၈၉၈ ခုနှစ်တွင် ဂူအမ်ကျွန်းကို စပိန်ထံမှ အမေရိကန်က သိမ်းပိုက်ခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း မိုက္ကရိုနီးရှားဒေသ၌ ဂူအမ်ကျွန်းတည်ရှိနေပြီး ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ မြောက်ဘက် ကီလိုမီတာ ၅၃၀၀ အကွာတွင် တည်ရှိသည်။ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်း (ပြည်နယ်) မှ ကီလိုမီတာ ၅၃၀၀ အကွာ၌ပင် ရှိနေရာ တူညီသော အကွာအဝေးဟု ဆိုနိုင်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့တောင်ဘက်၌ ဂူအမ်ကျွန်းတည်ရှိနေပြီး မြို့တော် ပြုံယမ်းမှ ကီလိုမီတာ ၃၄၀၀ ခန့် ကွာဝေးသည်။

ဂူအမ်ကျွန်း၌ နေထိုင်သူများအားလုံးမှာ ယင်းကျွန်း၌ပင် ဇာတိချက်ကြွေ မွေးရပ်မြေအဖြစ် နေထိုင်လာခဲ့ကြသော အမေရိကန်နိုင်ငံသားများဖြစ်ကြသည်။ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးမှာ မာရီယာနာကျွန်းစု၏ ဌာနေတိုင်းရင်းသားများဖြစ်ကြပြီး ဂူအမ်ကျွန်း၏ အကြီးဆုံးသော တိုင်းရင်းသားမျိုးနွယ်အဖြစ် ပါဝင်သည်။

ဂူအမ်ကျွန်း၌ အမေရိကန်တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်ရှိပြီး အမေရိကန်စစ်ဘက်က ထိန်းချုပ်ထားသည့် ကုန်းမြေသုံးပုံတစ်ပုံနီးပါးတွင် စခန်းချထားသည်။ တပ်ဖွဲ့ဝင်အများစုမှာ ရေတပ်သားများနှင့် လေတပ်သားများဖြစ်ကြသည်။

မာရီယာနာကျွန်းစု ပူးတွဲဒေသ စစ်ဌာနချုပ်အောက်ရှိ အန်ဒါဆင်လေတပ်စခန်း၌ ဘီ-၅၂ ဗုံးကြဲလေယာဉ်ကြီးများနှင့် ဂျက်တိုက်လေယာဉ်များကို ဖြန့်ကြက်ထားသည်။

ဂူအမ်ရေတပ်စခန်း၌ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောလေးစင်းနှင့် ရေငုပ်သင်္ဘောအထောက်အကူပေးရေး စစ်ရေယာဉ်နှစ်စင်းတို့ကို ဖြန့်ကြက်ထားသည်။

## ပစ္စုပ္ပန် ဒေသတွင်း အခြေအနေ

အမေရိကန်၏ ပြုမူပုံကို နောက်ထပ်အတန်ငယ်မျှ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း၊ စစ်ရေးအစီအစဉ်ကို ဂရုဓမ္မပြုလျက် အသေးစိတ်ရေးဆွဲခဲ့သည့် မဟာဗျူဟာမြောက်တပ်ဖွဲ့ကို ချီးကျူးကြောင်း ခေါင်းဆောင်ကြီးကင်၏ မိန့်ကြားချက်ကို ကိုးကားလျက် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားသည် ၁၉၉၈ ခုနှစ်က ဂျပန်နိုင်ငံကို ကျော်လွန်၍ ပထမဆုံးအကြိမ် ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ရာ ဂျပန်အစိုးရအဖွဲ့က ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကို အမေရိကန်နှင့်အတူ အစပျိုးဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။

မြောက်ကိုရီးယားသည် ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့ရာတွင်မူ အောင်မြင်မှုမရခဲ့ပေ။ ၂၀၀၉ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် စမ်းသပ်ပစ်ခတ်ရာ အောင်မြင်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်သမ္မတ ထရန့်နှင့် ဩဂုတ် ၁၅ ရက်က တယ်လီဖုန်းဆက်သွယ်ကာ ဆွေးနွေးခဲ့ရာတွင် ဒုံးကျည်များ ပစ်ခတ်ခြင်းမှ မြောက်ကိုရီးယားအား တားဆီးကာကွယ်ရန် လိုအပ်သည်ဟု ခေါင်းဆောင်နှစ်ဦး သဘောတူညီမှုရရှိခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်းမှာမူ မေလတွင် အာဏာရရှိခဲ့စဉ်က မြောက်ကိုရီးယားနှင့် တွေ့ထိဆက်ဆံမှုများ ပိုမိုပြုလုပ်သွားမည်ဟု ကတိပြုခဲ့သူဖြစ်သည်။ တောင်ကိုရီးယား၌ ဆယ်စုနှစ်တစ်စုနီးပါးကြာမျှ ကွန်ဆာဗေးတစ် အုပ်စိုးစဉ်ကာလအတွင်း မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ သဘောထားတင်းမာသည့် မူဝါဒကို ကိုင်စွဲခဲ့သည်။ အခြေအနေပေးမည်ဆိုပါက မြောက်ကိုရီးယားခေါင်းဆောင် ကင်နှင့် အချိန်မရွေး၊ နေရာမရွေး တွေ့ဆုံဆွေးနွေးရန် မိမိဆန္ဒရှိသည်ဟု သမ္မတမွန်းက ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် လာမည့်ရက်သတ္တပတ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။ ရန်စလှုံ့ဆော်မှုသဘောသက်ရောက်ပြီး စစ်အင်အားပြသရာရောက်သော ပူးတွဲစစ်ရေးလေ့ကျင့်မှု မပြုလုပ်ရန် မြောက်ကိုရီးယားနှင့် ယင်း၏ မဟာမိတ် တရုတ်နိုင်ငံတို့က ဖိအားပေးနေကြလင့်ကစား နှစ်နိုင်ငံမှ တပ်ဖွဲ့ဝင် စစ်သည်ဦးရေ သောင်းနှင့်ချီကာ ဩဂုတ် ၂၁ ရက်မှအစပြု၍ စစ်ရေး လေ့ကျင့်မှုကြီး ၁၀ ရက်တိုင်တိုင်ပြုလုပ်ရန် စီစဉ်ထားလေသည်။

## ပြည်သူ့ဆန္ဒ

တောင်ကိုရီးယား၏ သဘောတူညီမှုမရှိဘဲ မြောက်ကိုရီးယားကို အမေရိကန်က တိုက်ခိုက်မည်မဟုတ်ဟု သမ္မတဒေါ်နယ်ထရန့်က အာမခံချက်ပေးထားသည်ဟု တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက မကြာမီက ပြောဆိုခဲ့ခြင်းမှာ လိမ္မာပါးနပ်သည့် ပြောဆိုချက်တစ်ရပ်အဖြစ် ရှုမြင်ရသည်။

စစ်ရေးအရ လှုံ့ဆော်မှုကို ဖြစ်စေနိုင်သော စကားကို သမ္မတထရန့်က ပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ တောင်ကိုရီးယားနှင့် အမေရိကန်အကြား သဘောထားအမြင် ကွဲလွဲမှု ရှိကောင်းရှိနိုင်ပေလိမ့်မည်။

တောင်ကိုရီးယားပြည်သူအများစုကမူ အမေရိကန်၏ စစ်ရေးနည်းလမ်းကို ၎င်းတို့၏ အကျိုးစီးပွားနှင့် ယှဉ်တွဲနိုင်မည်မဟုတ်ဘဲ စစ်မက်ကင်းရှင်းပြီး တည်ငြိမ်အေးချမ်းသောဘဝကိုသာ မျှော်လင့်တောင့်တပေသည်။


လတ်တလောတွင် မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်မည့် အစီအစဉ်ကို နောက်တစ်လှမ်းဆုတ်လိုက်သဖြင့် စစ်ရေးအရ ထိပ်တိုက်တွေ့မည့် အနေအထားမှ ရှောင်ရှားနိုင်ခဲ့ကြသော်လည်း အမေရိကန်ကမူ စစ်ရေးနည်းလမ်းကို အလျှင်းပစ်ပယ်ခြင်း မရှိပေ။

ကိုရီးယားပြည်သူများမှာမူ သမ္မတမွန်းဂျယ်အင်းနည်းတူပင် ၎င်းတို့၏ ကျွန်းဆွယ်တွင် ဒုတိယမို့ 'ကိုရီးယားစစ်ပွဲ' ဖြစ်ပွားခြင်းကို လိုလားခြင်းမရှိနိုင်ပေ။ ဒုတိယကမ္ဘာစစ်မတိုင်မီ ကိုရီးယားကို ကိုလိုနီအဖြစ် အုပ်စိုးခဲ့သည့် ဂျပန်တို့ ၁၉၄၅ ခုနှစ်တွင် စစ်ရှုံးခဲ့ရသည့် ပယောဂကြောင့် ကိုရီးယားကျွန်းဆွယ် နှစ်ပိုင်းကွဲကွာသွားခဲ့ရသည့် သမိုင်းဖြစ်စဉ်မှ သင်ခန်းစာပေးနေဆဲဖြစ်သည်။ ကိုရီးယားစစ်ပွဲ (၁၉၅၀-၅၃) သည် ဒုတိယကမ္ဘာစစ်အပြီး စစ်အေးခေတ်အတွင်း ကိုရီးယားနှစ်နိုင်ငံ၏ နောက်ကွယ်မှ နိုင်ငံများစွာပါဝင်စွက်ဖက်ခဲ့သည့် စစ်ပွဲဖြစ်ခဲ့သည်ကို အားလုံးက မမေ့နိုင်ကြသေးပေ။ နိုင်ငံနှစ်နိုင်ငံ ဝါဒစနစ်ချင်း၊ လမ်းစဉ်ချင်း မတူကွဲပြားခြားနားနေစေကာမူ လူမျိုးချင်းတူညီကြသော ကိုရီးယားပြည်သူတို့မှာ 'အငိုလွယ်၍ အရှိုက်ခက်သော စစ်ပွဲ' ကို လိုလားကြမည်မဟုတ်ဟု တွေးတောမိရင်း **"လက်သည်းဆိတ် လက်ထိပ်နာ"** ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။


*Ref: South Korea to Prevent War at All Costs, President Moon says (bloomberg.com)*





ကြိုတင်ကာကွယ်
သဘာဝဘေးအန္တရာယ်



လူငယ်အခွင့်အရေး နှင့်
တာဝန်ဝတ္တရား



ယဉ်ကျေးလိမ္မာ
လူ့ကျင့်ဝတ် သင်ခန်းစာ




ကျောင်းသားလူငယ်ဆိုင်ရာ
မိတ်ပညာ



မနောဖြူကလေးစာအုပ်များ - အမှတ် (၂၁၅)၊ မြေညီထပ်၊ ၃၇လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Tel : 09 730 43873, 09 73246980 , 09 450017070, https://www.facebook.com/manawphyu.books



ဂျပန်သာသနာပြုဆရာတော်
အဂ္ဂမဟာ ...




မေတ္တာစွမ်းအား
မေတ္တာသုတ် - ပိဋ္ဋိ စာအုပ်
ထွက်ရှိပါပြီ
တန်ဖိုး - ၂၅၀၀ ကျပ်
- မေတ္တာသုတ်သမိုင်းကြောင်း။
- အသံထွက်ရွတ်ဖတ်နည်း။
- ဂါထာတစ်ပုဒ်ချင်းစီ၏ အဓိပ္ပါယ်များ။
- အာရုံအမျိုးမျိုးထားမေတ္တာ ပွားပုံများ။
- မေတ္တာသုတ်တော်လာကျင့်ဝတ်တရားများ။
- ကိုယ်တိုင်ရေးစပ်ထားသော မေတ္တာလင်္ကာများ။
- ရွတ်ဖတ်ပွားများရခြင်း အကျိုးတရားများ။
ပါဝင်ပါသည်။

ဖတ်ရှုလိုသူများနှင့် တဆင့်လှူဒါန်းလိုသူများဆက်သွယ်ရန်
- ဆရာတော်ဦးဝိလာသ ၀၉ - ၇၅၀၀၀ - ၃၀၀၉
- ဦးစိန်သန်း ၀၉ - ၇၆၂၆၀ - ၀၄၆၆

စင်ကာပူနိုင်ငံ သူနာပြုဒီပလိုမာ (အခမဲ့) ပညာသင်ဆု
(၁၃)ကြိမ်မြောက်ခေါ်ယူခြင်း
၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ် ခေါ်ယူလျက်ရှိရာ ၂၀၁၆ ခုနှစ်ထိ စုစုပေါင်း(၅၇၃)ဦး ရှိပါပြီ။
- စင်ကာပူနိုင်ငံ နာမည်ကြီးတက္ကသိုလ်များတွင် (၃)နှစ်အခမဲ့ပညာသင်ခွင့် ရသည့်အပြင်
- လစဉ် - နေစရိတ် S$ 350 ၊ စားစရိတ်နှင့်အခြားသုံးရန် S$ 750 စုစုပေါင်း S$ 1,100 ရသည်။
- ဒီပလိုမာရရှိပြီးပါက (၁)လလျှင် S$ 2350(S-pass) ဖြင့် အနည်းဆုံး (၆)နှစ် အလုပ်ခန့်မည်။
လူဦးရေ ကန့်သတ်ထားသောကြောင့် အရည်အချင်းပြည့်မီသူများ
အမြန်ဆုံး စာရင်းပေးသွင်း ကြပါရန်။ (ယခုနှစ်ရွေးချယ်မှုပုံစံ ပြောင်းလဲသည်။)
သုခရုစ်ကုမ္ပဏီ ... ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ။ Ph : 377 343, 377 344, 39 57 68,38 68 77,39 22 33

နေမကောင်းလျှင်
[illegible]
အမှတ်တံဆိပ်



TMR-002348(1016)

ဆေးထုတ်တန်းဆေးကိုသုံးဆောင်ပါ
အအေးမိ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကိုပျောက်ကင်းစေပါသည်။
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၀၊ ၅၄၉၀၄၂ ၅၉၀၀၃၄

## ခင်ပွန်းအဖြစ်မှ တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ်-၁၅၃နေ(ဘ)ဦးလှထွန်း၏သမီး ဒေါ်ဝင့်ဝါခိုင်[၁၃/တကန(နိုင်)၀၄၃၄၇၈] ကိုင်ဆောင်သူနှင့် ယခု ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ မြို့မအထက်ပိုင်း၊ အမှတ်(ခ/၉၉)နေ (ဘ)ဦးဇော်မြင့်၏သား ဦးရဲကျော်သူ[၁၄/ဝခမ(နိုင်)၁၅၆၂၉၀]ကိုင်ဆောင်သူတို့သည် ၂-၈-၂၀၁၂ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပြီး အတူတကွပေါင်းသင်းနေထိုင်ခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် ၁၈-၁၂-၂၀၁၅ ရက်တွင် နှစ်ဦးသဘောတူ အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို အသိသက်သေများရှေ့တွင် ပြုလုပ်ချုပ်ဆိုပြီးနောက် တရားဝင် ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝါခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်အောင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၀)**
**အမှတ်-၇၃ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရတနာလမ်းသစ်လမ်း၊ ရတနာလမ်းသစ်အိမ်ရာ (တက်လမ်းအိမ်ရာ) တိုက်(၁၀)၊ အခန်း(၄၀၃) တိုက်ခန်းနှင့်စပ်လျဉ်း၍ အများသိစေရန်

အထက်ပါ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီလွင် [၁၂/သလန(နိုင်)၀၀၆၉၅၉]မှ ကျွန်မ ဒေါ်သီသီဆွေထံသို့ ၃-၈-၂၀၁၃ရက်တွင် မူရင်းစာရွက်စာတမ်းအပြည့်အစုံဖြင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ရောင်းချပြီးဖြစ်ပါသည်။

လက်ရှိတွင်လည်း ကျွန်မဒေါ်သီသီဆွေမှ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီဆွေ[၁၂/သလန(နိုင်)၀၉၂၃၇၆]**
**ဖုန်း-၀၉-၄၂၆၅၂၁၈၂၈**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၃)၊ ဒသမတန်း(D)မှ မသန္တာထွေး၏ ဖခင်အမည်မှန်မှာ ဦးမြစ်သောင်း [၇/ဝမန(နိုင်)၀၂၇၀၅၁]ဖြစ်ပါသည်။

**ဦးမြစ်သောင်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/8596 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## တရားဝင်ဇနီးဖြစ်ကြောင်းနှင့်လှိုင်သာယာမြေတိုင်း (၄/၆-၃)မြေကွက်(၁၂၇၂+၁၂၇၃) ၆၀ပေ×၅၀ပေသည် နှစ်ပေါင်းစုံလက်ထက်ပွား ပစ္စည်းဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ... (၄)လမ်း၊ အမှတ်၁၂၇၂+၁၂၇၃နေ ဒေါ်နန်းနွဲ့ရီ(၇/မညန(နိုင်)...)၏ ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ ဒေါ်နန်းနွဲ့ရီသည် ဦးအောင်မိုး(၁၂/မဘတ(နိုင်)...)နှင့် ၂၀၀၉ ခုနှစ်ကလက်ထပ်ထိမ်းမြားခဲ့ပြီး ... ဦးအောင်မိုးသည် ၂၀၁၁ ခုနှစ်တွင် ... သိရှိရပါသည်။ ဦးအောင်မိုးနှင့် ဒေါ်နန်းနွဲ့ရီတို့သည် ယနေ့တိုင် ကွာရှင်းခြင်းမရှိဘဲ ဒေါ်နန်းနွဲ့ရီသည် ဇနီးတော်အဖြစ် ... လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသည်ဟု သိရပါသည်။ ထိုအချက်ကို အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ - ဦးရဲထွန်း (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ (စဉ်-၃၂၅၇၆/၂၀၀၉)
အမှတ်(၁၇၈)(၅)လွှာ ... ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ကြော်ငြာ


## မြတ်မေတ္တာ ဗုဒ္ဓဂယာအထင်ပြင်ဘုရားဖူးအဖွဲ့ အထူး Promotion စျေးနှုန်း

(Nov-1) (Dec-3) (Feb-10) (Mar-3) (Apr-11)

(Oct-15)(Nov-19)(Dec-17)(Jan-21)(Feb-18)(Apr-1)

(HOTEL ၂၃)

(Sept-30) (Oct-15) (Nov-1,18) (Dec-16,31) (Jan-24) (Feb-10,25) (Mar-17) (Apr-8)

(Dec-31) (HOTEL ၂၃) (အထူး promotion စျေးနှုန်း)

India GSM Simcard ... Internet Wifi Free Service ... DVD ...

Ph:09493338595,09788304828,09263125261,09420134528

Ph:0991036589

## စမ္ပယ်ဝတီ ဗုဒ္ဓဂယာနှင့် သိဒ္ဓိလက်ဆာ အထူးဘုရားဖူးအဖွဲ့

ထွက်ခွာမည့်နေ့ရက်များ

အောက်တိုဘာ - ၁၀

နိုဝင်ဘာ - ၁၊ ၁၅၊ ၂၈

ဒီဇင်ဘာ - ၂၈ (၈ ရက်)

ဇန်နဝါရီ - ၂၉

ဖေဖော်ဝါရီ - ၁၁၊ ၁၅၊ ၂၈

မတ် - ၁၅၊ ၂၈

ဧပြီ - ၁၁ (၈ ရက်)

၁၁ဦး - ၁၀ဦး + ၁ဦး (အခမဲ့)

(USD 800 $ + + +)

## မနာပဒါယီ ဘာသာစကား တက္ကသိုလ်
## Mānāpadayī Language Academy (MLA)
## ဒီပလိုမာ သင်တန်းသားများခေါ်ယူခြင်း

မနာပဒါယီဘာသာစကားတက္ကသိုလ်၏ Pre University ဒီပလိုမာ (၂) နှစ်သင်တန်းများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် အစပြု ...

## Pan Taw Win (Myanmar)Co.,Ltd.

ပန်းတော်ဝင် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Email:ngengewin@pantawwintours.com

Website : www.pantawwintours.com

## အောင်ထူးဆန်းဗေဒစင်တာ
## AUNG HTUSAN PREDICTION CENTER

Mind reader through Occult Science

(To make reservation well in advance)

GOOD INTENTION WILL BRING YOUR GOOD LUCK

## မဆလ

## heart
Curtain,Sofa,Furniture

- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း

No.38, ရွှေဂုံတိုင်လမ်း ... ရန်ကုန်မြို့

Ph: 09-30066799, 09-257335855

United = 150 - 200

Orient = 200-250-300

Premier = 250-300-350

09-420118663, 09-798119749

## AA

09-43158300, 09-254051326

09-782793551

## CAR RENTAL

ALPHARD, HIACE

09 25 358 2510

09 515 8803

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Ph: 09-785084831

Steel Structure

Ph:09-5031107, 09-5028986, 09-5008411

Ph:09-790144436,09-261042883,09-443228272

## AUNG
Auto Service

Ko Zaw Aung 09-43092224

www.facebook.com/AungAutomobileService

## AZURA BEACH RESORT CHAUNGTHA
## မုတ်သုန်ရာသီ အထူး
## ချောင်းသာကမ်းခြေခရီး

အရမ်းတန်တဲ့ အထူးလျှော့စျေးနဲ့ နှစ်သက်ရာ PACKAGE ကိုရွေးချယ်သွားလို့ရပါပြီနော်

VALID UP TO 30 SEPTEMBER 2017

MONSOON SPECIAL PACKAGE
တစ်ဦးလျှင်
၇၄,၅၀၀ ကျပ်

FANTASTIC MONSOON PACKAGE
တစ်ဦးလျှင်
၈၀,၅၀၀ ကျပ်

ပါဝင်သောဝန်ဆောင်မှုများ
- Welcome Drink
- (၂)ညအိပ် တည်းခိုခွင့် (Twin Sharing)
- နံနက်စာ (၂) ကြိမ်
- ညစာ (၂) ကြိမ်
- ကားလက်မှတ်
- အခြား Discount ခံစားခွင့်များ

ဆက်သွယ်ရန်
၀၉ ၉၇၇၉၉၉၀၀၅ ၀၉ ၉၇၇၉၉၉၀၀၈ ၀၉ ၉၇၇၉၉၉၀၀၇
ရန်ကုန်ရုံးခွဲ

## San brotherhood

Air-Con,ရေခဲသေတ္တာ၊အဝတ်လျှော်စက်

Servicing

200,000 Ks 230,000 Ks 135,000 Ks 75,000 Ks

290000 Ks

တပ်ဆင်ပြီးစျေးနှုန်း (၃ နှစ်အာမခံ)

Brand (Compressor)

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421

01-704101 , 09-5002738, 09-450023810

681854, 706193, 09-73116475

01-704649,09-73066836,09-73004800

Capital 09-5053114, 73251545, 01-708842

09-43083868, 01-703241

09-5190383,09-73251535

CNG 01-703684,09-43130068

Victoria 01-704467,09-73217035

01-709114, 09-5019316

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

Medi Health Co., Ltd.

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက် ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

SHWE ME GROUP OF COMPANIES

CB BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- EVA Company Limited
- STAR TEK Company Limited

CB BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်မည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

- Myanmar Pumin Co., Ltd.
- Swam Myat Trading Co., Ltd.
- Asia Myint Co., Ltd.

## ဆရာကြီးဦးမျိုးမြင့်ထွန်း၏
### ဘဝအောင်မြင်ရေးနှင့် ဝိပဿနာပညာမိတ်ဆက်သင်တန်း

လူမှုဘဝတိုးတက်အောင်မြင်ရေးနှင့် ဝိပဿနာပညာများကို အသိကြွယ်စေရန်အတွက် ဆရာကြီးဦးမျိုးမြင့်ထွန်းမှ ဓမ္မဒါန ၄ရက်(ရက်တို)သင်တန်းပို့ချသင်ကြားပြသပေးမည်ဖြစ်ပါသဖြင့် ၎င်းသင်တန်းအား **တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊** တရားရိပ်သာဝင်ရောက်ခြင်းမပြုနိုင်သူများ၊ မိမိမိသားစုတာဝန်များထမ်းဆောင်ရင်း မိမိအိမ်တွင်ပင် တရားအားထုတ်လိုသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်သင်ယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သင်တန်းတက်ရောက်သူများအား စရိတ်ငြိမ်း စီစဉ်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဖွင့်လှစ်မည့်ရက် - ၂၂-၈-၂၀၁၇ရက် မှ ၂၅-၈-၂၀၁၇ရက်ထိ
ဖွင့်လှစ်မည့်အချိန် - နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၄း၀၀ နာရီထိ
ဖွင့်လှစ်မည့်နေရာ - ကန်တော်ကလေး၊ ထီးတန်းဓမ္မာရုံ၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

---

နိုးထုတ်ဝိဇ္ဇာဓရပြန့်ပွားရေး

## "ဝါတွင်း (၇)ရက် တရားစခန်းပွဲ"

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး နှင့် မုံလယ်တောရဆရာတော်ကြီးတို့၏ ဥပဒေ့သယအတိုင်း (30.8.2017 မှ 5.9.2017) နေ့ထိ ဝါတွင်း(၇)ရက် တရားစခန်းပွဲကြီးကို "မွေးသက်သာဝေသီ ကမ္ဘာ့ဗွက်နှီးစကျောင်း" ဝိသုဒ္ဓလမ်း (နှာခေါင်းအနီး) သန်လျင်မြို့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း တရားချစ်ခင် ယောဂီ သူတော်ကောင်း တို့အား နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်း အသိပေး အပ်ပါသည်။

ဖတ်ဝင်နေ့ ➤ (29.8.2017) နေ့ ညနေ (၅)နာရီထက် နောက်မကျဘဲ အရောက် လာရမည် ဖြစ်ပါသည်...။ ကြိုတင်စာရင်း ပေးသွင်းနိုင်ပါပြီး ယောဂီဦးရေ ကန့်သတ်ထားပါသည်...။ (စခန်းဝင်ကြေး ပေးသွင်းစရာ မလိုပါ...။)

ဖုန်း ... 09-428 120 352၊ 09-420 301 845၊ 09-251 064 103 သို့ ဆက်သွယ်နိုင်ပါသည်...။

---

## ရန်ကင်းအေးငြိမ်းရိပ်သာ
## ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လူ့ပြည် နတ်ပြည်မှ ဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလို ဖူးမြင်နိုင်ခြင်းပစ္စယပရိဂ္ဂဟ၊ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို (၁၃၇၉ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်)၄-၉-၂၀၁၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်မပေးရပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**

**ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၄၄၂၀၃၃၉၂၂၊ ၀၉-၇၉၆၇၆၂၁၇၆**







| စဉ် | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | ထိမ်း | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | [illegible] | [illegible] | ဒဂုံမြောက် | [illegible] | ၁၈ | [illegible] | [illegible] | ရန်ကုန် |
| ၂။ | [illegible] | [illegible] | ရွှေပြည်သာ | [illegible] | ၁၀၀၁ | [illegible] | [illegible] | [illegible] |
| ၃။ | [illegible] | [illegible] | ဒဂုံဆိပ်ကမ်း | [illegible] | A.2 | KKATH Development Co,Ltd [illegible] | [illegible] | ရန်ကုန် |
| ၄။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၅။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၆။ | [illegible] | [illegible] | [illegible] | [illegible] | ၂၂ | [illegible] | [illegible] | ရန်ကုန် |
| ၇။ | [illegible] | [illegible] | ဒဂုံတောင် | ၁၈ | [illegible] | [illegible] | [illegible] | [illegible] |
| ၈။ | [illegible] | [illegible] | ဒဂုံမြောက် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၉။ | [illegible] | [illegible] | ဒဂုံဆိပ်ကမ်း | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၀။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၁။ | [illegible] | [illegible] | ဒဂုံဆိပ်ကမ်း | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၂။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၃။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၄။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | ၁၈ | [illegible] | [illegible] | ရန်ကုန် |
| ၁၅။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၆။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၇။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၈။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |
| ၁၉။ | [illegible] | [illegible] | ဒဂုံတောင် | [illegible] | [illegible] | [illegible] | [illegible] | ရန်ကုန် |


**ထိပ်တန်း**
အိမ်ခြေ/အိမ်ရှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

**ရောင်ခြည်ထိပ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြည့်အစုံ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

ကြော်ငြာ

**ROLEX, OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင် ... (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးထားသောနာရီများအတွက် "အတု - အစစ်" စစ်ဆေးပေးခြင်း၊
ဈေးမှန်ပေးဝယ်ယူခြင်း၊ **SERVICE** ပြုလုပ်လိုပါက စေတနာမှန် ... စက်ကိရိယာပစ္စည်းအမှန် ...
နှစ်ကြာကြာတာရှည်သုံးစွဲလိုပါကနိုင်ငံခြားပြီး **ROLEX** ဦးစွန်းမောင်၏ သားတောသည့်များမှ
မိတ်ဟောင်း/မိတ်သစ်များအားအချိန်နှင့်တစ်ပြေးညီ စိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှု
ပေးနေပါသည်။ ...
ရွှေလဝင်း နာရီပြုပြင်ရေး
အမှတ်(၈၅၈)၊ ရွှေဘုံသာအရှေ့လမ်း၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း၊ ၀၁ - ၂၄၆၀၂၄



**ASIA DRAGON** (ကားမှန်)
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-30030030, 09-30030090

**GOLDEN STAR** ခရီးသွားလုပ်ငန်း
❖ ဘာဘာထွက်ပွဲ-ပုဂံ-ပုပ္ပါး (5-9-17) 09-200 8080
❖ ပုဂံ-ညောင်ဦး-ပုပ္ပါး (သောကြာ) 09-201 8080
❖ မြဝတီ-မဲဆောက် (သောကြာ) 09-202 8080
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင် (နေ့စဉ်)

**Y.E.S.** Since 1994
International English Language Centre
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

| Basic Spoken English | | Grammar Foundation Course | |
|---|---|---|---|
| Mon to Thurs-7:30-9:30am | 14,28 Aug | Sat & Sun- 9:00-12:00am | 12 Aug |
| Mon to Thurs-10:30-12:30am | 14 Aug | Mon to Thurs-10:00-12:00am | 14 Aug |
| Mon to Thurs-1:00-3:00pm | 14,28 Aug | Mon to Thurs-1:00-2:30pm | 14 Aug |
| Mon to Thurs-3:00-5:00pm | 14 Aug | **Structure & Written Expression** | |
| Mon to Thurs-5:30-7:00pm | 14 Aug | Sat & Sun - 12:30-3:30pm | 5 Aug |
| Sat & Sun-9:00-12:00am | 26 Aug | Mon to Thurs-1:00-3:00pm | 14 Aug |
| Sat & Sun-3:45-6:45pm | 26 Aug | Sat & Sun - 9:00-12:00am | 19 Aug |
| **Pre-Intermediate English** | | Sat & Sun - 3:30-6:30pm | 19 Aug |
| Mon to Thurs-10:30-12:30pm | 14 Aug | TOEFL,SAT,IELTS,API,AWC,VEC | |
| Mon to Thurs-5:30-7:00pm | 14 Aug | | |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

ဟန်းဂု (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အပြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

ပျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
Jelly Candy ... Sauce ...
MASTER စားသောက်ကုန်သင်တန်း နှင့် ဘာရောင်းဆိုင်
01-389340 ...
01-248014, 01-379071,09-73181875



STANDARD
your affordable quality
SG Eco laminate floor
New Designs
ဖက်ရှင်ကျကျ အထူးဈေးနှုန်း
8 mm- ၁ ကျင်း
76,000 Ks
→ Showroom : ☎ 01-8619598
Hotline: 09 4555 444 30, 09 4555 444 03



City
International Preschool...
Enroll Now!... Get Discount!...
New Center: 125, Ground Floor, 42nd St, Botahtaung Tsp,Yangon, Myanmar.
Ph: 01 - 392 793, 09 - 260 100 772, 09 - 260 100 776 thecitymyanmar

Nestlé LACTOGEN 3 Growing-up Milk (ပွံ့ဖြိုးစကလေးနို့မှုန့်)




၁၅၀ဂရမ်ဘူးသေး ကို
နီးစပ်ရာဆိုင်များတွင်
ဝယ်ယူရရှိနိုင်ပါပြီ။

/lactogen3myanmar
call center 09 73232462

## သီတဂူဆရာတော်ဘုရားကြီး၏ စေတနာဖြင့် (စဥ်)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးခြင်း

စက်တင်ဘာလ ၂ ရက်တွင် စတင်လက်ခံ၍ စက်တင်ဘာလ ၁၆၊ ၁၇ ရက်များတွင် ... (၁၅၀၀)ပြည့် မျက်စိခွဲစိတ်ကုသပေးခြင်း ...

လှူဒါန်းရန်ဌာန - သီတဂူဆရာတော်ဘုရားကြီး ... ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၅၆၉၊ ၀၉-၄၄၃၀၅၅၆၅၆

ငွေလွှဲလိုပါက - ... (Account No. 007-50100701690301) ...

## ဂျပန်နိုင်ငံရှိသတင်းစာတိုက်ကြီးမှ ပညာသင်စရိတ်ထောက်ပံ့မည့် ၂၀၁၈ ခုနှစ်ဧပြီလ မှ ၂၀၂၀ ခုနှစ်၊ မတ်လပညာသင်နှစ်အတွက် ပညာတော်သင် ကျောင်းသား/သူများခေါ်ယူခြင်း

### ခေါ်ယူမည့်ကျောင်းသား

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလ မှ ၂၀၂၀ ခုနှစ်၊ မတ်လအထိ ၂ နှစ်ကြာ၊ ဂျပန်စာသင်ကျောင်းတွင် ပညာသင်ယူနိုင်မည့်သူ (ကျန်းမာရေးကောင်းသူ)
၂။ တက္ကသိုလ်ဘွဲ့ရရှိပြီးသူ ကျား/မ အသက် ၃၀ အောက် (သို့) ၂၀၁၇ ခုနှစ်အတွင်းဘွဲ့လက်မှတ်ရမည့်သူ။
၃။ ဆိုင်ကယ်လိုင်စင်ရှိသူ (သို့) ကားလိုင်စင်ရှိသူ (သို့) ၂၀၁၇ ခုနှစ် ၁၀လပိုင်းအတွင်းလိုင်စင်ရမည့်သူ။
၄။ ဂျပန်စကားအနည်းငယ်ပြောနိုင်သူ (သို့) ဂျပန်စာသင်ယူရန် စိတ်ဝင်စားသူ။
၅။ ဂျပန်နိုင်ငံ၏ ဥပဒေ၊ ကျောင်းစည်းကမ်း တို့ကိုလိုက်နာမည့်သူ။
၆။ ဂျပန်တွင် အောင်မြင်အောင်ကြိုးစားမည်ဟု ဆုံးဖြတ်ထားသူ။
၇။ နောင်တစ်ချိန်တွင် မိမိနိုင်ငံအတွက် အကျိုးပြုသူတစ်ယောက်ဖြစ်ရမည်ဟုယုံကြည်ထားသူ။

### ခေါ်ယူမည့်ပုံစံ

၁။ ကျား/မ မရွေး ကိုယ်ရေးရာဇဝင် (အင်္ဂလိပ်စာ)ကိုအီးမေးလ်ဖြင့် ပို့ပေးရန်။
၂။ လျှောက်လွှာပိတ်ရက်သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့အထိဖြစ်သည်။
၃။ လျှောက်လွှာစာရင်းလက်ခံပြီးနောက် အသေးစိတ်ရှင်းလင်းမည့်နေရက်၊ အချိန်၊ နေရာကို အီးမေးလ်ဖြင့် အကြောင်းကြားပေးပါမည်။
၄။ အသေးစိတ် သိရှိလိုပါက Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပေးပို့ရန် E-mail - mainichi.student2016@gmail.com

ဆက်သွယ်ရန် - AKAMONKAI JAPANESE LANGUAGE SCHOOL
ဖုန်း - ၀၉-၄၅၄ ၁၁၁ ၈၁၉

Facebook - AKAMONKAI JAPANESE LANGUAGE SCHOOL YANGON




Red dot ဆိုင်မှာ ဘယ်ဖုန်းလိုင်းကိုမဆို ခဲခြစ်စရာမလိုဘဲ အလွယ်တကူ ဖုန်းငွေဖြည့်နိုင်ပြီ
telenor ooredoo MEC MPT

## Khine ကိုရီးယားဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)
ကိုရီးယားနိုင်ငံတွင်လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်
• E.P.S (TOPIK) ...
Ph : 09-73026940, 09-250641687
09-5182790

## Webster UNIVERSITY
Golden Silver Star Co., Ltd.
Ph : 09-73060024, 01-535458
Email: peterwai219@gmail.com

ထိုင်းနိုင်ငံ၊ ဘန်ကောက်နှင့် ဟွာဟင်တို့တွင် ရှိသော Webster University Cumpuses အောက်တိုဘာလ Intake တွင် တက်ရောက်ပညာသင်ကြားလိုသူများအတွက်...
- အခမဲ့လေယာဉ်လက်မှတ် (ရန်ကုန် → ဘန်ကောက်)
- အခမဲ့ Laptop လက်ဆောင်
- အခမဲ့ (၂)ယောက်တွဲ အဆောင်နေခွင့် (One Semester)
- အခမဲ့စာအုပ်လက်ဆောင် (For First Semester)

တို့အား ရယူလိုပါလျှင် GSS မှ အမြန်ဆုံး လျှောက်ထားပါရန်။
(ပထမဆုံး လာရောက်လျှောက်ထားသော ကျောင်းသား/သူ (၁၀)ဦးအတွက်သာ)



## SYP အာလူးဆေးရိုးပင်
အုတ်ရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး
ကိုထွန်းနိုင် + မမိုးမိုးဝေ
Ph: 01645757, 095145162, 09965145162, 0973021997, 09455081166, 095408777





## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်တော် ဦးစိုးမိုးသူ[၁၂/ဒဂမ(နိုင်)၀၀၈၆၂၃] (ဘ)ဦးစန်းဦးနှင့် ဒေါ်သန္တာကိုကို [၁၂/စခန(နိုင်)၀၆၁၉၇၀] (ဘ)ဦးကိုကိုတို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၆-၈-၂၀၁၇ ရက်မှစ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)**

ဦးစိုးမိုးသူ
[၁၂/ဒဂမ(နိုင်)၀၀၈၆၂၃]




သွေးတိုးနေပါသလား?
မြကန်သာ
သွေးတိုးကျဆေး
ကိုသောက်ကြည့်ပါ။
Reg.TMR 003059(0217)
Ph:660656, 09-5090449, 09-799226437

## ACE® PE WATER TANK
KOREA HI-TECH




သန့်ရှင်းစေတ်မီ ACE ရေတိုင်ကီ

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယားပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်




HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

## သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721




မြန်မာ့ရှေ့ဆောင်ဘဏ်®
ငွေစုသူများကို
ပိုမိုအကျိုးဖြစ်ထွန်းစေမည့်
MAB Savings
INTEREST
DAILY
နေ့စဉ်အတိုးတွက်
INTEREST
%
အတိုးနှုန်း ၈.၅%
INTEREST
QTLY
၃လတစ်ကြိမ်အတိုးထည့်
အတိုးတွက်နမူနာပုံစံ (Sample Interest Formula)
Date Code Withdrawal Deposit Balance
01.05.2017 CHD 500,000.00 500,000.00
05.05.2017 CHD 500,000.00 1,000,000.00
15.05.2017 CHW 700,000.00 300,000.00
30.05.2017 CHD 1,000,000.00 1,300,000.00
ယခင်အတိုးတွက်ပုံစံ
အတိုးတွက်သည့်လ၏ အနိမ့်ဆုံးလက်ကျန် x ၁နှစ်အတွက် အတိုး
၁၀၀ x ၁၂
= ရရှိမည့်အတိုး
Mayလ အတွက် စံစားရမည့်အတိုး
၂,၁၂၅ ကျပ်
ယခုအတိုးတွက်ပုံစံ
နေ့စဉ် လက်ကျန် x ၁နှစ်အတွက် အတိုး
၃၆၅
x ရက်ပေါင်း ရက်
= ရရှိမည့်အတိုး
Mayလ အတွက် စံစားရမည့်အတိုး
၄,၄၄၇.၉၅ ကျပ်
MAB Savings
ငွေစုဘဏ်စာရင်း
Callcenter: +95(1)8610612
www.mabbank.com
Scan QR Code with your Smart Phone to Find MAB Branches

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Towers ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ယာယီရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ အဖြစ် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းရှိ အခန်းများဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Colled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စီး ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားပြီး (၁၅) ယောက်စီး လူစီးဓာတ်လှေကား (၃) စီး နှင့် ရွေ့လျားစက်လှေကား (၂၀) စီး ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**

GA MONE PWINT CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6


MAZDA CX-5 SHOWROOM DISPLAY, TEST DRIVE &
MANAGEMENT VEHICLES STARTING FROM USD $ 49,999
mazda
MAZDA 2 STARTING FROM USD $ 21,999
WITH SKYACTIV TECHNOLOGY
mazda
ENGINE 1.5
DRIVE
CHASSIS
BODY
(LIMITED UNITS ONLY)
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
3 YEARS MAZDA WARRANTY

# (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ကွာလာလမ်ပူ ဩဂုတ် ၁၉**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲကို မြို့တော်ကွာလာလမ်ပူရှိ ဘူကစ်ဂျာလီ အမျိုးသားအားကစားကွင်း၌ ယနေ့ ညနေပိုင်းက ကျင်းပသည်။**(ယာပုံ)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ခုဖြစ်ပြီး ဒေသတွင်း ၁၁ နိုင်ငံက ပါဝင်ယှဉ်ပြိုင်ကာ ယခု (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အားကစားနည်း ၃၈ မျိုး၊ event ၄၀၄ ခုဖြင့် ကျင်းပလျက်ရှိသည်။

ယခု ကျင်းပလျက်ရှိသောပြိုင်ပွဲတွင် နိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမား ၄၈၈၈ ဦးခန့်က ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောလက်ခ်တေ၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# လစ်ဘာတီကွင်း၌ ဆွမ်ဆီးကို မန်ယူ လေးဂိုးပြတ်ဖြင့် အနိုင်ယူ

ဆွမ်ဆီး ဩဂုတ် ၁၉

**ပရီမီယာလိဂ် ပွဲစဉ်(၂)၏ အစောဆုံးပွဲစဉ်ဖြစ်သည့် ဆွမ်ဆီးအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်တွင် ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရသည့် မန်ယူအသင်းက ဆွမ်ဆီးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ လစ်ဘာတီကွင်းအတွင်း အောင်ပွဲခံနိုင်ခဲ့သည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋




### (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၇ | ၄ | ၅ | ၁၆ |
| ၂ | စင်ကာပူ | ၃ | ၃ | ၃ | ၉ |
| ၃ | ထိုင်း | ၃ | ၃ | ၁ | ၇ |
| ၄ | အင်ဒိုနီးရှား | ၂ | ၂ | ၄ | ၈ |
| ၅ | မြန်မာ | ၂ | ၁ | ၀ | ၃ |
| ၆ | ဖိလစ်ပိုင် | ၁ | ၁ | ၂ | ၄ |
| ၇ | ဗီယက်နမ် | ၀ | ၃ | ၁ | ၄ |
| ၈ | လာအို | ၀ | ၁ | ၁ | ၂ |
| ၉ | ဘရူနိုင်း | ၀ | ၀ | ၃ | ၃ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## မြန်မာအမျိုးသမီးအသင်း၏ အရေးပါသည့်ပွဲအဖြစ် ဗီယက်နမ်နှင့် ယနေ့ကစားမည်

သတင်း စာမျက်နှာ - ၁၀




# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ

အထူးကဏ္ဍ

ဩဂုတ် ၂၀၊ ၂၀၁၇ (တနင်္ဂနွေနေ့)


ဝတ္ထုတို


နှင်းဝေဝေ(ပွင့်ဖြူ)




# အဆန်အား

ဆောင်းနှောင်း၏ နှင်းအကြွင်းတို့က ထန်းတစ်ဖျားခန့် နေမင်း၏ရောင်ခြည်အောက်တွင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပြီ။ တပို့တွဲလပြည့်ကျော်ရက်များမို့ နေမင်း၏ အပူချိန်က တဖြည်းဖြည်းရင့်လာနေပြီဖြစ်၏။ ပဲသိမ်းချိန်ဖြစ်သဖြင့် ပဲပင်များကို ရိတ်သိမ်းတင်ဆောင်လာသော စားတော်ပဲထွေးလှည်းများကို နေရောင်အောက်တွင် စီကာတန်းကာ မြင်နေရသည်။

နံနက်မိုးမလင်းခင်ကတည်းက ကိုင်းထဲအရောက်လာ၍ စားတော်ပဲထွေးနေရသော မအေးရီတို့အဖွဲ့သည် ကိုင်းကွက်ထဲမှ ပဲပင်များကို လှိမ့်ကာ လှိမ့်ကာ ထွေးလာသည်မှာ ပြီးတော့မည်။ တစ်ပင်နှင့်တစ်ပင် နွယ်ယှက်၍ မြေပြင်တွင် ပြန့်ပြားနေသော စားတော်ပဲပင်ခြောက်များကို လက်ဖြင့်နှုတ်ကာ ရှေ့ဘက်ဆီသို့ ထွေးလုံးလှိမ့်ယူသွားရသည်။ လူတစ်နိုင်တစ်ဖက်သာသာအလုံးရလျှင် ဖြတ်ကာ နောက်တစ်လုံးဆက်လှိမ့်၍ ထွေးလုံးရသည်။ နောက်ဘက်သို့ပြန်လှည့်ကြည့်လျှင် ပဲထွေးလုံးကြီးများကို ခပ်ဝေးဝေးဆီမှ လှမ်းမြင်နေရသည်။ စားတော်ပဲပင်များ ဤသို့ရိတ်သိမ်းသည်ကို မအေးရီတို့ အရပ်တွင် ပဲထွေးသည်ဟု ခေါ်သည်။ စားတော်ပဲပင်ခြောက်များက တဖြုတ်ဖြုတ်နှင့် နုတ်ရလွယ်ကူပြီး အပင်များကြားမှ ခနွယ်ပင်၊ မြူပင်၊ မြေဇာပင် စသည့် စိမ်းစိုနေသော ပေါင်းပင်များက မြေပေါ်တွင် သည်အတိုင်း ကျန်နေခဲ့သည်သာ။

"ဝေး. . . ကောင်မတို့ အပြီးသတ်ခါနီးတော့မယ်ဟေ့ မြန်မြန်ထက်ထက်လေးလုပ်ထားကြ. . နေမြင့်လာတော့ အသီးတောင့်တွေကြွေမှာစိုးရတယ်. . ဟပ်ချိုး. . ဟပ်ချိုး နေပူလာတော့ အပင်ခြောက်တွေက မွှန်တယ်ဟေ့"

ကိုင်းကွက်ပိုင်ရှင်က လောဆော်လိုက်သောကြောင့် မအေးရီတို့ ခပ်သွက်သွက်လှုပ်ရှားလိုက်ကြသည်။

"အေးရီတို့ပြီးရင် တန်းမပြန်ကြနဲ့ဦး။ လှည်းတွေပေါ် ပဲထွေးကူတင်ပေးသွားကြဦး"

မအေးရီသည် ဝါးခက်ရင်းခွဖြင့် ပဲထွေးများကို လှည်းပေါ်ထိုးတင်ပေးအပြီးတွင် ကြွေကျနေသော ပဲခြောက်တောင့်များကို မြေပေါ်တွင် အဖွေးသားမြင်တွေ့နေရသည်။ ကောက်သင်းကောက် ကျန်နေရစ်ခဲ့ချင်သော်လည်း အလုပ်ရှင်၏အိမ်တွင် အဝတ်လျှော်၊ ရေခပ်၊ ထင်းဖြတ်ပေးရန် အလုပ်ကရှိသေးသည်မို့ ပြန်ခဲ့ရတော့သည်။

"ဟော. . ဆရာလေး ကိုကြည်နိုင် ခုမှ ကျောင်းလာသလား။ နောက်ကျပါပကော"

"မဟုတ်ပါဘူးဗျ။ ဆရာကြီးခိုင်းတဲ့ အလုပ်ကိစ္စလုပ်ပြီး ပြန်လာတာပါ။ အော် ဒါနဲ့ ခဏနေပါဦး ဒေါ်အေးရီ၊ ကျွန်တော်ပြောစရာ လေးရှိလို့ပါ"

"အော်. . ဟုတ်ကဲ့ ဆရာလေး ဘာများပါလိမ့်"

"ဒေါ်အေးရီသား မောင်ငြိမ်းမင်းလေ စာမေးပွဲကြီးကနီးနေပြီ။ ခုတစ်လော ကျောင်းပျက်ရတာနဲ့၊ ကျောင်းနောက်ကျရတာနဲ့ အတော်လေးကြာနေပြီဗျ။ လေးတန်းဆိုတော့ အစိုးရစစ်မို့ မပေါ့စေချင်ဘူး။ ဒေါ်အေးရီသားကို သေချာပြောပါဦးခင်ဗျ"

"ဟင်. . . ဆရာလေးရယ် ကျုပ်မသိရပါလားတော်။ အိမ်ကနေတော့ နေ့တိုင်းအစောကြီး ထွက်ထွက်သွားတာပဲ။ လွယ်အိတ်နဲ့ ဆရာလေးကို စာမေးစရာရှိလို့ ပြောတာခက်တာပဲ။ ဒီကောင်လေးတော့ အိမ်ရောက်ရင် ကျုပ် ဆုံးမပါ့မယ်တော်"

မအေးရီတစ်ယောက် သားဖြစ်သူကို ဒေါသထွက်၍ပူပင်သောကတို့နှင့်ပြန်ခဲ့တော့၏။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . ဒေါင်. . ဒေါင်"

ဒုတိယအကြိမ် ကျောင်းတက်သံချောင်းခေါက်အပြီးတွင် မောင်ငြိမ်းမင်းတစ်ယောက် စာသင်ခန်းထဲသို့ ကသောကမျောဝင်ရောက်လာခဲ့သည်။

"ဟင်. . ငြိမ်းမင်း မင်းတစ်ကိုယ်လုံးမှာလည်း ချွေးတွေနဲ့၊ ဖုန်တွေ သဲတွေနဲ့ ညစ်ပေလို့ပါလား။ ဘာတွေလုပ်လာတာလဲကွ"

မောင်ငြိမ်းမင်း၏ သူငယ်ချင်းဖြစ်သူက မေးလိုက်ရာ "သိချင်လား။ ငါပြောပြမယ်။ ဒီလိုကွ"

"ဟင်. . . မင်းက အဲဒါတွေ သွားလုပ်နေတာလား။ စာမေးပွဲက ရက်ပိုင်းပဲလိုတော့တာဟ. . ဂရုစိုက်ဦး. . ဆရာကလည်း မင်းကိုမေးနေတာ"

"အေးပါ။ မနက်ဖြန်လောက်ဆိုရင် တော်ပါပြီကွာ။ ညနေကျောင်းဆင်းရင်တော့ တစ်ခါထပ်သွားဦးမှာ မင်းလိုက်ခဲ့ပါလား"

"အာ. . . မလိုက်ချင်ပါဘူးကွာ။ ငါ့အမေက မကြိုက်လောက်ဘူးကွ"

"အေးပါ။ မင်းမလိုက်ချင်လည်းနေပါ။ ဒါပေမယ့် ဘယ်သူ့မှ မပြောနဲ့ဦးနော်"

"အေးပါကွ။ မင်းမပြောစေချင်ရင် မပြောပါဘူး"

မောင်ငြိမ်းမင်းသည် သူငယ်ချင်းဖြစ်သူအား ပြောပြနှုတ်ပိတ်ထား၍ သင်ခန်းစာစာအုပ်ကိုထုတ်၍ ဖတ်နေတော့သည်။

နွားရိုင်းသွင်းချိန်ဖြစ်၍ ဝင်ခါနီးနေရောင်ခြည်တန်းနှင့်အတူ ဖုန်လုံးများက ရွာအတွင်း လိမ့်လဲဝေ့ဝဲ၍ ဝင်ရောက်လာ၏။ မအေးရီတစ်ယောက် ထိုင်လိုက်ထလိုက်ဖြင့် အိမ်ဝဆီသို့ လှမ်းမျှော်ကြည့်ရင်း ဒေါသတို့က ပို၍ပို၍ ပွားလာနေတော့သည်။ ထိုစဉ် အိမ်ဝဆီမှ သားဖြစ်သူက ရိပ်ခနဲ ဝင်ရောက်လာရာ "ငြိမ်းမင်း လာပါဦး ဒီကို၊ ဘာလို့ ဒီလောက်နောက်ကျနေရတာလဲ ပြောစမ်း"

"ဟာ. . . အမေကလည်း သား အမေ့ကို ပြောထားသားပဲ။ စာမေးပွဲနားနီးနေလို့ ဆရာလေးကိုကြည်နိုင်ဆီမှာ စာမေး၊ စာကျက်နေလို့ နေ့တိုင်းနောက်ကျတာပါဆို"

"ဘာ. . နင်က ခုထိငါ့ကို ညာချင်တုန်းလား ဟင်။ မနက်က ဆရာလေးနဲ့ ငါတွေ့ခဲ့ပြီဟဲ့. . နင်ကျောင်းပျက်တာ၊ ကျောင်းနောက်ကျတာတွေ ငါ့ကိုတိုင်လိုက်တယ်ဟဲ့ သိလား"

"ဟို. . ဟို. . . အမေ. . . အဲဒါ"

"ဘာဆက်ညာဦးမလို့လဲ။ ငါ ညာတာကို အမုန်းဆုံးဆိုတာ နင်သိတယ်။ ပြောရင်း ငါ စိတ်တိုလာပြီ လာခဲ့စမ်း။ ညာဦး. . ညာချင်ဦး"

မအေးရီသည် ဒေါသကို မထိန်းနိုင်စွာ သားဖြစ်သူအား ရိုက်လေတော့၏။

"ငါကတော့ ဖအေမရှိ မွေးချင်းသားချင်းမဲ့တဲ့ ငါ့သားလေး ပညာတတ်ကြီးဖြစ်ပါစေတော့ရယ်လို့ မရှိတဲ့ကြားက တစ်နပ်စာနဲ့ တစ်နပ်စာ အလျင်မီအောင် ကုန်းရုန်းရှာဖွေပြီး ကျောင်းထားရတယ်။ နှစ်စဉ်ဆုတွေရလို့ ငါ့သားလေး တော်လှချည်လို့ ချီးမွမ်းနေတုန်း. . . နင်က နင်က အခု ဘာအချိုး ချိုးတာတုန်း။ ဟင်. . မညာစဖူးငါ့ကိုညာလို့. . . ငါမကြိုက်တာကိုမှ နင်လုပ်တယ် ဟီး. . အီး. . အီး"

မအေးရီသည် တစ်ဦးတည်းသော ရင်နှစ်သည်းချာကို ဒေါသဖြစ်ဖြစ်နှင့် ရိုက်အပြီးတွင် မချိတင်ကဲ ငိုလေတော့သည်။

"ဟင့် ဟင့် အမေ့ မငိုပါနဲ့ အမေရယ်. . သား အမှန်အတိုင်းပြောပြပါ့မယ်။ ရွာလယ်က ဒေါ်ကြီးလှရဲ့ ကုန်စုံဆိုင်ကိုလိုက်ခဲ့ပါနော်. . နော် အမေ"

"ဟင်. . နင်. . နင်. . ဘာမဟုတ်တာတွေ လုပ်ထားပြန်ပြီလဲ။ ကုန်စုံဆိုင်သွားပြီး အကြွေးတွေ ယူထားသလား"

"လာပါ အမေရာ. . ဟိုကျမှ ဒေါ်ကြီးလှကိုမေးပြီး သားပြောပြပါမယ်"

သားဖြစ်သူက ရှေ့ကဦးဆောင်၍ မအေဖြစ်သူက နောက်မှခပ်သုတ်သုတ် လိုက်လာကာ ရွာလယ်ကုန်စုံဆိုင်သို့ ရောက်လေသော်. . .

"ဒေါ်ကြီးလှ. . ဒေါ်ကြီးလှ. . "

"ဝေ့. . အော်. . အေးရီတို့ သားအမိပါလား။ အဲဒီနားမှာ ထိုင်နေကြဦးဟေ့။ ဈေးဝယ်တွေ ကျနေလို့"

တောဓလေ့သဘာဝအတိုင်း နေဝင်ရိုးရီအချိန်ဆိုလျှင် လုပ်ငန်းခွင်မှ ဝယ်ခြမ်းချက်ပြုတ်ရသည်ဖြစ်ရာ ကုန်စုံဆိုင်တွင် အဝယ်ကျနေ၍ လူရှုပ်လှသည်။ ဆိုင်အပြင်ဘက် ထိုင်ခုံတွင် သားအမိနှစ်ယောက် အသာဝင်ထိုင်ရင်း မအေးရီက သားဖြစ်သူအား တိုးတိုးကြိတ်၍ ဆူမေး မေးလေတော့၏။

"သား မှန်မှန်ပြော ဟိုဘက်ရွာမှာ အာဝါဒေးပွဲရှိနေတာ မင်းအဲဒီကိုသွားပြီး လောင်းကစားတွေ လုပ်နေတယ်မဟုတ်လား။ ဒေါ်ကြီးလှဆီ အကြွေးတွေ ဘယ်လောက်တင်နေပြီလဲ ပြောစမ်း"

"မဟုတ်ပါဘူး အမေရဲ့ မဟုတ်ပါဘူး"

သားဖြစ်သူအားလည်း မေးမရ။ ဈေးဝယ်ရှင်းသည်နှင့် မအေးရီက ဒေါ်ကြီးလှအား ပူပင်စွာ မေးမိတော့သည်။

"အဒေါ်လှရယ် ကျွန်မမေးပါရစေ၊ ကျွန်မသား အကြွေးတွေများ ယူထားသလား ဟင်"

"ဘယ့်နှယ် မယူပါဘူး အေးရီရဲ့။ ငြိမ်းမင်းရေ ငါမနေနိုင်တော့ဘူး။ နင့်အမေကို ပြောလိုက်တော့မယ် ဒီလို အေးရီရဲ့၊ ညည်းသားက နေ့တိုင်း စားတော်ပဲကောက်သင်းကောက်ပြီးတော့ ငါ့ဆိုင်မှာ လာလာအပ်ထားတာ ရက်နှစ်ဆယ်လောက်ရှိပြီအေ့။ အခု ၁၁ ပြည်နဲ့ တစ်ဘူးရနေပြီ။ မနက်ဖြန် တစ်နေကုန်ကောက်ပြီး ဖြည့်လိုက်ရင် ၁၂ ပြည်ပြည့်ပြီလေ။ ညည်းသားက အမေ့ကို ဆန်တစ်အိတ်ဝယ်ပေးချင်လို့တဲ့ အေရေ့။ စားတော်ပဲဈေးက ဒီနှစ်ကောင်းတော့ ပဲ ၁၂ ပြည်ဆိုရင် ဆန် ၂၄ ပြည် တစ်အိတ်ရတယ်လေ"

"ဟင် ဒီလိုဆိုလည်း စောစောက အမေ့ကို ပြောပါလားသားရယ်။ ခုတော့ သားကို အမေ ရိုက်မိပြီ"

"အမေသိရင်လည်း သားကို လုပ်ခိုင်းမှာ မဟုတ်လောက်ဘူးလေ။ ဟိုအရင်လထဲတုန်းက သားတို့ ဆန်မရှိလို့ ထမင်းချက်မစားရတဲ့ နေ့တုန်းက အမေနဲ့ ဘေးအိမ်က အဒေါ်နဲ့ ပြောနေကြတာ သားနားထဲက မထွက်ဘူး"

"ခုနေများ ဆန်တစ်အိတ်လောက် ဘွားခနဲ အိမ်ကိုရောက်လာရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ထမျှား ကမိမလားမသိဘူး"လို့ အမေပြောတာလေ။ အဲဒါကြောင့် အမေ ရုတ်တရက်ဝမ်းသာအောင် သား အမေ မသိအောင် ခိုးလုပ်မိတာပါ"

"နောက်အပတ်ထဲပဲ စာမေးပွဲ ဖြေရတော့မယ်။ သား စာတွေမရဘဲ နေမှာပေါ့။ ကျောင်းပိတ်မှ လုပ်ရောပေါ့ သားရယ်"

"သား စာတွေပိုင်ပြီးသားပါ အမေရဲ့။ ကျောင်းပိတ်တဲ့ရက်ဆိုရင် စားတော်ပဲက တုံးတော့မှာလေ။ အဲဒါကြောင့်ပါ အမေရ၊ ကျောင်းပိတ်ရင်လည်း သား တခြားသီးနှံတွေ ကောက်သင်းကောက်ပြီး အမေ့ကို ကူဦးမှာ"

သားအမိနှစ်ယောက်၏ ပြောစကားများကိုနားထောင်ရင်း ဒေါ်ကြီးလှက "အောင်မယ်လေး အေ ဖြစ်ရလေ မိအေးရီနှယ်. . ဒီလောက်လိမ္မာတဲ့ ကလေးကိုမှအေ ညည်းက ဒေါသက အရင်ကိုးအေ့။ သေသေချာချာ မေးမြန်းပါဦးတော့လား။ တကတည်းမှပဲ. . ဟွန်း"

"ဟုတ်ပါတယ် အဒေါ်လှရယ် ကျွန်မ အစိုးရိမ်လွန်ပြီး မှားသွားတယ်။ သားလေး မဟုတ်တာတွေ လောင်းကစားတာတွေများ လုပ်နေသလားလို့ ထူပူသွားတာ"

"သား. . အမေ့ကို စိတ်မဆိုးပါဘူး ဒေါ်ကြီးလှရဲ့၊ သားက အမေ့ကို ညာမိတာကိုး"

"ဟုတ်ပါပြီတော် သားအမိနှစ်ယောက် လိုက်လည်းလိုက်ပ့ါ။ ဆန်တစ်အိတ် ခုယူသွားချင် ယူသွားတော့လေ အေးရီ။ ပဲ ခုနစ်ဘူးလိုတာတော့ နောက်ရက်လာဖြည့်ပေးပေါ့"

"ဟုတ်ကဲ့ပါ အဒေါ်လှရယ်၊ ရှေ့လျှောက် သားအတွက် ကျွန်မအများကြီး ပိုကြိုးစားတော့မယ်။ သားက ကျွန်မရဲ့ခိုင်မာတဲ့ အားတစ်ခုပါပဲ"

ညမှောင်မှောင် အိမ်အပြန်လမ်းတွင်မူ နိုင်သမျှ ဆန်ထုပ်ကိုယ်စီရွက်လျက် သားအမိနှစ်ယောက်မှာကား အမှောင်ကိုကျော်ဖြတ်မည့် အင်အားအပြည့် ခြေလှမ်းများဖြင့် ပျော်ရွှင်သွက်လက်စွာ။ ။

❐


## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစား ရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

## မြတ်ပညာ

◆ ပညာရောင် ပြောင်မလက်ရင်လ
ညသန်းခေါင် သပိတ်ရောင်မထွက်သလိုကွဲ့
ရှက်စဖွယ် လူ့ဘဝ
စကားအရာ ချီကာစသော်လဲ(လည်း)
အမှားတစ်ရာ စီကာရွတ်သလိုပ
ထွက်ဆိုသမျှ မလိမ္မာ။
◆ အဆင်းခန္ဓာ ဘယ်မှာလှပေမယ့်
အတွင်းသန္တာန် ပညာမရရှာတော့
တင်စားကြ ပမာဆောင်ကာ
အဆင်းဝါဝါ လူ့ပေါက်ပန်းရယ်နဲ့
အသွင်ဆန်း လူ့သဖန်းတို့မှာ
အချင်း ဗရချာ။
◆ သိပ္ပဝိဇ္ဇာ နစ်ဌာနကိုလ
ဘဝဥစ္စာရတနာ မှတ်ကာကွဲ့(ကွယ့်)
ဖွေရှာတတ်ပါမှ အမြတ်သေချာ
မှတ်စေရာ စိတ်ထဲ။
◆ စွဲမှတ်ထင်ထင်
ဘဝတွင် လူပင်မွဲစေတော့
ပညာမနဲ(နည်း)တဲ့ လူ့ရတနာ
အသပြာ သူငါခိုးသလိုပ
မြတ်ပညာ မွှေကာခိုးသော်လဲ(လည်း)
လျော့မပါ ဝဆာတိုးတာမို့
သန္တါဖြိုးကာလေ တိုက်တွန်းချင်ရဲ့
ပညာသာ ဖွေရှာကြိုးကြပါစို့
(အမျိုးတို့ရေ...)
ရှေးကထက်ကဲ။

**အောင်မြင့်(ချင်းတွင်း)**

## ဝင်းပတဲ့ကြယ် တို့လူငယ်

◆ ရိုးသားကာလေ၊ ကြိုးစားစေ၍
တို့တွေလူငယ်၊ ပြည်ကျိုးသယ်ပိုး
ရည်ရွယ်ပန်းတိုင်၊ အရောက်ကိုင်လို့
နိုင်ငံ့တာဝန်ထမ်းစို့ကွယ်။
◆ မူးယစ်ဆေးဝါး၊ ရှောင်ကာရှားလို့
အမှားလမ်းပယ်၊ အသိကြွယ်ဖို့
လူငယ်များစွာ၊ စာဖတ်ကာလေ
အရာရာကိုဆင်ခြင်ကွယ်။
◆ ဗဟုသုတ၊ ပေါကြွယ်ဝဖို့
သုတရသ၊ စုံလင်လှတဲ့
စာကြည့်တိုက်ကိုသွားစို့ကွယ်။
◆ နည်းလမ်းဖွေရှာ၊ တီထွင်ပါလို့
ဇွဲသာအားကိုး၊ ရှေ့ဆက်တိုး၍
ထိုးထွင်းကြံကွယ် တို့လူငယ်။
◆ ထက်ထက်မြက်မြက်၊ စပေါင်းရွက်ဆောင်
အခက်အခဲ၊ တို့လက်တွဲ၍
အမြဲကျော်ဖြတ် ရှေ့အနာဂတ်။
◆ တို့လူငယ်များ၊ စုပေါင်းအားဖြင့်
ကြိုးစားဝင့်ကြွား၊ ရှေ့သို့သွား၍
မြင့်မားကြံဆောင်၊ ဂုဏ်ရှိန်ရောင်ဝင်း
အမှောင်ကိုခွင်း၊ အနာဂတ်လင်းမယ့်
ဝင်းပတဲ့ကြယ် တို့လူငယ်။ ။

**မဒီလှိုင်**

ဆောင်းပါး

# စာဖတ်သူနှင့် စာကြည့်တိုက်များ

■ မြတ်ဇင်မာအေး

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးမှာ မိမိတို့လူမျိုးအလိုက် စာတတ်သူများဖြစ်ခဲ့ကြသော်လည်း တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝတွင် နေခဲ့ရစဉ်အချိန်က အစားဆင်းရဲ၊ အနေဆင်းရဲဖြင့် အသိပညာဗဟုသုတများကို ရစေမည့် စာပေသင်ကြားမှုနှင့်ကင်းဝေးကာ မျက်ကန်းဘဝကို ရောက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ စာမတတ်သူများပြားခြင်းဟူသော အရှုံးရလဒ်ပေါ်ထွက်လာပြန်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် အသုံးလုံးဟုခေါ်ဆိုသော(အရေး၊ အဖတ်၊ အတွက်)ပညာကို အရှိန်အဟုန်ဖြင့် နိုင်ငံတစ်ဝန်းတွင် စာမတတ်သေးသူများအား သင်ကြားပေးခဲ့ရာ ယခုအခါ စာမတတ်သူများမရှိသလောက် နည်းပါးပြီဟူသော အကျိုးရလဒ်ကောင်းကို ရရှိခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်ကာလပြောင်းလဲပြီး တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာသောအခါ စာတတ်ပေတတ်များ ပေါများလာသလို နည်းပညာနှင့် လူမှုဘဝ အသုံးပြုမှုများလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာသောအခါ စာတတ်သူများ၏ အပြုအမူ၊ အတွေးအခေါ်များလည်း တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။ ထိုသို့ အကောင်းဘက်သို့ ပြောင်းလာသောအချိန်တွင် စာမဖတ်သူများလာသည်ကိုလည်း စိတ်မကောင်းဖွယ် မြင်တွေ့လာရသည်။ လူကြီး၊ လူငယ်အတော်များများ စာပေ၏တန်ဖိုး၊ စာပေ၏အရသာ၊ စာပေ၏အကျိုးကို အမှန်တကယ်မသိနိုင်လောက်အောင် ဖြစ်လာသည်ဟု ဆိုရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် တိုးတက်လာသောနည်းပညာ အထောက်အပံ့ကောင်းများကြောင့် စာပေကဏ္ဍမှာ စာအုပ်အဖြစ်နှင့်သာမက အတွေးအမြင်ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေအသိပေးနိုင်သော အရုပ်၊ အသံ၊ စာများအားလုံး တစ်ပါတည်းသိရှိနိုင်သည့် အင်တာနက်စာမျက်နှာများ၊ ဒစ်ဂျစ်တယ်စာကြည့်တိုက်များ ပေါ်ပေါက်လာပြီဖြစ်သည်။

စာတတ်သူများ၊ ပညာတတ်များ၊ စာပေရေးသားသူများ၊ စာပေပညာရှင်များ တိုးတက်များပြားလာသော ယနေ့အခါတွင် ခေတ်ပြိုင်ပေါ်ပေါက်လာသော ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာစနစ်များက လွှမ်းမိုးခြယ်လှယ်နေပြီဖြစ်သည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟု အဆိုရှိခဲ့သော စာအုပ်၊ စာပေများမှာ တိမ်မြုပ်သလိုဖြစ်လာပြီး "အင်တာနက်ဖေ့စ်ဘွတ်စာပေ လူ့မိတ်ဆွေ"ဟု ဆိုရမလိုဖြစ်လာသည်။

စာအုပ်စာပေများမှာ မျက်နှာငယ်ရသည့်အဖြစ်သို့ ရောက်လာပြီး စာမဖတ်သူများက ခလုပ်တိုက်၊ လှည့်မကြည့်၊ မျက်ကွယ်ပြုသည့်အဖြစ်သို့ပင် ရောက်လာသည်။ ရှေးပညာရှိများက "အလိမ္မာ စာမှာရှိ"ဟု ဆိုခဲ့ကြပါသည်။ လူ့ဘဝအတွက် တတ်သိလိမ္မာမှုဟူသမျှ စာပေတံခါးပေါက်မှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်သောကြောင့် စာပေသည် လူသားအားလုံး၏ဘဝအတွက် အလင်းရောင်ပေးသော အလင်းတံခါး၊ အလင်းတိုင်ဟု ဆိုချင်ပါသည်။

ဤသို့မျက်နှာငယ်ခဲ့ရသော စာပေအတွက်လည်းကောင်း၊ စာကောင်းပေကောင်းများ ဖတ်သူမဲ့နေခြင်းအတွက်လည်းကောင်း၊ စာတတ်ကြပါလျက် စာမဖတ်ကြသည့်အဖြစ်မှ ကင်းဝေးကြစေရန်အတွက်လည်းကောင်း ရည်ရွယ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ၏ဘဝ တင့်တင့်တယ်တယ် လျှောက်လှမ်းနိုင်ရေးအတွက် စာဖတ်ခြင်းသည် အထောက်အပံ့ကောင်းဖြစ်သည်။ အချိန်အားလျှင် စာဖတ်ပါ၊ ပျင်းရိနေလျှင် စာဖတ်ပါ၊ အသိပညာတိုးပွားလိုလျှင် စာဖတ်ပါဟု ဆိုချင်သည်။

> ကမ္ဘာပေါ်တွင် ထူးချွန်ထက်မြက်ကြသူများသည် အားလပ်ချိန်ကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးစေသည်

"ကမ္ဘာပေါ်တွင် ထူးချွန်ထက်မြက်ကြသူများသည် အားလပ်ချိန်ကို စာဖတ်ခြင်းဖြင့်ကုန်ဆုံးစေသည်"ဟူသော အချက်သည် မှတ်သားဖွယ်ကောင်းလှသည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးကို မြင့်တင်နိုင်သောစွမ်းအားများတွင် "စာပေ"၏ စွမ်းအားသည် အဓိကကျသည်ဟူသောအဆိုကို လက်ခံကြရမည်ဖြစ်သည်။ ထို့ကြောင့် စာအုပ်၊ စာပေများစွာ စုဝေးနေသော "စာပေ" ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ လိုအပ်ပါသည်။ စာရေးသူ၊ စာချစ်သူများကလည်း မိမိတို့စုပေါင်းစွမ်းအားဖြင့် စာပေနှင့် လူသားများ နီးနိုင်သမျှနီးစပ်စေရန်ရည်ရွယ်၍ စာပေရေချမ်းစင်များ၊ ရွေ့လျားစာကြည့်တိုက်များအား ကျေးရွာအရောက်ခရီးနှင်၍ ရေးသူ၊ ဖတ်သူဆွေးနွေးမှုကို ပြုလုပ်နေကြသလို မိမိတို့အနီးအနားရှိ စာကြည့်တိုက်များတွင် စာဖတ်သူများနှင့် စည်ကားနေရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

စာတတ်သူများ စာဖတ်နိုင်စေရန် စာကြည့်တိုက်များ လိုအပ်ပါသည်။ စာကြည့်တိုက်များလိုအပ်သည်ဆိုရာတွင် နဂိုကတည်းက စာဖတ်လိုသူနည်းရသည့်အထဲ မည်ကာမတ္တစာကြည့်တိုက်ဖြစ်မည်ဆိုလျှင် ရည်ရွယ်ချက်မရောက်၊ ခရီးမပေါက်ဖြစ်နိုင်သည်။ တူတူတန်တန် စာကြည့်တိုက်ဖြစ်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် (၁) ငွေကြေးပြည့်စုံရေး၊ (၂) အထောက်အပံ့ရှိရေး၊ (၃) စာဖတ်သူရှိရေး၊ (၄) စာအုပ်စာစောင်များ ပြည့်စုံစွာထားရှိရေး အချက်လေးချက်နှင့်ပြည့်စုံသည့် စာကြည့်တိုက်အဖြစ် ထူထောင်ထိန်းသိမ်းစောင့်ရှောက်ထားသင့်ပါသည်။ လူမှုအဖွဲ့အစည်းများနှင့် အနာဂတ်၏အလင်းရောင်များဖြစ်သော လူငယ်လူရွယ်များကို ကိုယ်စားပြုသည့် လူငယ်စာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များသည် စာတတ်သူ၊ စာဖတ်လိုသူများအတွက် မရှိမဖြစ်လိုအပ်သော "စာပေရိပ်မြုံ"များ ဖြစ်ပါသည်။ ယခုအခါ စာကြည့်တိုက်အချင်းချင်း ဆက်သွယ်ပူးပေါင်း၍ စာအုပ်စာပေများ ရေရှည်တည်တံ့ရေး၊ စာဖတ်သူများစည်ကားရေးအတွက် လက်တွဲညီညာဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။

မျက်မှောက်ကာလတွင် စာကြည့်တိုက်များကို လူမှုအခြေပြု၊ ရပ်ကွက်ကျေးရွာအခြေပြု စာကြည့်တိုက်များအဖြစ် ဖွင့်လှစ်ခဲ့သည်ကိုတွေ့ရသည်။ စာကြည့်တိုက်တစ်တိုက်တွင် စာအုပ်စာတမ်း၊ သတင်းစာ၊ ဂျာနယ်၊ စာနယ်ဇင်းများနှင့်ပြည့်စုံနေရန်လိုအပ်ခြင်း၊ သတင်းအချက်အလက်များရရှိနိုင်သည့် အင်တာနက်ရှိခြင်း၊ စာဖတ်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုရှိခြင်း၊ စာဖတ်သူများ၏ ဖန်တီးနိုင်မှုစွမ်းအား၊ တွေးခေါ်နိုင်မှုစွမ်းရည်တို့ကို အထောက်အကူပြုခြင်း စသည့်အချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရှိရသည်။

သို့ဖြစ်ရာ စာကြည့်တိုက်များသည် ပြည်သူများအတွက် ဉာဏ်အလင်းကို ဖော်ထုတ်ပေးနိုင်သော စာပေရပ်ဝန်းများဖြစ်သည့်အပြင် ထို့ထက်ကောင်းမွန်သော နည်းပညာပိုင်းဆိုင်ရာများကိုပါ ထားရှိသုံးစွဲနိုင်မည်ဆိုလျှင် စာဖတ်သူများနှင့် စည်ကားဖွံ့ဖြိုးနေသော စာကြည့်တိုက်များဖြစ်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း စာဖတ်သူ ဖွံ့ဖြိုးစေရေး စေတနာမှန်ဖြင့် ရေးသားတင်ပြလိုက်ပါသည်။

စာမတတ်သူနည်းလာသော်လည်း စာမဖတ်သူများလာသောအဖြစ်မှ ကင်းဝေးနိုင်ကြပါစေ...။ ။

## လမ်းစဉ်

ကိုယ်စီလျှောက်လှမ်း၊ ခရီးကြမ်းဝယ်
ခြေပန်းလက်ကျ၊ စိတ်ဓာတ်ကျလျှင်
ပြန်ထမာန်ကြွား၊ ငါလူသားဟု
စိတ်အားမပျော့၊ ဇွဲမလျှော့ဘဲ
ခေါင်းမော့ဝင့်ကြွား၊ ဆက်ကာသွားသော်
သင်ကားဘယ်မှာ၊ မရှုံးရာတည့်။
ကိုယ်စီအလုပ်၊ ကြိုး၍ကုတ်သော်
အားထုတ်စွန့်စား၊ လုံ့လထား၍
စိတ်အားမာန်တက်၊ ထမ်းဆောင်ရွက်လျှင်
စိတ်ဓာတ်နိုးကြား၊ ပျော်ဖွယ်များ၍
သင်ကားဘယ်မှာ၊ မရှုံးရာတည့်။
ကိုယ်စီမျှော်မှန်း၊ ပန်းတိုင်လမ်းသို့
လှမ်းတိုင်းအသိ၊ သတိရှိ၍
ဝီရိယအား၊ ထားပါများသော်
သင်ကားဘယ်မှာ၊ မရှုံးရာတည့်။
လောကလူသား၊ အိုအများတို့
လုပ်အားတူညီ၊ ဂုဏ်တူညီလည်း
ကိုယ်စီကိုယ်၎၊ ဝီရိယနှင့်
လုံ့လဇွဲအား၊ မရှိပြားသော်
လုပ်အားပြယ်ပျက်၊ ဥစ္စာပျက်၍
ငတ်မွတ်ခေါင်းပါး၊ သူဖုန်းစားပင်
အများငြိုငြင်၊ ဖြစ်လိမ့်ထင်သည်
လမ်းစဉ်အကျင့်မှားသောကြောင့်။ ။

**မင်းစစ်သွေး**
**(မန္တလေးပညာရေးကောလိပ်)**

## သူငယ်ချင်းသို့

ငါ့သူငယ်ချင်း ညီငယ်ရင်း
မင်းအိပ်စက်ရာ အိပ်ရာထက်မှ
နိုးထပါလော့ နိုးထလော့။
အရှေ့တစ်ခွင် ကောင်းကင်ပြင်မှ
အလှပေါင်းစု ဘာဏုရာဇာ
မဟာနေမင်း အဆင်းပေါ်ပြီ
လင်းတော်ဆီ။
ငါ့သူငယ်ချင်း ညီငယ်ရင်း
အာရုံကျင်းစ ဤကာလဝယ်
အရကောင်းမှု မင်းထပြုလော့
လောဘ ဒေါသ မာန်မာနသည်
အလှထိခိုက် နတ်မကြိုက်ဘူး
လူမိုက်တို့သာ နှစ်သက်ပါသည်
ပစ်ခွာရှောင်ရှား မင်းရှောင်ရှား။
ငါ့သူငယ်ချင်း ညီငယ်ရင်း
လူ့ပြည်လောက လူ့ဘဝ၌
အလှဟူသည် အလုပ်မည်၏
အလုပ်လှမှ ဘဝလှ၏
တော်သောလောဘ မင်းထားပါ။
ကောင်းသောမာန မင်းထားပါ။
တစ်မျိုးမည်ကား အပြားပြား၌
အားထားခိုမှီ ကြိုးစားမည်ဟု
သင်သည့်စိတ်သန် ကောင်းသောမာန်နှင့်
တစ်ဖန်လုံ့လ ဉာဏ်ပြည့်ဝက
မုချအောင်ပွဲ သင်မလွဲပြီ
အမြဲကြိုးစားသူငယ်ချင်း။ ။

**မောင်စည်သူ(မော်ကျွန်း)**

ဝတ္ထုတို

# ပန်းပိတောက်တို့၏ ရာဇဝင်

■ ကိုထိုက်(သင်ပန်းကုန်း)



"မြင်ရပါလေပြီ . . . အမေ့ရုပ်လွှာ. . . တွေ့ရပါလေပြီ. . . ပင်ပိတောက်ဝါ . . . ဘိုးစဉ်ဘောင်ဆက်. . . ဘွား. . . လက်ထက်က . . . တည်ထား. . . ခဲ့တဲ့ . . . ပိတောက်ပင်အို. . ."

ဒေါ်ထွေးခင်သည် အိမ်အတွင်း၌ သန့်ရှင်းရေးလုပ်နေ၏။ ရပ်ကွက်ဓမ္မာရုံမှ ဖွင့်ထားသော ဟသ်ာတထွန်းရင်၏သီချင်းသံကို အတိုင်းသားကြားနေရသည်။ အိမ်ရှေ့မှ ပိတောက်ပင်ဆီသို့ အကြည့်ရောက်သွား၏။ နံနက်စောစောက ပင်လုံးကျွတ်ဝေနေအောင် ပွင့်နေသောပိတောက်ပင်။ ယခုတော့ အသိဉာဏ်ရှိလှပါသည်ဆိုသော လူသားတို့၏ လက်ချက်ဖြင့် ကိုင်းဖျားကိုင်းနားတို့မှာ အပွင့်အနည်းငယ်နှင့် ကျိုးတိုးကျဲတဲသာ။ အပင်အောက်တွင်လည်း အပွင့်များ၊ ကိုင်းကျိုးကိုင်းပြတ်များနှင့် အရွက်များက မြင်မကောင်းအောင်ပင် ရှိလှ၏။ တတ်လည်း တတ်နိုင်ကြသည်။ သူတို့ပဲ ပိတောက်တွေက သစ္စာမရှိကြတော့ဘူး၊ အချိန်မမှန်ကြတော့ဘူးဆိုကြသေး၏။ ပွင့်တော့လည်း ဘယ်အချိန်ပွင့်ပွင့် သူတို့နှင့် မလွတ်နိုင်။ မခူးကြဖို့ ပြောမိလျှင်လည်း သည်အဘွားကြီးနှမြောသည်ဟု ပြောကြလိမ့်မည်။

"အရီးထွေးရေ အရီးပုတို့အိမ်က လပြည့်နေ့ကျရင် သံဃာငါးပါးဆွမ်းကပ်မလို့တဲ့။ အဲဒါ ပြောခိုင်းလိုက်လို့ ဝင်ပြောတာ"

"အေး အေး မိချောရေ သမီးလေး ကျေးဇူးပါကွယ်"

အရပ်ထဲမှကလေးမလေး မိချော ဆွမ်းကပ်လာဖိတ်ပြီး ပြန်သွား၏။ ဒေါ်ထွေးခင်တစ်ယောက် ပိတောက်ပင်အောက်သို့ အမှိုက်ရှင်းရန် အိမ်ပေါ်မှဆင်းခဲ့လိုက်သည်။

သည်နေ့က အဖိတ်နေ့။ မနက်ဖြန် ဒေါ်ပုမတို့အိမ် ဆွမ်းကပ်သွားရမည်။ စောစောပိုင်းက ပိတောက်ပင်အောက် ရှင်းလင်းပြီး နည်းနည်းပင်ပန်းသွားသည်။ ရေချိုး၊ နေ့လယ်စာစားသောက်ပြီးသည့်အခါ တစ်ရေးတစ်မောအိပ်ရန်ပြင်၏။ အိပ်ခန်းခုတင်ပေါ်ရောက်တော့လည်း အိပ်လို့မပျော်။ ပန်ကာဖွင့်ထားသည့်ကြားမှ ကဆုန်နေက ပူလွန်းသည်ဟု ထင်မိသည်။ ဆွမ်းကပ်ဖိတ်ထားသည့် ဒေါ်ပုမတို့လင်မယားအကြောင်းက ခေါင်းထဲရောက်လာ၏။

ဒေါ်ထွေးခင်နှင့် ဒေါ်ပုမတို့မှာ ညီအစ်မအရင်းသဖွယ် ရင်းနှီးကြသူများပင်။ ဟိုတုန်းက ဒေါ်ပုတို့မိသားစုသည် ဆင်းရဲချို့တဲ့၍။ ရပ်ကွက်အစွန်တွင်နေသော ဒေါ်ထွေး၏ ခြံဘေးတွင် တဲထိုးကာနေသွားကြသူများ ဖြစ်သည်။ သားနှစ်ယောက်နှင့် သမီးတစ်ယောက် ရှိ၏။

ဒေါ်ထွေးခင်မှာ သားတစ်ယောက်သာ ရှိသည်။ ဒေါ်ထွေးခင်၏ယောကျ်ား ဦးဖိုးတေမှာ အိမ်ပိုင်၊ ဝိုင်းပိုင်နှင့် ကိုယ်ပိုင်ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သော်လည်း လက်ကြောမတင်းပေ။ ဒေါ်ပုမ၏ယောကျ်ားဖြစ်သူ ဦးဘအောင်မှာ မြေတူး၊ အိမ်သာကျင်းတူး ကြုံရာအလုပ်မျိုးစုံ လုပ်ကိုင်သော်လည်း ကြိုးစားသူဖြစ်သည်။ သူတို့မိသားစုနှစ်စုမှာ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဆိုသလိုပင် ညီညွတ်ချစ်ခင်ကြ၏။ စည်းလုံးကြသည့် အကြောင်းရင်းကလည်း ရှိခဲ့သည်။

ကိုဘအောင်နှင့် မပုမတို့၏ မွဲချက်မှာ ရေသည်ယောကျ်ားနှင့် မိန်းမပင် အရှုံးပေးရမည်။ သို့သော် ကလေးများကိုတော့ ပညာတတ်စေချင်သည်။ မည်သည့်အလုပ်ဖြစ်ဖြစ် ရွေးမနေ။ အကုန်လုပ်၏။ နေပူမရှောင် မိုးရွာမရှောင်လုပ်သည့်အတွက်ကြောင့် ကိုဘအောင်ခမျာ အပြင်းဖျားတော့၏။

"ကိုဘအောင် တော့်နှယ် ပြောရခက်လိုက်တာ ဆေးခန်းလေးဘာလေး သွားပါလားတော်"

"ဩော် ငါ့မိန်းမရယ် သွားချင်တာပေါ့ဟာ အကြီးကောင် ကျူရှင်လခက ရှိသေးတယ်မဟုတ်လား။ သွားသွား အခိုးပွင့်ဆေးလေးပဲ သွားဝယ်လိုက်။ ငါကရိုးနေပါပြီ။ တော်ကြာ ကျူရှင်လခမပေးနိုင်ရင် သားကြီး မျက်နှာငယ်နေရမယ်။ သားကြီး စာတော်တာကိုပဲ ဂုဏ်ယူစမ်းပါ မိန်းမရာ"

မပုမသည် ယောကျ်ားဖြစ်သူအား စိုးရိမ်စိတ်ဖြင့် ပြောရှာ၏။ ကိုဘအောင်ကား ထိုသို့ ခေါင်းမာသူပင်။ မပုလည်း ပြောမရသည့်အဆုံး အခိုးပွင့်ဆေးဝယ်ရန် ကိုဘအောင် အိပ်ရာဘေးမှ ထထွက်ခဲ့လိုက်သည်။

"ဟဲ့ မိပု"

"ရှင် အစ်မထွေး"

"ညည်းတို့လင်မယား ကြည့်ရတာလည်း ပင်ပန်းလိုက်တာအေ။ အရပ်ထဲ အဝတ်လျှော်၊ မြေတူး၊ လက်သမားလိုက်။ မလွယ်ပါဘူးအေ။ ကလေးတွေရှေ့ရေးက ရှိသေးတယ်မဟုတ်လား"

"ဩော် အစ်မထွေးရယ် ကျွန်မတို့မှာ ဘာပညာမှ မတတ်ဘဲလေ။ အဲဒါကြောင့် ကိုယ့်သားသမီးလေးတွေ ပညာတတ်အောင် အပင်ပန်းခံပြီး ကျောင်းထားပေးနေရတာပေါ့။ အခုဆို သားကြီးက ငါးတန်း၊ အလတ်မက သုံးတန်းနဲ့ အငယ်ကောင်လေးက သူငယ်တန်း တက်နေပြီလေ"

"အေးပါအေ ငါက နင်တို့လင်မယားကို ကြည့်ရတာ ရင်မောလွန်းလို့ပါ။ ဒီလိုလုပ်ပါလား။ ညည်းတို့မြင်တဲ့အတိုင်းပဲ ကိုဖိုးတေက အလုပ်ကောင်းကောင်းလုပ်တာမဟုတ်ဘူး။ သောက်ဖို့လောက်ပဲ စိတ်ထဲရှိတာ။ဘအောင်ကို ငါတို့ဆီမယ်လုပ်ဖို့ပြောကြည့်ပါလား။ ညည်းလည်း ဝိုင်းလုပ်ပေါ့အေ။ ဝိုင်းလုပ်ဝိုင်းစားပေါ့"

ရေတွင်းမရှိသည့် မပုမသည် မထွေးခင်၏ ခြံထဲသို့ ရေချိုး၊ အဝတ်လျှော်လာစဉ် ပြောဆိုမိကြခြင်းပင်။

"ဟုတ်ကဲ့ပါ အစ်မထွေး။ ကျွန်မ ကိုဘအောင်ကို ပြောကြည့်ပါ့မယ်"

"အေးအေး ညည်းတို့ မနစ်နာစေရပါဘူးအေ"

ကိုဘအောင်သည် အညာသား၊ တောသားပီပီ လုပ်ငန်းကို အများနှင့်မတူ နှစ်ယောက်စာလုပ်နိုင်၏။ အလုပ်ဖွဲ့ရှိသကဲ့သို့ မခိုမကပ်စေတနာလည်းပါသည်။ ကိုဖိုးတေမှာ အလုပ်ပင် လုပ်စရာမလိုတော့ပေ။ ကိုဘအောင်သည်လည်း ကွန်ကရစ်လုပ်ငန်းကို ကျွမ်းကျင်ခဲ့ပြီ။ ကိုဖိုးတေနှင့် မထွေးခင်တို့၏လုပ်ငန်းမှာလည်း တစ်စတစ်စတွင်ကျယ်လာ၏။ ကိုဘအောင်မှာလည်း မရှိမဖြစ်ဖြစ်ခဲ့ရသည်။ မပုသည်လည်း အလကားမနေ။ အိမ်မှုကိစ္စများအားလုံးကို မငြိုမငြင် သိမ်းကြုံးလုပ်ပေး၏။

"ဟဲ့ ဘအောင်နဲ့ မိပု နင်တို့ စုမိဆောင်းမိ ရှိကြပြီလား"

"စုနေတာပဲ အစ်မထွေးရေ ကလေးတွေကို အိမ်ပိုင်လေးနဲ့ ထားချင်လို့ပါ"

နေ့လယ်ခင်း ထမင်းစားနားချိန်တွင် မထွေးခင်က စကားစ၏။ ကိုဘအောင်ကလည်း မဆိုင်းမတွ ပြန်ဖြေလိုက်သည်။

"အေးဟယ် ငါလည်း နင်တို့ကို အဲဒါ ပြောမလို့။ အကြီးကောင်တောင် ဆယ်တန်းရောက်နေပြီဆိုတော့ သူလည်းရှက်ရှာမှာပေါ့။ နည်းနည်းပါးပါးလိုတာ ငါစိုက်ပေးပါ့မယ်"

"ဟုတ်တယ် အစ်မထွေးရေ အစ်မတူက စာကလည်းတော်၊ အသန့်ကလည်းကြိုက်ဆိုတော့ အခုလိုနေရတာကို ရှက်နေသတဲ့ဗျာ။ အစ်မစိုက်ပေးမယ်ဆို ကျွန်တော် တွေ့ထားတာလေးရှိတယ်"

"ဒါဆိုလည်း မြန်မြန်သာလုပ်လိုက်တော့ ဟုတ်ပြီလား။ ငါ့သားကတော့ အောင်မယ်မထင်ဘူး။ အလုပ်ပဲလုပ်မယ်ပြောနေတယ်။ မတတ်နိုင်ဘူးလေ သူ့သဘောပေါ့"

သူတို့လင်မယားနှစ်ယောက်၏ ရိုးသားကြိုးစားမှုပင်။ ဖွားဖက်တော်ပင် လုံအောင်မနည်းဖုံးနေရသည့်ဘဝမှ အိမ်ပိုင်ဝိုင်းပိုင်လေးနှင့် ဖြစ်ခဲ့၏။

ဆယ်တန်းအောင်စာရင်းများ ထွက်ခဲ့ပြီ။ မပုမ၏ သားကြီးမှာ ဂုဏ်ထူးတစ်ဘာသာဖြင့် နှစ်ချင်းပေါက်အောင်သည်။ မထွေးခင်၏ သားမှာ ကျ၏။ ကျောင်းဆက်နေရန်ပြောသော်လည်း မည်သို့မျှမရပေ။ ကွန်ကရစ်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်၏။ မအေတူသားဖြစ်လို့လားမသိပေ။ ကိုဖိုးတေနှင့်မတူ။ အလုပ်ကြိုးစားသည်။ မပုမ၏သားကြီးမှာ အမှတ်မီသည့် စက်မှုကျောင်းသို့တက်ခွင့်ရခဲ့သည်။

ရာသီအလီလီပြောင်းခဲ့၏။ စက်မှုကျောင်းတက်နေသည်မှာ နောက်ဆုံးနှစ်သို့ပင်ရောက်ခဲ့ပြီ။ ထူးချွန်သည့်အတွက် နိုင်ငံတော်က နိုင်ငံခြားသို့ ပညာသင်လွှတ်သည့် ဆယ်ဦးစာရင်းဝင်၏။ ကိုဘအောင်နှင့် မပုမတို့မှာ ဂုဏ်ယူမဆုံးတပြုံးပြုံးပင်။ မြန်မာငွေနှင့် နိုင်ငံခြားငွေ လစာနှစ်မျိုးရသည်။ သို့သော် မလောက်ငပေ။ နိုင်ငံခြားတွင်နေထိုင်စဉ် လိုအပ်သည့် အသုံးအဆောင်၊ အဝတ်အစား၊ ကွန်ပျူတာကအစ ကောင်းပေ့ဆိုသည်များ ဝယ်ပေးရ၏။

"အောင်မလေး ကိုဘအောင်တို့ မပုမတို့သားလေးများ တော်လိုက်တာ။ မိဘတွေ အပင်ပန်းခံ ပညာသင်ပေးရကျိုးနပ်တယ်နော်။ လစာကလည်း နှစ်မျိုးတောင်ရတယ်ဆိုပဲ"

အရပ်ထဲမှလူများက အကြောင်းမသိကြ၍ ဝမ်းသာအယ်လဲ ချီးကျူးကြ၏။ အိမ်ကပင် ထပ်ပို့ရသည်ကို သူတို့ကမသိကြပေ။ မပုမတို့လင်မယားသည်လည်း ချော်လဲရောထိုင် ဟန်လုပ်ပြုံးနေကြရသည်။

မပု၏သားကြီးသည် ပညာစုံ၍ တခြားမြို့တွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ရသည်။ လစာတစ်ဝက် ပုံမှန်ပို့ပေး၏။ အသက်ရှူ အနည်းငယ်ချောင်ခဲ့ရသည်။

"ဘအောင်နဲ့ မပုရေ နင်တို့လည်း တစ်စင်ထောင်တော့ ဟေ့။ ငါ့သားလည်း လုပ်ငန်းကို ဦးစီးနိုင်နေပြီ"

"ဟုတ်ကဲ့ အစ်မထွေး ကျွန်တော်တို့က ထောင်ချင်နေတာ။ အစ်မကို အားနာနေလို့ပါ"

"အောင်မလေး အားနာစရာလားဟယ်။ ပြောရောပေါ့။ နင်တို့ ငါ့ကိုလုပ်ကျွေးခဲ့တာ နှစ်တွေ မနည်းတော့ဘူး။ လုပ်ကြလုပ်ကြ"

မပုတို့မိသားစု အတော်အသင့် အဆင်ပြေလာသည်။ အလတ်မလေးသည်လည်း တက္ကသိုလ်တစ်ခုတွင် ကျူတာဖြစ်နေပြီ။ အငယ်ဆုံးသားမှာ ဆယ်တန်းမအောင်။ မိဘများနှင့် ဝိုင်းလုပ်၏။ ကျောက်ခွေ၊ အုတ်ဖိနပ်စသည့် ပစ္စည်းများပို့ရန် ထော်လာဂျီနှစ်စီးပင်ဝယ်နိုင်ခဲ့သည်။

"ဘာ သိန်းငါးဆယ် တင်တောင်းပေးရမယ် ဟုတ်လား"

ကိုဘအောင် သားကြီးအား တအံ့တသြ မေးမိသည်။

"ဟုတ်တယ် အဖေ။ သားချစ်သူရဲ့မိဘတွေက အရာရှိ၊ အရာခံ ပိုက်ဆံချမ်းသာတဲ့သူတွေ။ သားနဲ့ သဘောတူပါတယ်။ ဒါပေမယ့် သူတို့အဆင့်၊ သူတို့ဂုဏ်နဲ့ အဲဒီလောက်တော့ တင်တောင်းရမယ်တဲ့ အဖေ"

ကိုဘအောင်နှင့် မပုတို့ ခေါင်းချင်းရိုက်ရပြီ။ ကျားကြီးတော့လည်း လိုက်ဖက်အောင် ခြေရာပါကြီးရပေမည်။ မိန်းကလေး၏မြို့တွင် မင်္ဂလာလိုက်ဆောင်ပေးရမည့်အတွက် ကုန်ကျစရိတ်က မနည်းပေ။ လက်ထဲရှိသည့် ရွှေတိုရွှေစလေးများနှင့် ထော်လာဂျီ နှစ်စီးပါ ရောင်းလိုက်ရသည်။

ကိုဘအောင်နှင့် မပုမှာ ပျော်မဆုံး မော်မဆုံးနိုင်ပေ။ သူတို့လင်မယား ခိုးပြေးခဲ့စဉ်က မင်္ဂလာဆောင်ဖို့ဝေးစွ။ ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်လေးပင် မပို့နိုင်ခဲ့ပေ။

"ပစ္စည်းပို့စရာရှိရင် အိမ်က ထော်လာဂျီ လာယူကြပေါ့ဟယ်"

သည်တုန်းကလည်း ဒေါ်ထွေးက ထိုသို့ ပြောခဲ့သေး၏။

သားကြီး အိမ်ထောင်ကျပြီး နှစ်နှစ်ခန့်အကြာ။ သမီးလတ်မှာလည်း အိမ်ထောင်ပြုသွားသည်။ သမီးရှင်ဖြစ်၍ မကုန်ဘူးဆိုသော်လည်း အဝတ်အစားဖိုး၊ ဟိုသွားသည်သွားနှင့် အထိုက်အလျောက်တော့ ကုန်ရသေး၏။ အငယ်ဆုံးသာ ကျန်တော့သည်။ ပြီးခဲ့သည့် တန်ခူးလ သင်္ကြန်တွင်းအခါရက်က ဖြစ်သည်။ ဒေါ်ထွေးခင် သီလယူရန် ဓမ္မာရုံသို့သွား၏။

"ဟဲ့ ဘအောင်နဲ့ မိပု လင်မယား နှစ်ယောက်စလုံး သီလလာယူကြတာလား"

"ဟုတ်တယ် အစ်မထွေးရေ။ အကြီး နှစ်ယောက်က အိမ်ထောင်ကျကုန်တော့ သိပ်မပူရတော့ဘူးလေ။ အငယ်ကောင်ကလည်း ဒုလ္လဘဝတ်နေတော့ ကျွန်မတို့လင်မယား နှစ်ယောက်တည်း အေးအေးဆေးဆေးဖြစ်နေတာ။ ဟိုတုန်းက အခုလိုမလာနိုင်ဘူးလေ။ အကြီးပူရ၊ အလတ်ပူရ၊ အငယ်မျှော်ရနဲ့ မလွတ်လပ်ဘူး အစ်မထွေးရေ"

"ဒါနဲ့ လုပ်ငန်းရောကောင်းကြရဲ့လား"

"မဆိုးပါဘူး အစ်မထွေးရယ် စားလောက်ရုံပါပဲ။ အစ်မတူက အဖေနဲ့အမေ အသက်ကြီးပြီတဲ့။ အလုပ်မလုပ်ကြနဲ့တော့တဲ့လေ။သူရှာကျွေးမယ်တဲ့။ အဲဒါကြောင့် ကျွန်မတို့ လင်မယား အငြိမ်းစားရနေတာကြာပေါ့"

"သာသာယာယာ ဖြစ်နေကြတယ်ပေါ့။ ဝမ်းသာပါတယ်အေ။ ကောင်းတယ် ကောင်းတယ်"

ခြံထဲသို့ သားဖြစ်သူ၏ထော်လာဂျီ မောင်းဝင်လာသည့် တဖုန်းဖုန်းအသံကြားမှ ဒေါ်ထွေးခင်သည် အတွေးစများပြတ်သွားခဲ့၏။

ဒေါ်ထွေးခင်တစ်ယောက် ဒေါ်ပုမတို့အိမ်ရောက်တော့ ၁၁ နာရီ ပင်ထိုးတော့မည်။

"အစ်မထွေးရယ် နောက်ကျလိုက်တာ။ မနက်က တရားနာလာမယ်မှတ်နေတာ"

"အေးဟယ် ညကမှ ပစ္စည်းမှာတွေလာလို့ ညည်းတူလိုက်ပို့နေတာ။ အိမ်စောင့်နေရတာအေ့။ ကိုဖိုးတေကလည်း သိတဲ့အတိုင်းပဲ အားကိုးရတာမဟုတ်ဘူး။ ထင်ရာလျှောက်သွားနေတာရယ်"

ဒေါ်ပုမ၏ ဆီးကြိုပြောဆိုလာသည့်စကားကို ဒေါ်ထွေး ပြန်လည်ရှင်းပြနေသည်။

"အစ်မထွေးရာ အစ်ကိုဖိုးတေကြီးပါ ခေါ်မလာဘူး။ ကျွန်တော်တို့က မလာတော့ဘူးထင်လို့ ချိုင့်နဲ့ လာပို့တော့မလို့"

ဦးဘအောင်ကပါ ဝင်ပြော၏။

"အောင်မလေး ဘအောင်ရယ် နင့်အစ်ကိုဖိုးတေနဲ့သာဆို ငါဘယ်အလှူအတန်း၊ ဘယ်တရားပွဲမှ ရောက်မှာမဟုတ်ဘူး။ လူကသေကာနီးနေပြီ မူးလို့ရူးလို့ကောင်းတုန်းဟဲ့"

"အမေရေ အမေ့မြေး ဘယ်လိုမှချော့မရဘူးဗျာ။ မုန့်တွေဝယ်ပေးလည်းမရ။ ဘာကိုကောက်လို့ကောက်မှန်းမသိဘူး။ ခေါ်ပါဦးအမေ"

စကားကောင်းနေကြစဉ် ဒေါ်ပုမ၏ သားငယ်ရောက်လာကာ သူ့လက်ထဲတွင် ပွေ့ချီလာသည့် နှစ်နှစ်အရွယ် ကလေးမလေးကို ဒေါ်ပုမဆီလှမ်းပေးသည်။

"ဟဲ့မိပု ဒါဘယ်သူ့ကလေးလဲ"

"သားကြီးကလေးပါ အစ်မထွေးရယ်။ သူ့မိန်းမက နောက်တစ်ဗိုက်မွေးတော့မှာလေ။ အဲဒါကြောင့် ကျွန်မတို့ဆီလာပို့ထားတာ။ သူက ရုံးကလည်း တစ်ဖက်နဲ့မို့တဲ့"

"အောင်မလေးတော် ငါ့မှာ ညည်းတို့လင်မယား ဇိမ်ကျနေကြပြီးဆိုပြီး အားကျနေတာ။ အခုတော့ ညည်းတို့ဟာက ဆံထုံးလည်းထုံးပေးရ ဆီလည်းစိုက်ရဖြစ်နေပါပေါ့လား"

ဒေါ်ထွေးခင်သည် ဒေါ်ပုမ၏စကားအဆုံး၌ ထိုသို့ပြောပြီး သူ၏အိမ်ရှေ့မှ ပိတောက်ပင်အိုကြီးကို ပြေးမြင်မိတော့သည်။

လူတွေကဘယ်လိုပြောပြော ဘယ်လောက်ချိုးချိုးစိတ်မဆိုးပေ။ သူတို့သည် တစ်နှစ်တွင် တစ်ကြိမ်သာ အလှဆုံးဖူးပွင့်ခွင့်ရရှာသော်လည်း လူတို့၏ ရက်ရက်စက်စက် မညှာမတာ ခူးခြွေသည်ကိုလည်း မငြိုငြင်။ ရာသီဥတု အခြေအနေ အချိန်အခါကြောင့် ဖူးပွင့်ချိန် နောက်ကျကောင်း နောက်ကျနိုင်သည်။ သို့သော် နှစ်စဉ် ဝတ္တရားမပျက်။ မေတ္တာမပျက်။ စေတနာ မပျက်။ တစ်နှစ်တစ်ခါတော့ ဖြင့် အစွမ်းကုန် လှုလှုပပ ဝေဝေဆာဆာ ဖူးပွင့်ပေးလျက်ပါလားလို့. . .။ ။

ဆောင်းပါး

# မျှော်လင့်ချက်အိပ်မက်များအားထုဆစ်ခြင်း



ခက်ဆစ်လင်း(ပြည်)

လူတိုင်းတွင် မျှော်လင့်ချက်အိပ်မက်များ ရှိနေသင့်သည်။ မျှော်လင့်ချက်အိပ်မက်များ ရှိနေမှလည်း ဘဝ၏ ရှင်သန်မှုများအဓိပ္ပာယ်ရှိစွာနေပျော်ပါလိမ့်မည်။ မျှော်လင့်ချက်အိပ်မက်ကင်းမဲ့နေသော ဘဝသည် အဓိပ္ပာယ် မဲ့လွန်းလှပါ၏။ ထို့ကြောင့် လူတိုင်းတွင်မျှော်လင့်ချက်အိပ်မက်များ ရှိနေရန်လိုအပ်ကြောင်း ဆိုရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ လူတိုင်း၏ကိုယ်စီမျှော်လင့်ချက်အိပ်မက်များအား မည်သူက လာ၍ဖန်ဆင်းပေးနိုင်မည်နည်း။

အရာရာကို ဦးခံမန်းမှုတ်လိုက်ရုံဖြင့် ဖန်ဆင်းနိုင်သည့် ထူးကဲသောစွမ်းအင်ကိုပိုင်ဆိုင်ထားသော တန်ခိုးရှင်ရှိလျှင် ကောင်းပေလိမ့်မည်။ ဦးဖွ ဖြစ်ချင်သည်များဖြစ်စေသတည်းဟု မန်းမှုတ်လိုက်ရုံဖြင့် ဖြစ်ပေါ်လာလိမ့်မည်။ သို့သော် လက်တွေ့ဘဝတွင်တော့ ထိုတန်ခိုးရှင်ဆိုတာမျိုးကလည်း မဖေးမနိုင်ပေ။ ဆုတောင်းခြင်းဖြင့်အရာရာကိုပြီးပြည့်စုံနိုင်မည်ဆိုလျှင်လည်းကောင်းပေလိမ့်မည်။ လူတိုင်း မိမိမျှော်လင့်ချက်များ လိုအင်ဆန္ဒများအား ထိုင်၍သာ ဆုတောင်းနေကြရုံဖြင့် အဆင်ပြေနေပါလိမ့်မည်။

လက်တွေ့ဘဝတွင် ဆုတောင်းခြင်းဖြင့် အမှောင်ထုက လုံးဝလင်းလက်လာလိမ့်မည်တော့ လုံးဝမဟုတ်ပါ။ ကလေးငယ်ငယ်လေးများကဲ့သို့ တဟင့်ဟင့်ငိုကြွေးလိုက်ရုံဖြင့် မိခင်၏နို့ချိုကို အလွယ်တကူ သောက်သုံးခွင့်ရလျှင်လည်း ကောင်းပေလိမ့်မည်။ မိမိ၏လိုအင်ဆန္ဒများ ဆာလောင်မွတ်သိပ်လာလျှင် တဟင့်ဟင့်ငိုကြွေးပြရုံဖြင့် မျှော်လင့်ချက်အိပ်မက်နို့ရည်စက်များအား အဆင်သင့် သောက်သုံးခွင့်ရလျှင်တော့ လူတိုင်းပျော်ရွှင်ကြလိမ့်မည်။ သို့သော် လက်တွေ့ဘဝသည် ကလေးအတွေးဖြင့် တစ်ဘဝလုံး ရပ်တည်ရှင်သန်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ ကလေးတစ်ယောက်၏ ဆာလောင်မွတ်သိပ်မှုသည် နို့ချိုသောက်သုံးခွင့်ရရုံဖြင့် ကျေနပ်နှစ်သိမ့်နိုင်ပါသည်။

လူဆိုသည့်သတ္တဝါသည် အသက်အရွယ်ကြီးရင့်လာလေလေ၊ လိုအင်ဆန္ဒများက များလာလေဖြစ်သည်။ ထို့ကြောင့် ငိုကြွေးပြရုံသက်သက်ဖြင့်တော့ အရာရာပြီးပြည့်စုံလာလိမ့်မည်မဟုတ်ပါ။ ဤသို့ဆိုလျှင် လူတိုင်းကိုယ်စီ၏ မျှော်လင့်ချက်အိပ်မက်များအား မည်သူကဖန်ဆင်းပေးနိုင်မည်နည်း။ အဖြေက ရှင်းပါသည်။ မိမိ၏မျှော်လင့်ချက်အိပ်မက်များ မိမိကိုယ်တိုင်ကသာ တည်ဆောက်ဖန်တီး၍ ရနိုင်ပေသည်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မျှ ပဒေသာပင်ပေါက်၍မနေပါ။ လူတိုင်းမိမိဘဝအတွက် မိမိဘာသာ ပဒေသာပင်စိုက်ထူ၍ရနိုင်ပါသည်။

မိမိယုံကြည်သော မျှော်လင့်ချက်အိပ်မက်များကို မိမိကိုယ်တိုင်သာ ကြိုးစားတည်ဆောက်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်များကို စိုက်ထူနိုင်ပေလိမ့်မည်။ လူတိုင်း၏စိတ်တွင် လိုအင်ဆန္ဒပေါင်းများစွာ တည်ရှိနေတတ်သည်။ သို့သော် ထိုလိုအင်ဆန္ဒများကို အပြစ်ကင်းကင်း ပုံဖော်ထုဆစ်နိုင်သူများက လောကတွင်ရှားသည်။ ယုံကြည်ချက်များအား ပီပြင်ပြတ်သားစွာထုဆစ်၍ အောင်မြင်နေကြသူများ၊ သမိုင်းလှခဲ့ကြသူများလည်း လောကတွင် အများကြီးရှိနေပြန်ပါသည်။ အမှန်တော့ လူတစ်ယောက်၏ မျှော်လင့်ချက်အိပ်မက်များအား ထုဆစ်ပုံဖော်ရာတွင် ထိုသူ၏ယုံကြည်ချက်ဆီသို့ တစိုက်မတ်မတ် သွားနိုင်သည့် စွမ်းဆောင်နိုင်မှုအရည်အချင်းကသာ အဓိကကျနေပါသည်။

မျှော်လင့်ချက်အိပ်မက်များအား ပုံဖော်ထုဆစ်၍ အောင်မြင်မှုများရရှိခဲ့ကြသူများ၏ နောက်ကြောင်းရာဇဝင်ကိုပြန်ကြည့်လိုက်လျှင်လည်း မည်သူကမျှတော့ တန်ခိုးရှင်ဖန်ဆင်းပေးခြင်းဖြင့် အောင်မြင်မှုများကို မိုးကျရွှေကိုယ်ဖော်မြူလာအတိုင်း ရရှိပိုင်ဆိုင်ခဲ့ကြခြင်းလည်း မဟုတ်ပါ။ ခက်ခဲကြမ်းတမ်းသောဘဝကို ဖြတ်သန်းရင်း ယုံကြည်ချက်များအား အစဥ်သဖြင့်ကြိုးစားအသက်သွင်းခဲ့ကြရခြင်းသာဖြစ်သည်။ ကြိုးစားမှု၏ဆုလာဘ်ဟု ဆိုရပေလိမ့်မည်။

စစ်မှန်သောအောင်မြင်မှုများအား ရရှိပိုင်ဆိုင်ထားကြသူများသည်လည်း ရိုးသားသူများသာ ဖြစ်နေ၏။ လည်သူစားစတမ်းဟူသောလောကတွင် အောင်မြင်ကျော်ကြားမှုခြင်းအတူတူ ရိုးသားသောသူများကသာ သမိုင်းကြောင်းကောင်းမွန်နေပါလိမ့်မည်။ ရိုးသားမှုသည် ရှားပါးသော တန်ဖိုးကြီးအရာဖြစ်သည့်အတွက် လူတိုင်းဆီကမရနိုင်မှန်း လူတိုင်းသိရှိလက်ခံထားကြသည်။

လျှောက်သောလမ်းတိုင်းကတော့ အမြဲတမ်း ပန်းခင်းလမ်းများဖြစ်နေလိမ့်မည်မဟုတ်ပါ။ ပန်းခင်းလမ်းများရှိနေသလို၊ ဆူးခင်းလမ်းများလည်းရှိနေပါသည်။ ခက်ခဲမှုများကို များစွာကျော်လွှားနိုင်လေလေ၊ အောင်မြင်မှုများက ကြီးမားလေလေဖြစ်ပါသည်။ အမှန်တော့ လူတစ်ယောက် အောင်မြင်မှုနှင့် ဝေးကွာသွားရခြင်းမှာ ထိုသူ၏စိတ်ဓာတ် မကြံ့ခိုင်မှုကြောင့်သာဖြစ်ပါ၏။ မိမိဘာဖြစ်ချင်မှန်း ရေရေရာရာ မသိသောသူများအဖို့ အောင်မြင်မှုနှင့်ဝေးကွာသွားရခြင်းမှာလည်း အဆန်းမဟုတ်ပါ။

အချုပ်ဆိုရသော် လူတိုင်းတွင် တိကျရေရာသော မျှော်လင့်ချက်အိပ်မက်များရှိနေသင့်ပါသည်။ ထို့အတူ မိမိမျှော်လင့်ချက်အိပ်မက်များကိုလည်း တစိုက်မတ်မတ်ဖြင့် ရိုးသားစွာပုံဖော်ထုဆစ်နိုင်ပါမှ မိမိအတွက်အောင်မြင်မှုများလည်း ရရှိပိုင်ဆိုင်နိုင်ပေလိမ့်မည်ဖြစ်သည်။ ဖြစ်ချင်သောဆန္ဒသာရှိပြီး ဖြစ်အောင်မလုပ်လျှင်တော့ မည်သည့်တန်ခိုးရှင်ကမျှလည်း ဖန်ဆင်းပေးနိုင်လိမ့်မည်မဟုတ်ပါ။ မိမိကိုယ်တိုင်သာ မိမိ၏ဖန်ဆင်းရှင်ဖြစ်နေပါ၏။ မိမိ၏ကံတရားသည် မိမိ၏လုပ်ဆောင်မှုသာဖြစ်ပါသည်။ အထူးသဖြင့် လူငယ်တိုင်း မိမိ၏မျှော်လင့်ချက်အိပ်မက်များဆီသို့ ယုံကြည်စွာဖြင့် ရဲရဲရွက်လွှင့်ကြစေချင်ပါသည်။ အောင်မြင်ကျော်ကြားမှုဟူသည် မိမိကြိုးစားမှုအတွက် ထိုက်တန်သော၊ ချိုမြိန်သည့်ဆုလာဘ်တစ်ခုသာ ဖြစ်ပါ၏။ ။

# ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးပြည့်စုံမှ

■ ရောင်နီ(အဖျောက်)

လောကတွင်ရည်ရွယ်ချက် ရည်မှန်းချက်များစွာဖြင့် ဘဝကိုတည်ဆောက်သူတို့အတွက် အောင်မြင်မှုသည် အရေးပါပေသည်။ ထို့ကြောင့် မိမိဘဝအောင်မြင်တိုးတက်ရေးအတွက်လူတိုင်းရုန်းကန်ရပါသည်။ ကြိုးစားကြရပါသည်။ ကြိုးစားမှုကြောင့်ရလာသောရလဒ်သည် အစားထိုးမရနိုင်သောပီတိပင်ဖြစ်ပေသည်။ ထိုပီတိကို စားသုံးလိုသူတိုင်း ကြိုးစားရပေမည်။ ဤသို့အောင်မြင်မှုရရန် ကြိုးစားရာတွင် မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယကို ပြည့်စုံစွာ အသုံးချမှသာလျှင် အောင်မြင်မှုပန်းကို လှမ်းကိုင်နိုင်မည် ဖြစ်ပေသည်။

မည်မျှပင်ဝီရိယကောင်းနေပါစေ အမှားအမှန်ခွဲခြားစိတ်ဖြာနိုင်သော အသိဉာဏ်ပညာမရှိလျှင် အောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်ပေ။ အလားတူပင် မည်မျှပင် ဉာဏ်ပညာထက်မြတ်ပါစေ ကြိုးစားအားထုတ်မှု ဝီရိယ မရှိပါလျှင် အောင်မြင်မှုကိုရရှိနိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့တွင် ဝီရိယနှင့် ဉာဏ်ပညာသာရှိနေပါက အောင်မြင်မှုကံသည် အလိုအလျောက် ကပ်ပါလာမည်ဖြစ်ပေသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ရည်မှန်းချက်အောင်မြင်ဖို့အတွက် ဝီရိယတစ်ခုတည်းကို အားကိုး၍မရချေ။ ဝီရိယနောက်မှာ ဉာဏ်ကပ်ဖို့လည်း လိုပါသေးသည်။ မဟော်သဓာ ဇာတ်တော်ထဲတွင် ဝိဒေဟရာဇ်မင်းကြီးကို ထီးချက်စောင့်နတ်သမီးစကားဆိုခန်းတွင် “မင်းကြီး အကြင်သူမိုက်သည် ညဥ့်အခါ မီးကိုလို၍ရှာသည်ရှိသော် မိမိ၏အနီးအပါး၌ ထင်ရှားစွာရှိလျက် ထိုမီးကိုကားမယူမူ၍ ချင်းရွေးခန့် ပမာဏရှိသော ပိုးစုန်းကြူးကိုမြင်လျှင် မီးဟုအမှတ်ဖြင့် ထိုပိုးစုန်းကြူးပေါ်၌ နွားချေးခြောက်ကောက်ရိုးမြက်တို့ကို လက်ဖြင့်ပွတ်နယ်လျက် လောင်စာပြု၍ စုရုံးဖို့စီမံပြီးသော် ယခုပင်မီးတောက်စေအံ့ဟု မြေ၌ပုဆစ်တုပ်၍ မှုတ်ခြင်းကို ပြုပါသော်လည်း ထိုပိုးစုန်းကြူးကို မီးထွက်စေခြင်းငှာ မတတ်နိုင်သကဲ့သို့ လည်းကောင်း၊ အကြင်သူမိုက်သည် နွားနို့ကိုအလိုရှိ၍ နွားမဥ္စည်သည်ရှိသော် နို့ရည်၏စီးယိုရာ နို့တိုင်ထင်ရှားလျက် ထိုနို့တိုင်ကမညစ်မူ၍ နွားမဦးချို၌ ယခုပင်နို့ထွက်စေအံ့ဟု ပြင်းစွာအားထုတ်၍ ညစ်ပါတုံ့သော်လည်း ဦးချိုမှ နို့ရည်ကိုယိုထွက်စေခြင်းငှာ မတတ်နိုင်သကဲ့သို့လည်းကောင်း၊ ချိန်ခွင်ထင်ရှားရှိလျက် လက်ဖြင့် ရမ်းဆဘိသကဲ့သို့လည်းကောင်း လွန်လကြီးစွာ အားထုတ်ပါသော်လည်း အကြောင်းမဟုတ်လျှင် အကျိုးမပြည့်စုံရာ” ဟု ဝီရိယအားထုတ်မှုနှင့်ပတ်သက်၍ ဆိုဖူးလေ၏။

ထို့ကြောင့် အောင်မြင်မှုပန်းကို လှမ်းကိုင်ရန်အတွက် ကြိုးစားရာတွင် ဝီရိယတစ်ခုတည်းကိုသာ အားကိုးပါက အောင်မြင်ရန်မလွယ်ကူနိုင်ပေ။ အောင်မြင်မှု၏အကြောင်းကိုသိရှိသော ဉာဏ်ပညာပါမှသာလျှင် အောင်မြင်မှုအကျိုးကို ခံစားနိုင်ပေမည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်သိခဲ့ဖူးသော ပုံပြင်လေးတစ်ပုဒ်ဖြင့် တင်ပြလိုပါသည်။

တစ်ခါက တံငါသည်တစ်ဦးသည် မြစ်တစ်ခုအတွင်း လှေပေါ်၌ငါးများလျက်ရှိပေသည်။ နေအတော်မြင့်သည့်အချိန်ထိ ငါးကလေးသုံးကောင်သာရသေး၏။ ထိုငါးသုံးကောင်အနက် တစ်ကောင်သည် လွတ်မြောက်ရန်အတွက် မလျှော့သောဝီရိယဖြင့် လှေဝမ်းထဲ၌တဖျပ်ဖျပ်ခုန်နေလေ၏။ ထိုအခါငါးသုံးကောင်မျှသာရသေးသောကြောင့် စိတ်တိုနေသောတံငါသည်သည် လှေဝမ်းထဲမှ တဖျပ်ဖျပ်ခုန်နေသောငါးကို လှေတက်ဖြင့်ရိုက်သတ်လိုက်လေတော့သည်။ အခြားသော ဒုတိယမြောက်ငါးသည် ကံကိုယုံကြည်လွန်းသောကြောင့် ကံကောင်းလျှင် လွတ်လိမ့်မည်ဟူ၍ မည်သို့မျှကြိုးစားမှုမရှိဘဲ နေလေ၏။ သို့သော်ထိုငါးသည်လည်းကံမကောင်းရှာပေ။တတိယမြောက်ငါးသည်သူ၏ရှေ့တွင် မိုက်ရူးရဲဆန်စွာ ဝီရိယကိုသာလျှင် အားကိုးသောကြောင့် အသတ်ခံရသောငါးအဖြစ်ကိုတွေ့ရသောကြောင့် သူသည်လွတ်မြောက်ရန် ကြိုးစားအားထုတ်ရာတွင် ပထမငါးကဲ့သို့ မဆင်မခြင်မလုပ်ပေ။ သူ၏လွတ်မြောက်ရာလမ်းကို စဉ်းစားသည်။ မြစ်ထဲတွင်ဖြစ်သောကြောင့် လှိုင်းလေသည်ငြိမ်သက်ခြင်းမရှိပေ။ ရံဖန်ရံခါ တံငါသည်၏လှေသည် တစ်ဖက်သို့တိမ်းစောင်းသွားလေ့ရှိသည်။ ဤအချင်းအရာကို တတိယမြောက်ငါးလေးတွေ့သောအခါ သူလွတ်မြောက်ရန်လမ်းစကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူသည်လှိုင်းလူးသောကြောင့် လှေတစ်ဖက်စောင်းသွားမည့်အချိန်(ကံ)ကိုစောင့်ကာ ဝီရိယကို အားကုန်ထုတ်၍ လှေဝမ်းအတွင်းမှ အစွမ်းကုန်ခုန်လိုက်သဖြင့် လှေဝမ်းထဲမှလွတ်ကာ အသက်ချမ်းသာရာရခဲ့လေသည်။ ယခုကဲ့သို့ ထိုငါးလေးလွတ်သွားရခြင်းမှာ သူသည် ကံ၊ ဉာဏ်၊ ဝီရိယဟူသော အရေးသုံးပါးစလုံးကို ဘက်မျှအောင် အသုံးချသွားခြင်းကြောင့် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်လောကတွင်လည်း အောင်မြင်မှုပန်းကိုလှမ်းကိုင်နိုင်ရန်အတွက် ကံတစ်ခုတည်းကိုသာလျှင် အားကိုး၍မရနိုင်သကဲ့သို့ ဝီရိယတစ်ခုတည်းကိုလည်း အားကိုး၍မရနိုင်ပေ။ အလားတူပင် ဉာဏ်ရည်မည်မျှပင်ကောင်းသောသူဖြစ်ပါစေ ကြိုးစားအားထုတ်မှုဝီရိယမရှိပါက ထိုက်သင့်သော အောင်မြင်မှုကိုရရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကံ၊ ဉာဏ်၊ ဝီရိယဟူသော အင်္ဂါသုံးရပ်နှင့်ပြည့်စုံမှသာလျှင် အောင်မြင်မှုသရဖူ လှမ်းယူနိုင်တော့မည်ဟု ကျွန်ုပ်ယုံကြည်မိပါတော့သည်။ ❏

## ညီငယ်လေးသို့

တက္ကသိုလ်မှန်း၊ သွားရာလမ်းမှာ
တစ်နှစ်လွဲချော်၊ မင်းမတော်လည်း
လဲရာကထ၊ ပြန်ရုန်းကြွလို့
မင်းကြိုးစားပါ ညီငယ်လေး။
မင်းလျှောက်မယ့်လမ်း၊ မကြမ်းတမ်းဖို့
ဆရာသင်ကြား၊ ဆိုစကားကို
ယုံကြည်လက်ခံ၊ လိုက်ကျင့်ကြံလို့
မင်းနိုးကြားပါ ညီငယ်လေး။
လုပတင့်တယ်၊ ဥယျာဉ်လယ်မှာ
ပန်းကောင်းတစ်ပွင့်၊ ဖြစ်တည်ခွင့်ကို
ရရန်ကြိုးစား၊ လမ်းမမှားဖို့
မင်းရိုးသားပါ ညီငယ်လေး။

လွမ်းရိပ်ဝေ(TU-မုံရွာ)

## တောပန်းကလေး

☆ တောပန်းလေး တောပန်းလေး
ပညာသင်တဲ့ တောပန်းလေး
တွေးရေးရွတ်ဖတ်စာတွေအံ
တောပန်းကလေးအသံညံ။
☆ မှန်ကန်လှသော ရည်ရွယ်ရပ်
တောပန်းကလေးသူ့ချမှတ်
စာကျက်နေတဲ့ သူ့သဏ္ဌာန်
အနာဂတ်ရဲ့ အောင်ပန်းပန်။
☆ ခေါင်နန်းစံမယ့် သူ့စိတ်ထား
ကျေးလက်ကျောင်းကို မှန်မှန်သွား
ရိုးသားကြိုးစား စိတ်ထားဖြူ
စာရိတ္တကောင်းသူ။
☆ သူချမှတ်တဲ့ရည်ရွယ်ချက်
ကျေးလက်ဒေသလိုအပ်ချက်
သူ့ရဲ့လက်နဲ့အသက်ကယ်
ဆရာဝန်မကြီးလုပ်မယ်ကွယ်။
☆ ဖြစ်လာမယ်ယုံကြည်လျက်
တောပန်းကလေး စာတွေကျက်။

ဇာနည်အောင်(မန္တလေး)

## ပညာရဲတောက် ပွဲလယ်ရောက်

၈ ၁ ၈ သင် ပြုံးရွှင်ရွှင်နဲ့
မှန်ပင်ထွန်းပေါက် ဆင့်ဆင့်ရောက်၍
လမ်းဖောက်ထွင်းကာ ပညာရှာမှ
လိုရာခရီး တည်ဆောက်ပြီး၏။
ပညာတန်ခိုး ဆထက်ပိုးလို့
ကောင်းကျိုးပေးမယ် များလူငယ်တို့
ပညာရဲတောက် ပွဲလယ်ရောက်၏။

ဘုဏ်းနွယ်(ဟသ်ာမြေ)

